www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

❖ ❖ ❖

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွား ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

❖ ❖ ❖

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မောင်သာပြည့်

# ရက်စွဲလွန်မျက်ရည်စက်များ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ❖ ၄၈၅/၂၀၀၄ (၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ❖ ၉၅၇/၂၀၀၄ (၉)

❋ထုတ်ဝေသူ❋

ဦးသန်းနိုင်(မြတ်သူစံဝါးခယ်မ)၊ (မြဲ-၀၃၉၉၄)
ပုတ္တတူလေးစာအုပ်တိုက်၊ အခန်း(၂၀၃)
တိုက်-၂၆၊ ဂလမ်း B၊ ယုဇနဥယျာဉ်မြို့တော်၊
ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်။

❋မျက်နှာဖုံးပုံနှိပ်တိုက်❋

ဒေါ်အေးအေးခိုင်၊ စိန်ကြယ်ပုံနှိပ်တိုက်(၀၃၈၈၅)
အမှတ်-၅၂၊ လမ်း-၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

❋အတွင်းပုံနှိပ်သူ❋

ဦးမောင်မောင်လွင်(၀၂၃၅၀)၊ ကဝိရတနာပုံနှိပ်တိုက်
အမှတ်-၂၀၄၊ လမ်း-၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

| | | |
|---|---|---|
| အဖုံးနှင့် ရေခံပန်းချီ | ❖ | မမွေး |
| ကွန်ပျူတာစာစီ | ❖ | နရဏီ (☎ ၂၈၁၄၃၈) |
| ပုံနှိပ်ခြင်း | ❖ | ပထမအကြိမ် |
| ထုတ်ဝေသည့်လ | ❖ | ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ |
| အုပ်ရေ | ❖ | ၁၀၀၀ |
| တန်ဖိုး | ❖ | ၅၀ ကျပ် |
| ဖြန့်ချိရေး | ❖ | မြတ်မြတ်ချောစာပေ |
| အထက်မြန်မာပြည်ဖြန့်ချိရေး | ❖ | နဂါးစာပေ |

# အပိုင်း-တစ်

www.burmeseclassic.com

www.burmeseclassic.com



[၁]

ဝန်ထုပ်ဝန်ပိုးနှင့်လမ်းကို ဖြတ်ကူးမိသည်ကိုက မိမိ၏ များ။ ဘရိတ်နင်းဖိသံနှင့်အတူ လက်ထဲမှ အထုပ်အပိုးများ တ်ကျခြင်းသည်လည်း ကားမောင်းသူကို အပြစ်ဆိုစရာမရှိ။

ကားက လူကိုဝင်တိုက်မှု မဖြစ်ဘဲ လူကကားကိုဝင်တိုက် င်းသည် မိမိ၏နမော်နမဲ့နိုင်မှုများသာဖြစ်သည်။

"လူ ဘာမှမဖြစ်ဘူးနော်၊ ခင်ဗျား ဝန်ထုပ်ဝန်ပိုးနဲ့ လမ်းကို ဖြတ်ကူးတာ ကျွန်တော်က အသေအချာ မြင်ထားတာ၊ ကားကို ဘရိတ်အုပ်ပြီး အချိန်မီရပ် လိုက်နိုင်တာတောင် ခင်ဗျားက ကားကို ဝင်တိုက် ဖြစ်အောင် တိုက်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



လူက မိမိအရွယ်ပါပဲ။

ပြောလည်းပြောပြီး လွတ်ကျသွားသည့် အိတ်နှစ်အိတ်ကိုလည်း ကောက်ယူပေးသည်။

"ကျွန်မ တောင်းပန်ပါတယ်၊ ရှင်သာ မဆင်မခြင် မောင်းရင် ကျွန်မ အိမ်ပြန်ပြီး ရေမိုးတောင်ချိုး နိုင်မှာမဟုတ်ဘူး"

"အမိပ္ပါယ်က"

"ကားတိုက်လို့သေပြီး သင်္ချိုင်းရောက်မှာကို ပြောတာ ရှင့်"

"ကြဲကြဲဖန်ဖန်ဗျာ"

"နွဲ့လေးတင်" သူ့မျက်နှာကို ဇွတ်ကနဲ ကြည့်သည်။

သူ၏ရှင်းသန့်သောအပြုံးမှာ ရည်မွန်မှုများပါနေသည်။ မျက်နှာပေါက်မျက်နှာကျနှင့် ဥပမိရုပ်၏ အနေအထားသည် လျှော့တွက်၍မရသော အဝန်းအဝိုင်းက ဖြစ်ဟန်တူပါ၏။ နောက်ပြီး သူကိုယ်တိုင်မောင်းနှင်လာသည့် ကားအကွရာ၏ နံပါတ် မြင့်မားမှု။ မိန်းမတစ်ယောက်၏မှတ်ဉာဏ်တွင် အားလုံးကို ချက်ချင်း လေ့လာသုံးသပ်ပြီး ဖြစ်ပါ၏။

"ဘယ်သွားမှာလဲ"





"ပြန်မှာပေါ့"

"ဟုတ်ပြီလေ၊ ဘယ်ကိုပြန်မှာလဲဆိုတာကို မေးချင်တာပါ၊ ကိုယ့်ကားနဲ့မတိုက်မိပေမဲ့ ကိုယ့်ကားကြောင့် ထိတ်ထိတ်လန့်လန့်ဖြစ်ပြီး တောင်းမှောက်ပလုံးမှောက်ရတာ ကျွန်တော့်မှာ တာဝန်ရှိတယ်မဟုတ်လား၊ ဒါကြောင့်မို့ လိုက်ပို့ဖို့မေးတာပါ"

"မလိုဘူး ရတယ်၊ ရတယ်၊ ရှင်က ဝင်တိုက်ရင်တော့ တစ်မျိုးပေါ့၊ ခုဟာက ကျွန်မက ဝင်တိုက်တာပဲ" စကားကို အချိန်ဆွဲနေလို့မဖြစ်။

နွဲ့လေးတင်က သူ့လက်ထဲမှ အထုပ်နှစ်ထုပ်ကိုဆွဲယူသည်။ လမ်းမတော်သိမ်ဈေးဆိုသည်ကလည်း အမိကအချက်အချာကျသည့်နေရာ။ လူတစ်ချို့ပင် လမ်းသွားရင်းရပ်ကြည့်သလို ဖြစ်လာ၏။

"ရှင်သွားတော့နော်၊ ပြောဖော်ရတာ ကျေးဇူးတင်ပါတယ်၊ စေတနာတွေပိုပြီး အတင်းလိုက်ပို့ဖို့ကိုလည်း ရှင် မကြိုးစားပါနဲ့၊ ကျွန်မသိက္ခာကို ထိန်းသိမ်းပေးတဲ့သဘောနဲ့ ရှင့်ကားကို မောင်းထွက်သွားပါ၊ ဒါ ကျွန်မကို ကူညီခြင်းတစ်မျိုးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းကို အသာညိတ်ပြီး ကားဆီ ပြန်လျှောက်သွားသည်။ ဘီးလိမ့်ထွက်တော့ သူက လက်ကိုပင် ပြသွားချေသေး၏။

အိမ်ရောက်တော့ အဖြစ်ပျက်အားလုံးကို နွဲ့လေးတင်က အမေ့ကို ပြောပြသည်။

"ကံကြီးလို့ပေါ့ သမီးရယ်၊ တိုက်များတိုက်မိရင် ဒုက္ခ"

"အမှန်ပဲအမေ၊ နောက်ပြီး ဒီနေ့မှ ပစ္စည်းက ပို ဝယ်လိုက်မိတယ်"

"ကောင်လေးကို ကျေးဇူးတင်စကား မပြောလိုက်ဘူးလား"

"ပြောစရာလား အမေရဲ့"

အမေ၏ရိုးသားခြင်းက သည်လိုဖြစ်သည်။

အမေသည် အရာရာကိုလည်း အကောင်းမြင်ဝါဒနှင့် ကြည့်တတ်၏။

သည့်နောက် နွဲ့လေးတင်က အမေကို ဝိုင်းဝန်းကူလုပ်ပေးရင်း စကားလမ်းကြောင်း ပြတ်သွားသည်။ ညဘက် စာကျက်တော့ အတွေးမှာ ကားနှင့်ပုဂ္ဂိုလ်လေးက အလိုလိုရောက်လာ၏။





နွဲ့လေးတင် သူ့ကို သတိအထားမိဆုံးတစ်ခုက ... ပြုံးလိုက်ရင်ပေါ်လာသည့် ဘယ်ဘက်သွားစွယ်လေး တစ်ခု။

ဒါပါပဲလေ ...

သည့်ထက်ပိုပြီး သိစရာ၊ သတိရစရာအကြောင်းလည်း မရှိပါဘူး။

နောက်ပြီး ...

သူ ဘယ်အရပ် ဘယ်ဒေသကမှန်းလည်း မသိ။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



[၂]

မျက်နှာသုံးခုကို အဝေးကပင် လှမ်းမြင်သည်။

ခြေလှမ်း တုန့်ဆိုင်းဆိုင်းဖြစ်သွားသော်လည်း နောက်ကြောင်းပြန်လှည့်ဖို့ကိုတော့ နွဲ့လေးတင် မစဉ်းစား။ စိတ်နှင့်အတူ မျက်နှာထားကိုလည်း တင်းပစ်လိုက်သည်။

ရက်တွက်ကြည့်ရင်တော့ သုံးရက်မြောက်သည့်နေ့။

သည်မီးကင်းထဲမှာ ရပ်လျက်တစ်မျိုး၊ ထိုင်လျက် တစ်မျိုး မိမိအလာကိုစောင့်ပြီး နှောင့်ယှက်သည်ကတော့ လွန်းလွန်ပြီဟု နွဲ့လေးတင် ထင်သည်။





ကျောင်းသို့အသွားအပြန်လမ်းကလည်း သည်နေရာကိုရှောင်၍ မရ။ လူအသွားအလာကြဲရသည့်အထဲ ဘောလုံးကွင်းကလည်း ရှိနေသေးသည်။

နေရာက ကိုယ်ပိုင်ကားများသာ အသွားအလာရှိသည့်နေရာ။ သူဌေးရပ်ကွက်ဟု ခေါ်တွင်သည့် ဆိတ်ငြိမ်ရပ်ကွက်၏တစ်ဖက်ရပ်ကွက်မှာနေသည့် နွဲ့လေးတင်အတွက် ကျောင်းလာတိုင်း သည်နေရာသည်လမ်းကို ဖြတ်သန်းရနေကျ။

မျက်နှာထားကို တင်းနိုင်သမျှတင်းပြီး ခြေလှမ်းကို မှန်မှန်နှင့် လျှောက်သည်။ ကင်းတဲလေးကို လွန်အမြောက်တွင်...

"နွဲ့လေးတင်"

ဘုရား...၊ဘုရား... နာမည်ကိုတောင် သိနေကြပါလား၊ သည်မျက်နှာသုံးခုကို နှစ်ရက်သုံးရက်အတွင်းမှာ မြင်ဖူးသည်ကလွဲ၍ နွဲ့လေးတင် မသိပါ။ မကျွမ်းပါ။ ပုံစံမကျသည့် ဝတ်စားဆင်ယင်မှုကြောင့် စမြင်သည့်နေ့ကပင် အလိုလို ရွံရှာမုန်းတီးခဲ့၏။

"နွဲ့လေးတင်"

သည်အခါ အခေါ်ကတော့နည်းနည်းကြမ်းတမ်းသည်။ မသိချင်ယောင်ဆောင်ပြီး ဆက်သွားနေလို့ကတော့ တစ်နွဲ့တင်တည်း နွဲ့လေးတင်ပြီး အနားသို့ကပ်ပါလာနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သင်းတို့ နံဘေးမှာလိုက်ပြီး စကားတဖွဖွ ပြောဆိုမှုကိုလည် သူမ လုံးဝ လက်မခံနိုင်။

ထို့ကြောင့် လှမ်းနေသည့်ခြေလှမ်းကို တုန့်ကနဲရပ်လိုက်ပြ နွဲ့လေးတင်နောက်သို့ ဆတ်ကနဲ ကြည့်ပစ်လိုက်၏။

"ဘာလဲ၊ ဘာလို့ နာမည်ကို ခေါ်ရတာလဲ"

"နာမည်ဆိုတာ ခေါ်ဖို့ မှည့်ထားကြတာပဲဟာ နာမည်ခေါ်တာကို စိတ်ဆိုးဖို့ မလိုပါဘူး"

အရပ်က မနိမ့်မမြင့်။ ဆံပင်ကတော့ ဆံရှည်ကိုယ်တော် ဝတ်ထားသည့် အကျီ၏ ရင်ဘတ်မှာ နိုင်ငံခြားမင်းသားနှင့် မင် သမီးနမ်းနေသည့် စတစ်ကာပုံ။

သူ့နံဘေးကိုမျက်လုံးတစ်ဝေ့ကြည့်တော့ ပိန်ပိန်ရှည်ရှည် ကောင်နှစ်ကောင်။ ရုပ်ရည်ကတော့ ဘယ်လိုမှ ကျက်သရေမရှိ

"အေး...နာမည်ဆိုတာ ခေါ်ဖို့မှည့်ထားပေမယ့် ငါ့နာမည်ကို နင်တို့ ခေါ်ဖို့ မလိုဘူး"

"စကားပြော သိမ်မွေ့စမ်းပါ နွဲ့လေးတင်"

"အံမာ...ကြီးကျယ်လိုက်တာ၊ သိမ်မွေ့ရအောင် နင်တို့က ဘာကောင်တွေမို့လို့လဲ"

"တို့ပြောတာကို နားထောင်စမ်းပါ"

"မကြားချင်ဘူး"





နွဲ့လေးတင် လှည့်ထွက်မည်အပြု ပိန်ရှည်ရှည်နှစ်ကောင် က လမ်းကို ပိတ်ထားသည့်သဘောဖြင့် မခိုးမခန့် ရပ်နေ၏။

"မကြားချင်လို့ မရဘူးလေ၊ တို့ရင်ထဲက အချစ်နဲ့ ပတ်သက်တဲ့ ရင်ခုန်သံတွေကို နွဲ့လေးတင် ကြားမှ ဖြစ်မယ်"

ဒေါသက ကြွတက်လာ၏။

မျက်နှာကို စူးစူးရဲရဲကြည့်တော့ ပမာမခန့် အပြုံးကိုပင် ထပ်မံ တွေ့လိုက်ရသည်။

"သေသေချာချာ နားထောင်ပါ တို့ နွဲ့လေးတင်ကို ချစ်တယ်"

"ဟင်..ခွေး...ခွေးသား၊ နင်က လူပါးဝလို့"

နွဲ့လေးတင်လက် လေထဲ အမြောက်တွင် လက်ကို ဆုပ် ကိုင်ခြင်း ခံလိုက်ရပါ၏။

"လွှတ်...လွှတ်စမ်း၊ ငါ့လက်ကိုလွှတ်စမ်း"

"လွှတ်ပါ့မယ်လေ၊ ဒါပေမဲ့ ရင်ထဲကစကားတွေကို တော့ ဆုံးအောင်နားထောင်ရလိမ့်မယ်"

"ဟုတ်တာပေါ့ နွဲ့လေးတင်၊ တို့သူငယ်ချင်းရဲ့ ရင်ဖွင့်သံကိုတော့ နင်စိတ်ရှည်ရှည် နားထောင်ရ မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာပိတ်ရပ်နေသည့် နှစ်ယောက်အနက် တစ်ယောက်၏အသံ။ ဒေါသ အထွတ်အထိပ်ရောက်မှုနှင့်အတူ နွဲ့လေးတင်လက်ကို ဆောင့်အရုန်းတွင်...

☆ ☆ ☆

နံဘေးသို့ ကားတစ်စီးထိုးရပ်လာသည်။

ရုန်းရင်းဆန်ခတ် အခြေအနေ ရပ်တန့်သွားပြီး မျက်နှာအားလုံး ကားဆီသို့အရောက်တွင် လူငယ်တစ်ဦး ကားတံခါးဖွင့်ပြီး အေးဆေးညင်သာစွာ ဆင်းလာ၏။

ကားပေါ်မှ ဆင်းလာသည့် လူငယ်၏ မျက်နှာကို နွဲ့လေးတင် အံ့အားတသင့် ကြည့်နေဆဲမှာပင်...

"ဘာဖြစ်ကြတာလဲဗျာ၊ လမ်းလယ်ခေါင်မှာဆွဲလားရမ်းလားနဲ့"

"ဟော့ကောင်...မင်းနဲ့ဘာမှ မဆိုင်ဘူး၊ မင်းလမ်းမင်း သွားစမ်း"

အခြေအနေကောင်းကို နွဲ့လေးတင်လက်လွတ်မခံ၊ ပခုံးမှလျောကျနေသည့် ကျောင်းလွယ်အိတ်ကို ပခုံးပေါ်ပြန်တင်ပြီး နွဲ့လေးတင်က လူငယ်ထံပါးသို့ အပြေးကလေးသွားသည်။





"သူတို့ လူရမ်းကားတွေ တို့ကို နှောင့်ယှက် စော်ကားနေတာ ကူညီပါနော်၊ တို့ကို ကူညီပါ"

မာန်နှင့်သတ္တိရှိသော်လည်း သဘာဝခြင်းမတူသည့်သည်ယောကျ်ားသုံးဦး၏ အပြုအမူကိုတော့ နွဲ့လေးတင် ရိုးရိမ်၏။

"သူ့လမ်းသူသွားပါစေကွာ၊ မိန်းကလေးတစ်ယောက်ကို သည်လို နိုင့်ထက်စီးနင်း ပြုမူတာတော့ ဘယ်ကောင်းမလဲ"

"ဟော့ကောင်... မင်းက ဘာကောင်လဲ"

"လူကောင်ပါ"

"ဒီမယ် ကိုယ့်လူ၊ ရုပ်ရှင်တွေ ဝတ္ထုတွေထဲမှာသာ မင်းလူစွမ်းကောင်း ဖြစ်ချင်ဖြစ်မယ်၊ အပြင်မှာတော့ ဆောရီးပဲ"

လျှပ်တစ်ပြက် လှုပ်ရှားမှုများ ရုတ်တရက် ဖြစ်ပေါ်လာ၏။ သူတို့၏ တိုက်ခိုက်မှုများက ပြင်းပြင်းထန်ထန်။

တစ်ဖက်သတ် ထိုးကြိတ်မှုများနှင့် နွဲ့လေးတင်၏ 'အမလေး' ဆိုသည့် အော်သံနှင့်အတူ...

"ခွပ်"

တုတ်တစ်ချောင်း၏ ရိုက်အား။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမှာသွေးစများဖြာသွားပြီး သူ လဲအကျတွင် သူ့ရဲ ကောင်းသုံးဦးက တစ်ယောက်နှင့်တစ်ယောက်အချက်ပေးပြီး ထွက်ပြေးပါတော့၏။

"ဒုက္ခ၊ သွေးတွေကလည်း မနည်းဘူး၊ ခေါင်းများ ကွဲသွားပြီလား မသိဘူး"

နံဘေးမှာ နွဲ့လေးတင် အသာထိုင်ချလိုက်သည်။ မကိုင်ရဲ မတွယ်ရဲဟန်ကိုကြည့်ပြီး သူက ခပ်ယဲ့ယဲ့ကလေးပြုံး၏။

"ခေါင်းတော့ မကွဲပါဘူး၊ ခေါင်းပေါက်သွားတာ နေမှာပါ"

"ဖြစ်မှဖြစ်ရလေဟယ်၊ သူတို့ သူ့ကို တုတ်နဲ့ရိုက်ဖို့ အရွယ်မှာ နွဲ့တင် သူတို့ကိုဝင်ပြီး နှဘန်းလုံးသင့်တာပါ"

"ဘယ်ကောင်းမလဲ"

"မကောင်းတာတော့ မကောင်းဘူးပေါ့၊ ကိုယ့်အတွက် မတရားခံနေရတာ ဝင်ပြီးကူသင့်ပါတယ်၊ အရိုးသားဆုံး ဝန်ခံရရင် တို့ကြောက်နေတာ အမှန်ပါပဲ"





သူကခေါင်းမှ စီးကျလာသည့် သွေးများကိုလက်နှင့်သပ်သည်။ နွဲ့လေးတင်သည်အတိုင်း ကြည့်နေနိုင်စွမ်း မရှိတော့။ ချင်းလွယ်အိတ်ထဲမှ လက်ကိုင်ပုဝါကိုထုတ်ပြီး သွေးများကို တ်ပေးသည်။

"နည်းနည်းလေး ပေါက်သွားတာပါ"

"စိတ်မကောင်းပါဘူး"

"မေ့လိုက်ပါလေ"

"သွေးထွက်နေသေးတယ်"

"အိမ်ကျဆေးထည့်လိုက်ရင် ပြီးသွားမှာပါ"

"နွဲ့တင် ဘာလုပ်ပေးရမလဲဟင်"

သူက မျက်နှာကို စေ့စေ့ရဲရဲလေးကြည့်၏။

"နာမည်က နွဲ့တင်တဲ့လား"

"နွဲ့လေးတင်ပါ၊ ဒါပေမဲ့ အားလုံးက နွဲ့တင်လို့ပဲ ခေါ်ကြတယ်"

"တို့နာမည်ကို မေးပါဦး"

နွဲ့လေးတင် ခပ်ပွင့်ပွင့်ကလေး ပြုံးသည်။

စာစာက ကြောက်လန့်စိတ်တွေပင်ဘယ်ရောက်ကုန် သိ။



www.burmeseclassic.com

www.burmeseclassic.com



"သိချင်တယ်လေ၊ မေးဖို့ ခက်နေလို့ပါ"

"ကိုကိုလွင်၊ ကိုလွင်လို့လည်း ခေါ်လို့ရတယ်"

"ဆုံကြ ကြုံကြရင်တော့ ကိုလွင်လို့ ခေါ်ပါ့မယ်"

"တကယ်နော်"

သူက ပြောပြီး အသာမတ်တပ်ရပ်တော့ နွဲ့လေးတင်ကပါ ရောယောင်ပြီးထသည်။

"ကျောင်းသွားမလို့လား"

နွဲ့လေးတင် ခေါင်းကိုအသာညိတ်၏။

"ဒါဖြင့် သွားတော့လေ၊ တို့က လိုက်ပို့မယ်လို့ ပြောလည်း နွဲ့လေးတင်က ခေါင်းခါမှာပါ၊ ကဲ...နွဲ့လေးတင် သွားတော့"

နွဲ့လေးတင်က မျက်လုံးဝိုင်းလေးနှင့် ကိုကိုလွင်ကို ကြည့်နေမိပါ၏။ ဟုတ်ပါတယ်လေ၊ ကိုကိုလွင် ပြောသလိုပဲ၊

လိုက်ပို့မယ်ဆိုရင်တောင်...

သူနဲ့အတူ နွဲ့လေးတင် ကားမစီးဝံ့ပါဘူး။

☆ ☆ ☆





[၃]

"သမီးရယ်၊ ဈေးနှုန်းကို ထပ်မြှင့်ပြီး ရောင်းရတော့ လာစားတဲ့သူတွေကို အားတောင်နာတယ်"

အိုးခွက်တွေကို ဆေးကြောနေရာမှ နွဲ့လေးတင်က အမေ့ကို လှမ်းကြည့်သည်။

"အားလုံးက သဘောပေါက်ကြတယ် အမေ"

"အေးလေ၊ အဲဒါကို ဝမ်းသာနေရတာ၊ အားလုံးက တော့အပြုံးမပျက်ပါဘူး၊ ဒေါ်ချစ်တင်ရောင်းမြှင့်သင့် တာ ကြာပြီလို့တောင် ပြောကြပါတယ်"

အိမ်ရှေ့မှာ ဝါးမနိုကာရံပြီး ဖွင့်လှစ်သည့် ထမင်းကြော် ဆိုင်ကလေး၏ ရောင်းအားက သေးကွေးသည်မဟုတ်။ အမေ ၏ထမင်းချက် ဟင်းချက်ကောင်းသည့် လက်ရာနှင့် စေတနာပါ သော ဖေါ်ရွေပျူငှာမှုများက မိတ်အင်အားကို တိုးပွားသည်ထက် တိုးပွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကို နံနက် ငါးနာရီမှ စတင်ဖွင့်ပြီး နံနက်ရှစ်နာရီ ဝန်းကျင်မှာ ရောင်းအားပြတ်သည်။ ရောင်းကောင်းနေတာပဲ ဆန်ကို ပိုချက်လိုက်ပါလား အမေဟု နွဲ့လေးတင်ပြောတော့...

"အမေသိတာပေါ့ကွယ်၊ ဒါပေမယ့် လူ့စိတ်ဆိုတာက မလောက်မငှ ပြတ်ပြတ်တောက်တောက်မှ လိုလိုလားလားရှိကြတာ၊ ရှစ်နာရီကျော်ရင် ဒေါ်ချစ်တင် ထမင်းကြော်ဆိုင်က စိတ်မချရဘူးဆိုတဲ့ ပြောဂုဏ်ကို အမေလိုချင်တာ၊ ပြီးတော့ အမေတို့မှာ ပြေးကြည့်မှ သည်အမေ သည်သမီးပဲ ရှိတာကွယ်၊ လောဘ အရမ်းတက်စရာ မလိုပါဘူး"

အမေ့မှာ မျှတသောအတွေး အစဉ် ထာဝရ ရှိသည်။ နောက်ပြီး ဈေးရောင်းဈေးဝယ်နှင့်ပတ်သက်၍လည်း အမေက ပညာသားပါသည်။

ဆိုင်ဖွင့်စက...

ထမင်းကြော်တွေ ဟင်းတွေ ဘယ်ကုန်လိမ့်မလဲ။

သို့သော်လည်း အမေသည် သူ့ထမင်းကြော်ဆိုင်ကို ရောင်း၍ ကုန်ကုန် မကုန်ကုန် နံနက်ရှစ်နာရီမှာ အရောင်းကိုရပ်ပစ်လိုက်၏။ ဟင်းနှင့်ထမင်းများကို သိမ်းဆည်းပြီး အိမ်ထဲ သွင်းလိုက်သည်။ လာစားသူများရောက်လာလျှင် ကုန်သွား





ပါပြီရှင်၊ နောက်နေ့မှ လာအားပေးပါနော်ဆိုသည့် အမေ့စကား။

နောက်တော့....

အမေ့ထမင်းကြော်ဆိုင်သည် တကယ်ပင် ရှစ်နာရီဆို ရောင်းအားပြတ်ပါတော့၏။

"နေ့လယ် ဈေးသွားဝယ်ရင်လည်း သတိထားသွားပါအမေရယ်၊ ကားတွေက တစ်နေ့တစ်ခြား များလာလိုက်တာများ"

"အမေ့ကို ကလေးများ အောက်မေ့နေလို့လား ညည်းသာ ဈေးဝယ်သွားရင် ကားမမြင်လမ်းမမြင်နဲ့"

တစ်ခါက ကားကို မိမိဝင်တိုက်သည်ကို ရည်ရွယ်ပြီး ပြောသည်ကို နွဲ့လေးတင် သိ၏။ ကျောင်းတစ်ဖက်နှင့်မို့ နေ့စဉ်အမေနှင့် ဈေးမလိုက်နိုင်သော်လည်း ကျောင်းပိတ်ရက် နှစ်ရက်မှာတော့ နွဲ့လေးတင် ဈေးသွားပေးခဲ့ပါ၏။

"ဒီတစ်ခါ ငါးရှဉ့်ကို တစ်ပိသာခွဲလောက်ဝယ်မှ"

"ဟုတ်တယ်၊ အမေ့ကို နွဲ့တင်ပြောမလို့ပဲ၊ ငါးရှဉ့်ကို လူကြိုက် တော်တော်များတယ်နော်"

"လူနဲ့တည့်တယ် သမီးရဲ့၊ ဘာပဲဖြစ်ဖြစ် ဈေးသည်ဆိုတာ ကိုယ့်ဖောက်သည်ရဲ့ အကြိုက်ကိုလုပ်ဘတ်ရတယ်၊ သိတတ်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



အိုးခွက်များဆေးပြီး နေသားတကျ ဖြစ်အောင်ထား သည်။ သည့်နောက်ဖယ်မည့် အသားငါးအတွက် စာရင်းကို အမေနှင့်အတူ ရေးမှတ်သည်။

အားလုံးကိစ္စပြီးမှ နွဲ့လေးတင် ကျောင်းသွားရန် ပြင် ဆင်ရပါ၏။

☆ ☆ ☆

"နွဲ့တင်"

ဓားတိုးခေါ်ကတည်းက စန္ဒီမှာ ပြောစရာ စကားတွေရှိ နေပြီကို နွဲ့လေးတင် သိ၏။

"ဘာပြောမလို့လဲ"

"ဆယ်တန်းဘီက ရဲနိုင်ကို သိတယ်မို့လား"

"ဆောင့်ကြွားကြွား ပုံစံနဲ့ ကောင်မို့လား"

"သဘောကောင်းပါတယ်"

"သဘောကောင်းတာတွေ မကောင်းတာတွေကို ငါ စိတ်မဝင်စားဘူး စန္ဒီ၊ နင်ပြောမဲ့ စကားကိုသာပြော စမ်း"

"ငါ့ကို စာလိုက်ပေးတယ်ဟယ်"





သည်စကားအပေါ်မှာတော့ နွဲ့လေးတင် မျက်လုံးပြူး သွား၏။ ခုံချင်းကပ်ထိုင်ထားသည်မို့ သူတို့တိုးတိုး စကားကို အားလူတွေမကြား။

"နင့်က ပါးဆွဲရိုက်ပစ်ပါလား"

"လွယ်အိတ်ထဲထည့်တာ"

"ဆရာမကြီးကို စာပြပြီးတိုင်၊ ဒါမှ တစ်ခါတည်း ကျောင်းအထုတ်ခံရမှာ"

စန္ဒီ ခပ်မဆိတ်နေသည်။ သည်လိုနေခြင်းကို နွဲ့လေး တင် သဘောပေါက်လိုက်၏။

"ဘာလဲ စန္ဒီ၊ ရဲနိုင် စာပေးတာကို နင်ကျေနပ်နေ သလား၊ ဒီကောင့်ကို မုန်းရင် နင်ဒုက္ခရောက်မှာပဲ၊ ပြီးတော့ နင်တို့ငါတို့မှာ ဒါတွေ စိတ်ဝင်စားဖို့ မလို သေးပါဘူး စန္ဒီရာ၊ ဒီနှစ်ဆယ်တန်းကို နင်ကော ငါကော အောင်မှ ဖြစ်မှာ၊ စာသင်နှစ်စကတည်းက ကြိုးစားမှ ဖြစ်မှာ"

"ငါ သူရေးတဲ့စာကို ဖတ်ကြည့်တယ်၊ ငါ့အချစ်ကို မှ မရရင် သူ့ဘဝဟာ ရှင်လျက်နဲ့ သေရတဲ့သူလို ဖြစ်မှာပါတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်...လေကလည်း ကျယ်လိုက်တာ၊ သေလိုက်ဆယ်ခါပြန် သေလိုက်လို့ နင်က ပြောလိုက်ပါလား"

သည့်နောက် နွဲ့လေးတင်က စန္ဒီ့စကားကို မေတ်ဝင်စား ဟန်မပြဘဲ ခုံကိုဖွင့်ပြီး ကျောင်းစာအုပ်ကို ထုတ်ယူသည်။ စာမျက်နှာများကို အလှန်တွင်...

"ဆရာမ...ဆရာမကြီးက ရုံးခန်းကို ခေါ်လာပါဦးတဲ့"

ကျောင်းစာရေး ကိုဟံမြင့်က အတန်းပိုင်ဆရာမကို လာခေါ်သည်။ ဘာများပါလိမ့်ဆိုသည့် အတွေးများနှင့် အားလုံးက ဆရာမ မျက်နှာကို လှမ်းကြည့်ကြ၏။

☆ ☆ ☆

ခေတ္တခဏသာ ကြာပါမည်။

ဆရာမ ရုံးခန်းမှ ပြန်လာသောအခါ နံဘေးမှာ ကျောင်းသားသစ်တစ်ဦး ပါလာ၏။

"နားထောင်ကြစမ်း"

ဆရာမအသံကြောင့် ကျောင်းစာငုံ့ရေးနေရာမှ နွဲ့လေးတင် ခေါင်းကို အသာလေးမော့လိုက်သည်။





"ဟင်...ကိုကိုလွင်"

နွဲ့လေးတင် ရင်မှ သိမ့်သိမ့်ကလေး ဖြစ်သွားရပါ၏။ ကိုကိုလွင်ကတော့ ဆရာမနံဘေးမှာ ရပ်လျက်ရှိပြီး ခေါင်းကို ငုံ့ထားသည်။

"ဟောဒါ ဆရာမတို့ကျောင်းကို နယ်က ပြောင်းလာတဲ့ ကျောင်းသားသစ်၊ နာမည်က ကိုကိုလွင်လို့ ခေါ်တယ်"

အားလုံး၏ အကြည့်များသည် ကိုကိုလွင် မျက်နှာဆီသို့ ရောက်နေ၏။

"ကိုယ့်မြို့ကိုယ့်ရွာ၊ ကိုယ့်ကျောင်းကိုယ့်အခန်းကို ရောက်လာတဲ့ ကျောင်းသားသစ်ကို ကူညီရမယ်၊ ရိုင်းပင်းရမယ်၊ ကြားကြရဲ့လား"

"ကြားပါတယ် ဆရာမ"

"သိကော သိကြရဲ့လား"

"သိပါတယ် ဆရာမ"

အသံများထဲတွင် အောင်ဖုန်း အသံက အကျယ်ဆုံး၊ ဆရာမက အောင်ဖုန်းဆီသို့ မျက်လုံးဝေ့ဝဲလိုက်ပြီး...

"အောင်ဖုန်း မင်းဘေးက ခုံလွတ်တယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာမ"

"ကဲ...မောင်ကိုကိုလွင်ကို မင်းလာခေါ်၊ လိုအပ်တာတွေကို မင်းက အနီးကပ်ကူညီ"

အောင်ဖုန်းထိုင်ရာမှ ခပ်သွက်သွက်ကလေး ထသည်။ ထိုသည့်အခါမှ ကိုကိုလွင်၏မျက်နှာ ငုံ့ရာမှ မော့လာပါ၏။ ပြီး စာသင်ခန်း တစ်ခုလုံးကို ကိုကိုလွင်က မျက်လုံး ဝေ့ကြည့်သည်။

နွဲ့လေးတင်နှင့် အကြည့်ချင်း ဆုံသွားပါ၏။

နွဲ့လေးတင်၏ ခပ်လဲ့လဲ့ အပြုံးကြောင့် ကိုကိုလွင်မျက်နှာမှာ ဝမ်းသာအားရဟန်များ အထင်းသားပေါ်သည်။

အို... နွဲ့လေးတင် ရင်မှာ ပျော်သလိုပါပဲလေ။

☆ ☆ ☆





[၄]

ကိုကိုလွင် ကျောင်းကိုလာလျှင် အားလုံးက အငေးသားကြည့်ကြပါ၏။ ကိုကိုလွင်၏ ထောင်မောင်းသောအရပ်၊ ခြည်သော အသားရေ၊ မျက်ခုံးနှစ်ခုဆက်လုနီးပါး ကောင်းနှန်သော မျက်ခုံးကလည်း ကိုကိုလွင်၏ ယောကျ်ားပီသမှုကို ခန့်ညားစေပါ၏။

ပြီးတော့...

ကျောင်းသွားကျောင်းပြန်စီးသည့် အဖိုးထိုက်တန်သည့်နောက်ဆုံးပေါ်ကားကြီး။ ဒါတွေအားလုံးသည် ကိုကိုလွင်၏ ဂုဏ်သတင်းများ ဖြစ်ပါသည်။

ကျောင်းအပေါ်ထပ်သို့ ခြေလှမ်းမှန်မှန်နှင့်တက်လာသည့် ကိုကိုလွင်ကို နွဲ့လေးတင် ကော်ရစ်ဒါမှ အငေးသား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေပါ၏။ အပေါ်ရောက်တော့ နွဲ့လေးတင်ကို ကိုကိုလွင် မြင်သည်။

"ကျောင်းအစောကြီး ရောက်နှင့်နေပါလား နွဲ့တင်"

"ဟုတ်တယ်ကိုလွင်၊ အိမ်ကိစ္စတွေပြီးလို့ ကျောင်းကို စောစောလေး ထွက်လာခဲ့တာ"

ကိုတစ်လုံးဖြုတ်ပြီး ကိုလွင်ဟု ခေါ်သည်ကို ကိုကိုလွင်က ကျေနပ်ဟန်ရှိပါသည်။ ဒီအခေါ်ကတော့ နွဲ့လေးတင် အတွက် ထူးခြားခြင်းမရှိပါ။ ကိုကိုလွင်နှင့်စတင်သိကျွမ်းစဉ်ကပင်ကိုလွင် သုံးစွဲခွင့်ကို ကိုကိုလွင်က ပေးခဲ့သလို နွဲ့တင် ဆိုသည့် သုံးစွဲခွင့်ကိုလည်း နွဲ့လေးတင်က ကိုကိုလွင်ကို ပေးခဲ့ပြီး ဖြစ်သည်။

'ခဏနော် နွဲ့တင်'ဟုဆိုပြီး ကိုကိုလွင် အခန်းထဲဝင်သွားသည်။ ကျောင်းလွယ်အိတ်ထားခဲ့ပြီး နွဲ့လေးတင်ဆီသို့ ပြန်လျှောက်လာ၏။ နွဲ့လေးတင် နံဘေးမှာ ယှဉ်ရပ်ပြီး ကျောင်းအပြင်ဘက်လမ်းမသို့ လှမ်းကြည့်နေရင်းမှ...

"ကျောင်းသွားကျောင်းပြန် အေးအေးချမ်းချမ်း ပဲလား နွဲ့တင်"

တလောက ဖြစ်ပျက်သည့် ကိစ္စကို ရည်ရွယ်ပြီး မေးမှန်း သိ၏။





"သူတို့ကို မတွေ့တော့ဘူး ကိုလွင်"

"ရုပ်ကွက်ထဲကလား"

"နွဲ့တင်တို့ ရပ်ကွက်ကတော့ မဟုတ်ဘူး"

"အင်း...မိန်းကလေးတစ်ယောက်တည်း သွားရလာရတာ အန္တရာယ်က သိပ်များတယ်နော်၊ ကိုယ်လည်းယောကျ်ားပါမဲ့၊ ဒါပေမဲ့ ယောကျ်ားဆိုတဲ့ကောင် တွေက မိန်းကလေးတစ်ယောက်တည်းကို မထီတရီ သိပ်လုပ်ချင်ကြတာ"

"ကိုလွင်ကော အဲဒီထဲမှာ ပါနေလို့လား"

"ခုထိတော့ မပါသေးဘူး"

"ဒါဖြင့် ပါလာနိုင်တဲ့အလားအလာရှိနေတယ်ပေါ့"

ကိုကိုလွင်ကရယ်၏။

ရယ်နေဆဲမှာပင် ကျောင်းသူကျောင်းသားများ အပေါ်[illegible]တက်လာသည်။ ကိုကိုလွင်နှင့်နွဲ့လေးတင်ကို ကြည့်သည်။ [illegible]ကြည့်များက တစ်မျိုးတစ်ဖုံ ဖြစ်နေသည်ကိုတော့ နွဲ့လေး[illegible] သိ၏။

"လူဆိုတာ တန်ရာတန်ရာ မှန်းတာပဲကောင်းတယ်" စကားအသံက နားဆီသို့ ခါးသီးစွာဖြတ်ဝင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ ဆတ်ခနဲအကြည့်တွင် မိမိကို တစ်ချက်စူးစူး ကြည့်ပြီး နှုတ်ခမ်းတွန့်သွားသည့် 'ချယ်ရီခိုင်'နှင့် သူမ၏ သူငယ်ချင်းမိန်းကလေးအုပ်စုကို နွဲ့လေးတင် မြင်လိုက်ပါ၏။ ရင်မှာ တင်းတင်းကလေး ဖြစ်သွားသည်ကိုတော့ ဘာသာ ... သည်။

☆ ☆ ☆

"နွဲ့တင်ရယ်၊ ဒါကိုများ ငြိမ်ခံခဲ့ရသလား၊ နင်ဘာ စကားပြောတာလည်းဆိုပြီး ကိုကိုလွင့်ရှေ့မှာပဲ ပါး ဆွဲရိုက်ပစ်လိုပါလား"

ချယ်ရီခိုင်နှင့်ပတ်သက်သော စကားကို အသားတဆတ် ဆတ်တုန်နှင့်ပြောပြတော့ စန္ဒီက မကျေမချမ်း စကားဆို သည်။

"ကျောင်းပေါ်မှာ ကျော်မကောင်း ကြားမကောင်း ဖြစ်သွားမှာဆိုးလို့ ငါ့ အတော်ကို ကြိတ်မှိတ်နေ လိုက်ရတယ် စန္ဒီ၊ ပါးရိုက်ချင်လိုက်တာမှ လက်ကို ယားနေတာပဲ"

"ကိုကိုလွင်လည်း ကြားမှာပဲ"

"ကိုကိုလွင်ကတော့ အမှတ်မထင်မို့ စကား အဓိပ္ပါယ် ကို သိမှာ မဟုတ်ဘူး၊ တို့က မိန်းမချင်းပဲကွာ၊ မိန်းမ





တွေပါးစပ်က ဘာစကားထွက်ရင် ဘာကိုရည်ရွယ် တယ်ဆိုတာ သိပြီးသားပဲဟာ"

"ကောင်မက ကျောင်းမှာတော်တော်ကိုလှုပါးဝတာ၊ ငါ့မိဘ ပိုက်ဆံချမ်းသာတယ်ဆိုပြီး ဘဝင် ခေါင် ခိုက်နေတာ"

နွဲ့လေးတင် ငြိမ်သက်နေပြီး အံတကြိတ်ကြိတ် ဖြစ်နေ သည်ကိုမြင်တော့ စန္ဒီက...

"လာ...သူ့အခန်းလိုက်သွားပြီး စာရင်းရှင်းမယ်"

"တရားဝင်ရှင်းလို့ကောင်းတဲ့ ကိစ္စမဟုတ်ဘူး စန္ဒီ ရယ်၊ နင့်ပြောတာ မဟုတ်ဘဲနဲ့ နင်ကဘာလို့ နာရ တာလဲဆိုရင် ဒေါသက ထပ်ဖြစ်ရအုန်းမယ်"

နွဲ့လေးတင် စိတ်ကိုလျှော့သည်။

ကျောင်းမှာ အခြေအရုံအင်အား ကောင်းစွာဖြင့် ရင်တ ... တော့ကော့ ဖြစ်နေသော ချယ်ရီခိုင်၏ ပုံရိပ်က စာသင်ခန်းဆီ ... ပါလာပါ၏။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



[၅]

'သက်သက်မွန်ကပြောတယ် နွဲ့တင်'ဆိုသည့် စကား
အစချီပြီး အိမ်ပေါ်တက်လာသည့် စန္ဒီ့ကို နွဲ့လေးတင်က မျ
စေ့တစ်ဖက် မှိတ်ပြရသည်။ အမေ့ရှေ့မှာ ပြဿနာစကားေ
ကို မပြောစေချင်။ ကျောင်းလွယ်အိတ်ဆွဲပြီး လမ်းပေါ်ရော
မှ စန္ဒီ့ကို မေးရ၏။

"ပြောစမ်းပါဦး၊ သက်သက်မွန်က ဘာပြောလို့လဲ"

သက်သက်မွန်က ချယ်ရီခိုင်နှင့်တစ်တန်းတည်းမှာအ
တက်သူ၊ သက်သက်မွန်ပြောသည့်စကားသည် ချယ်ရီခိုင်
ပတ်သက်မည်ကိုလည်း နွဲ့လေးတင် အတတ်သိ၏။

"ဒေါသတော့ မဖြစ်နဲ့နော်"

"ပြောမှာ ပြောစမ်းပါဟယ်"





"စကားကတော့ တော်တော်ကို စော်ကားတဲ့
စကားပဲ"

"ပြောပါ"

နွဲ့လေးတင် အသံ အနည်းငယ်ကျယ်သွား၏။

"ချယ်ရီခိုင်က ပြောတယ်တဲ့၊ နွဲ့လေးတင်ဆိုတဲ့
ထမင်းကြော်ရောင်းတဲ့ကောင်မက တန်ရာတန်ရာ
မမှန်းဘူးတဲ့၊ ကိုကိုလွင်က ချမ်းသာလို့ အပိုင် ကြံ
ချင်နေတာတဲ့"

"ဟင်"

ဒေါသက ရင်မှာ လွန့်တက်လာသည်။

နှုတ်ခမ်းဖူးဖူးကလေးပင် ဆတ်ကနဲ တုန်သွားရ၏။

"တကယ်လား စန္ဒီ"

"သက်သက်မွန်က ရှိုးရှိုးကုပ်ကုပ်နေတာ နွဲ့တင်
သိသားပဲ၊ ခု သက်သက်မွန်က မခံချင်လွန်းလို့
ပြန်ပြောတာ"

လှမ်းနေသည့် ခြေလှမ်းပင် မှားချင်၏။

စော်ကားသည်ဆိုသည့် အသိက ခေါင်းထဲမှာ ရောက်
နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တော့...

ဘောလုံးကွင်းထောင့် ဝါးရုံပင်များအောက် အရောင်

တွင်....

☆ ☆ ☆

"ဟိုမှာ၊ ဒီနေ့ကျောင်းကို ကားနဲ့ မလာဘူး"

စန္ဒီ မပြောခင်ကတည်းက ချယ်ရီရှိုင်ကို နွဲ့လေးတင် မြင်ထားပြီးသား။ ချယ်ရီရှိုင် နံဘေးမှ အဖေါ်နှစ်ယောက်ကိုလည်း ဘယ်သူဘယ်ဝါဆိုတာ နွဲ့လေးတင် သိပြီးသား။ ချယ်ရီရှိုင်ကို မြှောက်ပင့်ပေါင်းသင်းနေကြသည့် သာဝေါင်းညာစားမတွေ

"စန္ဒီ မြန်မြန်လာစမ်း"

"ဘာလုပ်မလို့လဲ နွဲ့တင်"

"ငါအစော်ကားခံလိုက်ရတယ်ဆိုတာ နင်လည်း သိသားပဲ၊ ငါက ပြဿနာကိုရင်မှာ တအုံနွေးနွေး မထားတတ်ဘူး"

"ဟယ်... နွဲ့တင်ကလဲ"

"ဘာလဲ၊ နင် ကြောက်သလား စန္ဒီ၊ ကြောက်ရင် နေခဲ့ရတယ်"





"အိုး... ဘာလို့ ကြောက်ရမှာလည်း၊ ငါက နင့်သူငယ်ချင်းပဲ"

ခြေလှမ်းကို သွက်လိုက်၏။

တစ်ဆက်တည်းပင် နွဲ့လေးတင်က ခေါင်းမှ ဆံပင်ကို ...ရေကွင်းနှင့် စုစည်းချည်လိုက်သည်။

☆ ☆ ☆

"ချယ်ရီရှိုင်"

ခေါ်သံကြောင့် ခြေလှမ်းတွေ တုန့်သွားကြ၏။

သုံးယောက်သား နောက်သို့လည်ပြန်လှည့်ကြည့်ကြည်။ မြင်သည်နှင့် သုံးယောက်စလုံးမျက်နှာ မှုန်ကုပ်သွားကြ...

"ဘာလဲ တို့ကို ခေါ်စရာအကြောင်းနင်မှာရှိလို့လား"

"အေး ခေါ်စရာအကြောင်းရှိလို့ခေါ်တာ၊ ခေါ်စရာအကြောင်းမရှိရင် နင့်နာမည်ကို ပါးစပ် အသနခံပြီး မခေါ်ဘူး"

နွဲ့လေးတင်၏ ထန်နေသည့် မျက်နှာကိုကြည့်ပြီး ချယ်ရီ...တို့အုပ်စု အနည်းငယ် တွန့်ဆုတ်သွားကြ၏။ နွဲ့လေးတင် ... မဟုတ်မခံ စိတ်ဓာတ်ကိုလည်း သူတို့သိထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ်နွဲ့လေးတင်၊ နင်နဲ့ငါတို့နဲ့ ဘာအကြောင်းကိစ္စမှ မရှိဘူး"

"မရှိဘူးဟုတ်လား၊ ရှိတယ်ဆိုတာ သိအောင်တော့ ပြောပြရမှာပေါ့၊ ဒီမယ်၊ နင် သက်သက်မွန်ကို ဘာသွားပြောလဲ"

ချယ်ရီခိုင်မျက်နှာကွက်ကနဲ ပျက်သွား၏။ သုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေဆဲဝယ်...

"တို့က ဝမ်းစာအတွက် ထမင်းကြော် ရောင်းစားပေမယ့် ယောကျ်ားတစ်ယောက်ကို အကြောထပြီး ငမ်းဖမ်းတဲ့ မျိုးရိုးမဟုတ်ဘူးသိလား၊ ခေတ်ရှေ့ကို တစ်တောင်လောက် ပြေးပြီး ကိုယ့်ကိုယ်ကို တန်ဖိုးမထားတတ်တဲ့ မိန်းမစားလည်း မဟုတ်ဘူး"

"နင်မိုက်ရိုင်းလှချည်လား၊ နွဲ့လေးတင်၊ ဈေး သည်မ သမီးပီပီ နင်တော်တော် မိုက်ရိုင်းတယ်"

"ဈေးသည်မသမီး ဟုတ်လား၊ ဈေးသည်မသမီးရဲ့ ဟောဒီလက်ဝါးက စော်ကားလာသူကိုတော့ ဟောသလို၊ ဟောသလို ချတတ်တယ်သိလား"

"ဖြန်း...ဖြန်း..."

ဘယ်ညာနှစ်ချက်ဆင့် ကျရောက်သွားသည့်လက်ဝါး





ချယ်ရီခိုင်၏ ပါးနှစ်ဖက် နီရဲတွတ်သွားချိန်တွင် အခြေအနေက ရုတ်ခြည်း ရှုပ်ထွေးသွား၏။

ချယ်ရီခိုင်၏ သူငယ်ချင်းနှစ်ဦးက ဝင်အလုံးတွင် စန္ဒီက ဒိုးကပ်ဆုံးရောက်လာသူ၏ ဆံပင်ကို ဆောင့်ဆွဲပစ်လိုက်၏။

"အမယ်လေး"

ရှေ့သို့ ငိုက်အကျတွင် နွဲ့လေးတင်၏ လက်ဝါးရိုက်ချက်က အတောမသတ်တော့။ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ကုတ်ခြစ်ထုရိုက်ကြဆဲဝယ်...

"ဟော့...ဟော့..တော်ကြစမ်း၊ ဟာ...သဲသဲမဲမဲကို ဆွဲကုတ်နေကြပါလား"

နွဲ့လေးတင်ကော ချယ်ရီခိုင်ပါ ကျက်မိသည့်အသံ။

အသံနှင့်အတူ ယောကျ်ားသားနှစ်ဦး၏ ဆွဲကိုင်ချုပ်ခြင်းကိုလည်း ခံလိုက်ကြရသည်။

"အောင်ဖုန်း...အောင်ဖုန်း၊ မင်း ချယ်ရီခိုင်တို့ကို ဆွဲစမ်း၊ စန္ဒီ တော်တော့ဟာ၊ နွဲ့တင်... နွဲ့တင် အဲသလို မလုပ်နဲ့လေ"

ပြန်ဖြေရင်း ကျွတ်လုနီးပါး ဖြစ်သွားသည့် လုံချည်ကိုလည်း ဘိုကိုလွှင် ဆွဲကိုင်ရသေးသည်။ အောင်ဖုန်းက ချယ်ရီ ခိုင်တို့အုပ်စုကို တစ်ဖက် ပလက်ဖေါင်းပေါ်သို့ ဆွဲခေါ်ပြီး ပါးစပ်ကလည်း ဘာတွတ်တွတ်။



www.burmeseclassic.com

www.burmeseclassic.com



"တိုင်မယ်၊ တိုင်မယ်၊ သိပ်လူဝါးဝတဲ့ ဈေးသည်မသမီးကို ဆရာမကြီးနဲ့ကိုတိုင်မယ်"

"အေး...တိုင်ရင်လည်း ကျောင်းကျမှတိုင်ပါ ချယ်ရီခိုင်ရာ၊ လမ်းလယ်ခေါင်ကြီးမှာ မိန်းကလေးတွေ နပန်းလုံးကြတာ ကြည့်မကောင်းပါဘူး"

"ကြည့်မကောင်းရင် နင့်ဘာသာနင် လဲသေလိုက်"

"အားပါး၊ စေတနာနဲ့ ဝင်ဖြန်ဖြေတဲ့သူကို ရန်လုပ်နေကြပြန်ပါပြီ၊ သွားကြဟာ၊ နင်တို့သွားကြ"

"မပူနဲ့၊ တို့ကလည်း မိန်းမပျက် မိန်းမလေတွေ ပျော်တဲ့ ဒီလမ်းပေါ်ပိုတောင်မနေချင်သေးတယ်သိလား၊ ဟင်း... ဒီနေ့မှ အိမ်ကကားကလည်း ဘာချို့ယွင်းသလဲ မသိဘူး"

နွဲ့လေးတင် အံကြိတ်ပြီး လှမ်းအကြည့်တွင် သုံးယောက်စလုံး ဘောက်ဆတ်ဆတ်နှင့်ထွက်သွားကြပြီ။

အောင်ဖုန်း နွဲ့လေးတင်တို့ နားသို့ ရောက်လာ၏။

"ဘယ်လိုဖြစ်တာလဲ နွဲ့တင်ရာ၊ နင်တို့ဖိုက်တင်ပလေးနေကြတာကို ငါနဲ့ကိုကိုလွင်အဝေးကတည်းက မြင်တယ်၊ ဒါကြောင့် ငါတို့ အပြေးရောက်လာရတာ"





"ငါ့ကို လူပါးဝ စကားပြောလို့ ပါးရိုက်လိုက်တာ အောင်ဖုန်း"

"နင်ကလဲ သည်းခံပါဟာ"

"ဒီမယ် ငါက အဆိပ်မရှိတဲ့ မြွေဟောက်ဘူးသိလား"

"သိပါတယ်ဟာ"

အောင်ဖုန်းမျက်မှာကတော့ အစဉ်ထာဝရ ပြောင်စပ်စပ်။ ကိုကိုလွင်ကတော့ နွဲ့လေးတင်ကို ခပ်တွေတွေလေး ကြည့်၏။

"သူတို့က နွဲ့တင်ကို ဘာမခံချင်အောင် စကားတွေများ ပြောလိုက်လဲဟင်"

"အို...ကိုလွင်ရယ်၊ နွဲ့တင် ပြန်မပြောချင်ပါဘူး၊ နွဲ့တင် ရင်ထဲမှာ ရှက်နေတာတော့ အမှန်ပါပဲ"

ကိုကိုလွင် နှုတ်ဆိတ်သွားသည်။

ကျောင်းဆီသို့လျှောက်ခဲ့ပြီး ကျောင်းရောက်သည်ထိ နွဲ့လေးတင် စကားမပြောဖြစ်ခဲ့။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်ခေါင်းလောင်းထိုးတော့ စန္ဒီက နားနားတိုးကပ်ပြီး..

"သူတို့ဆရာမကြီးကို တိုင်မယ်ထင်တယ် နွဲ့တင်"

"မျှော်လင့်ထားပြီးသားပါကွာ"

"ဆရာမကြီးက ဘာက စဖြစ်ကြတာလဲလို့ မေးရင် နွဲ့တင် ဘယ်လို ဖြေမလဲဟင်"

"သက်သက်မွှန် မကောင်းဖြစ်မှာကို စန္ဒီ စိုးရိမ်နေလား၊ စိတ်ချ စန္ဒီ၊ ပြဿနာ ရှင်းရင် ဘယ်သူ့ကိုမှ ငါ ဆွဲမထည့်ဘူး"

"နွဲ့တင် ဆွဲမထည့်လည်း ငါကတော့ ပါမှာပဲ၊ မိသင်းသင်းကို ငါပါးလှမ်းရိုက်တာ တော်တော် နာသွားတယ်"

သင်းသင်းက ချယ်ရီခိုင်တို့ အဖွဲ့။

ကုတ်ကြဖဲ့ကြသည့်ပွဲတွင် သင်းသင်းနှင့်အိစံလည်း အထိနာ၏။

အတန်းပိုင်ဆရာမ အခန်းထဲသို့ ဝင်လာသောအခါ ဆရာမ မျက်နှာ ရွှင်ရွှင်ပျပျမရှိ။ အခြေအနေက နွဲ့လေးတင် မျှော်လင့်ထားသည့် အတိုင်းပါပဲ။

"နွဲ့လေးတင်နဲ့စန္ဒီ ဆရာမဆီ လာဦး"





ထိုင်ရာမှ ထပြီး နွဲ့လေးတင်နှင့်စန္ဒီ ဆရာမထံပါးရောက်ကြသည်။ အားလုံးက သူတို့နှစ်ယောက်ကို စိတ်ဝင်တစား ကြည့်နေ၏။

"ဆရာမနဲ့ ဆရာမကြီးရုံးခန်းကို လိုက်ခဲ့ကြ"

ရုံးခန်းဝင်ဝင်ချင်းမှာပင် ချယ်ရီခိုင်နှင့် သူ့အဖော်များ၏ ရွဲ့ရွဲ့မျက်နှာကို တန်းမြင်၏။

ဝင်လာသည့် နွဲ့လေးတင်နှင့်စန္ဒီကို ဆရာမကြီးက မျက်လုံးတစ်ချက်ပင့်ကြည့်ပြီး...

"အဲဒီမှာ ထိုင်"

မဝံ့မရဲ ဝင်ထိုင်ကြသည်။

ဆရာမကြီး မှုန်နေသည့် မျက်နှာကို ကြည့်ပြီး မည်မျှ မျက်ဆိုးမာန်ဆိုး ဖြစ်နေမည်ကိုလည်း နွဲ့လေးတင်မှန်းဆ မိပါ၏။

"အရပ်ရပ် နေပြည်တော် ကြားလို့မှ မတော်ဘူး၊ ငါ့ ခဏခဏ ဆုံးမတဲ့စကားမှာ ထည့်ထည့်ပြောတယ်၊ ကျောင်းရဲ့ဂုဏ်သိက္ခာကို ထိန်းသိမ်းပါ၊ ကျောင်းသူကျောင်းသားချင်း ချစ်ချစ်ခင်ခင် နေပါ ဆိုတာကို"

နွဲ့လေးတင်နဲ့စန္ဒီ ခေါင်းကို ငုံ့ထား၏။



www.burmeseclassic.com

www.burmeseclassic.com



"နွဲ့လေးတင်ဆိုတာ"

"ကျွန်မပါ ဆရာကြီး"

"ဒါဖြင့် စန္ဒီဆိုတာကတော့ သူပေါ့"

"ဟုတ်ကဲ့"

စန္ဒီ ခေါင်းအညိတ်တွင် ဆရာမကြီး၏ အကြည့် ချယ်ရီခိုင်တို့ဆီ ရောက်သွား၏။

"နွဲ့လေးတင်နဲ့စန္ဒီက ချယ်ရီခိုင် ကျောင်းလာတာကို ရန်စကားပြောပြီး ပါးဆွဲရိုက်တယ်နော်"

"ဟုတ်ပါတယ် ဆရာမကြီး"

ချယ်ရီခိုင်က အမေးကို ဖြေ၏။

"ကဲ...နွဲ့လေးတင်၊ ကိုယ့်ကျောင်းသူအချင်းချင်း ပါးရိုက်လောက်တဲ့အထိ ဖြစ်ရအောင် ဘယ်လို အကြောင်းအရာတွေ ရှိသလဲ ပြောစမ်း"

နွဲ့လေးတင် ပင့်သက်ကို အသာမှုတ်ထုတ်လိုက်သည်။ ရင်မှ ပြောချင်သည့် စကားတွေကတော့ အများကြီးပါပဲ၊ သို့သော်လည်း...

"ကျွန်မ သိက္ခာကို ထိပါးပုတ်ခတ်လာတဲ့ စကားတွေ ပြောတာမခံနိုင်လို့ ရိုက်တာပါ ဆရာမကြီး"





"ဘာစကားလဲ"

"ကျွန်မ မပြောပါရစေနဲ့ ဆရာမကြီး၊ ပြောရမှာ အရှက်ရှက်ပါတယ်၊ ကျွန်မမှာ အပြစ်ရှိတယ်ဆိုရင် ဆရာမကြီး ကြိုက်သလိုအပြစ်ပေးပါ၊ သိက္ခာမဲ့လောက်အောင် သူ ပြောခဲ့တဲ့စကားတွေကို ကျွန်မ မပြောဝံ့ပါဘူး"

တုန်ခတ်နေသည့်အသံနှင့်အတူ၊ မျက်ရည်တစ်ပေါက်က ပါးပြင်ပေါ်သို့ လိမ့်ကျလာသည်။ ဆရာမကြီးက နွဲ့လေးတင် မျက်နှာကို ခပ်တွေတွေလေး ကြည့်၏။ ဖြစ်ပေါ်ရသည့် ပြဿနာတွင် အကြောင်းရင်းတရား ရှိလိမ့်မည်ကို ပညာတတ် ဆရာမကြီး စဉ်းစားမိပါလိမ့်မည်။

"စကားဆိုတာ ရိုက်တာထက်တောင် နာပါတယ် ဆရာမကြီး၊ ကျွန်မ ရိုက်လို့ သူ့ပါးပဲ နာတာပါ၊ သူ့စကားကြောင့် ကျွန်မရဲ့ ကိုယ်ကျင့်သိက္ခာ ဘယ် လောက်ဖျက်ပြားရတယ်ဆိုတာ..."

စကားကို တစ်ဝက်နှင့်ရပ်ပြီး ရှိုက်သံပွင့်ထွက်သည်။ စန္ဒီက...



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကလည်း ကျွန်မတို့ကို လုပ်ပါတယ် ဆရာမကြီး၊ နွဲ့လေးတင်နဲ့ ကျွန်မ ရင်ဘတ်မှာ သူတို့ ကုတ်လို့ သွေးတောင်စို့နေပါတယ်"

ပြောပြီး စန္ဒီက ဒဏ်ရာကို ပြသည်။

သူလုပ်ကိုယ်လုပ် အနေအထားဝယ် ဆရာမကြီး စိတ်ကျဉ်းကြပ်ဟန် တူလာပါ၏။

သည့်နောက်...

နှစ်ဖက်အတန်းပိုင်ဆရာမများ၏ ဖျန်ဖြေမှု။

ဆရာမကြီး၏ နောက်ဆုံးသတိပေးစကား။

အားလုံးခေါင်းညိတ်ခံယူသော်လည်း ချယ်ရီခိုင်ကို နွဲ့လေးတင်က ပါးရိုက်သည့်သတင်း တစ်ကျောင်းလုံးသို့ ပျံ့သွားပါ၏။

သည်သို့နှင့်...

နွဲ့လေးတင် အပေါ်ထားရှိသည့် ချယ်ရီခိုင်၏ အကြိုးအခဲသည်...

☆ ☆ ☆





[၆]

"ဟယ် ကိုလွင်"

ရင်မှာ တအံ့တသြ ဖြစ်သွားရသည်။ အားကစားဝတ်စုံ အပြာကို သေသပ်ကျနစွာ ဝတ်ဆင်ထားသည့် ကိုကိုလွင်ဟန်က ထင်ထင်ရှားရှား။ နွဲ့လေးတင်ကို ပြုံးပြသည့် အပြုံးကလည်း လိုက်လိုက်လှဲလှဲ။

"မိုးလေစင်နေတာနဲ့ လမ်းလျှောက်ထွက်လာတာ နွဲ့တင်၊ ပြီးတော့ နွဲ့တင်ဆီလည်း ဝင်လည်ချင်လို့"

"နွဲ့တင် ကိုလွင့်ကို အိမ်လိပ်စာ မပေးခဲ့ဖူးပါဘူး"

"အောင်ဖုန်းပြောပြထားလို့ သိနေတာ ကြာလှပြီ"

"ကိုလွင်အိမ်ထဲ ဝင်ထိုင်နော်၊ နွဲ့တင်တို့လည်း ခုပဲ အရောင်းပြတ်တယ်"

"စောတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"စနေလို၊ တနင်္ဂနွေလိုနေ့မျိုးဆိုရင် အစောကြီး ပြတ်တာ"

အမေက အိုးများ ရွှေ့မ,နေရာမှ မျက်လုံးတစ်ဝေ့ကြည့်သည်။ ကိုကိုလွင်ကို နေရာထိုင်ခင်းပေးပြီး နွဲ့လေးတင်က အမေ့လက်မှ ဒန်အိုးကြီးကို လှမ်းအယူတွင်…

"ဘယ်ကလဲ"

အမေက တီးတိုးလေသံနှင့်မေး၏။

"ကျောင်းက သူငယ်ချင်းအမေ၊ အမေ့ကို နွဲ့တင် ပြောဖူးသားပဲ၊ အကောင်သုံးကောင် လိုက်နှောင့်ယှက်တာ ကိုလွင် ကူညီလို့ဆိုတာလေ"

နွဲ့လေးတင်က ကိုကိုလွင်ကို အမေနှင့်မိတ်ဆက်ပေးသည်။

အမေကတော့ အေးအေးချမ်းချမ်းပါပဲ၊ နွဲ့လေးတင် အပေါ်မှာလည်း အမေက ယုံကြည်မှု ရှိသည်။

"ကိုယ်လာလို့ အနှောင့်အယှက်များ ဖြစ်ပြီလား မသိဘူး"

"မဖြစ်ဘူး ကိုလွင်၊ ဈေးရောင်းပြီးရင်း အမေနဲ့ နွဲ့တင် နားတာပါပဲ၊ ဒါနဲ့ ကိုလွင် နေ့တိုင်း လမ်းလျှောက်လား"





"ရက်ခြားလောက် လျှောက်တာပါ၊ လမ်းပေါ်မှာ လျှောက်နေရတာ လွတ်လပ်ပြီး စိတ်ချမ်းသာသလိုပဲ"

"ကိုလွင်က ရံဖန်ရံခါ လျှောက်နေရလို့ ဒီစကားမျိုး ပြောတာပါ၊ လမ်းပေါ်မှာ ပင်ပင်ပန်းပန်း ရုန်းကန်နေရတဲ့ တကယ့်ဘဝတွေမှာ လမ်းလျှောက်ရတာ စိတ်ချမ်းသာမှု တစ်စက်မှ မရှိပါဘူး၊ ခြေ တစ်လှမ်းမှာ ချွေးတစ်စက်ကျနေရတဲ့ဟာ"

အမေ့ကို ကူညီလုပ်ကိုင်ပေးသည့် ဝိုင်းစိန်ရောက်လာသဖြင့် အမေနှင့်ဝိုင်းစိန် မီးဖိုဘက်ဝင်သွား၏။

"ကိုယ် တကယ် ပြောတာပါ၊ လမ်းပေါ်မှာ နေရတာကိုလည်း ကိုယ်က ပျော်တယ်နွဲ့တင်၊ အဲဒါကို မေမေက ဘယ်လိုမှ စိတ်မတွေ့ဘူး"

စကားများကို နွဲ့လေးတင်ပြုံး၍ နားထောင်ပြီး..

"ကဲ…ကိုလွင် နွဲ့တင်တို့ထက်ရာ ထမင်းကြော် စားသွားဦး၊ ဆင်းရဲသားဆိုတော့ ကော်ဖီတို့ ကိတ်မုန့်တို့နဲ့ ဧည့်မခံနိုင်ဘူး၊ ထမင်းကြော်ပဲ၊ ဒါတောင် နှစ်ပွဲစာ ချန်ထားလို့ ကိုလွင့်ကို ဧည့်ခံနိုင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် နွဲ့တင်၊ ဒီကကောင်ကလည်း ထမင်းကြော်ကို ဝါးချင်နေတာ"

"ဟန်ဆောင်တော့ မပြောနဲ့နော်"

"တကယ်ပါ၊ ရေနွေးကြမ်းလေးပါ ထည့်နော်"

နွဲ့လေးတင်က အပြုံးတဝင့်ဝင့်နှင့် ခူးခပ်ပေးသည်။ နှစ်နှစ်ခြိုက်ခြိုက် စားနေသည်ကိုကြည့်ပြီး ပို၍ပြုံးမိ...

"နွဲ့တင်လက်ရာလား"

"အထင်မကြီးနဲ့ အမေ့လက်ရာ"

"ဒါကြောင့် ကောင်းနေတာကိုး"

နွဲ့လေးတင် နှုတ်ခမ်းကို ခပ်စုစုလေး အမူမှာ ကိုကို... က ထမင်းကြော်ကို လက်စသပ်လိုက်သည်။

"ကိုလွင် ရေနွေးသောက်"

"တွက်ပါဦး"

"ဘာကို တွက်ရမှာလဲ"

"ကြက်သားဟင်းအပြင် ငါးရှဉ့်စပ်ကြော် တစ်ပွဲ... ကလည်း ပါသေးတယ်၊ ပြီးတော့ လိုက်ပွဲတစ်ပွဲ... ဘယ်လောက်ကျမလဲ မသိဘူး"

"ကိုလွင်နော်၊ စေတနာကိုမစော်ကားနဲ့ ညှို့သည်... ဆီက ယူစရာလား"





"ကိုယ်က ညှို့သည်"

"အင်းလေ"

"ဝမ်းနည်းစရာပါပဲ၊ ကိုယ်က ညှို့သည်အနေနဲ့ လာချင်တာ မဟုတ်ဘူး"

နွဲ့လေးတင် ခေါင်းကို အသာငုံ့လိုက်မိပါ၏။

ပြန်တော့လည်း ကိုကိုလွင်က အမေ့ကို အမေလို့ခေါ်ပြီး ...ဆက်သွားသေးသည်။

နွဲ့လေးတင်ရင်မှာ လှိုင်းအဖြစ် ကျန်ရစ်ခဲ့သည်ကိုတော့ ...ဖါသာ ကိုယ်သိပါ၏။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



[၇]

*ချစ်သောသည် ဆိုသူများက ကားစီး၍ ဆင်းရဲသည် ဆိုသူ လမ်းလျှောက်ကြသည်။ ရုံခန်းရုံ၏ ဆိုက်ကားကလေးသာလေး ကြပါ၏။*

ထမင်းစားခန်းလက်ဝဲထောင့်သင်ပုန်းပေါ်မှာ မိမိဘာ မိမိရေးထားသည့်စာကို ကိုကိုလွင်က သဘောကျစွာ ပြုံး၏ ။ ပြုံးလိုက်ရင်းနှင့်ပင်...

"လုံးကြည်...လုံးကြည်"

"ရှင်...ကိုလေး"

"နင့်အသံကို အရင် မရောက်စမ်းနဲ့၊ လူအရင် ရောက်စမ်း"





ည့်ခန်းတံမြက်စည်းလှည်းနေရာမှ လုံးကြည် အပြေး ရောက်လာ၏ ။

"ခိုင်းပါ ကိုလေး"

"ခိုင်းဖို့ နင့်ကိုခေါ်တာ မဟုတ်ဘူး၊ မေးဖို့ခေါ်တာ"

လုံးကြည်က ကိုကိုလွင်ရှေ့မှာ လက်ကလေးနှစ်ဖက် ရပ်၏ ။

"ဒီမှာ လုံးကြည်"

"ဟုတ်"

"ဘာဟုတ်လဲ၊ နင့်အမေကြီး ဟုတ်လား၊ ဟုတ်ကဲ့ လို့ ပြောစမ်း"

"ဟုတ်ကဲ့"

"ဟောဟို ဘလက်ဘုတ်မှာရေးထားတဲ့စာကို ဖတ် စမ်း"

လုံးကြည် မျက်လုံးကလေး ပြူးဝိုင်းသွား၏ ။

"ဟဲ့...ဖတ်လေ၊ ငါ့ကို ဘာလို့ မျက်လုံးကြီးပြူးပြီး ကြည့်နေရတာလဲ"

"လုံးကြည် စာမှ မဖတ်တတ်တာကိုလေးရ"

"ဟင်...နင်ကာတွန်း စာအုပ်တွေတော့ ဖတ်နေပြီး"

"အဲဒါ အရုပ်ကြည့်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော..."

"လုံးကြည်က ကျောင်းမှာမနေခဲ့ရဘဲ ကိုလေးရဲ့"

"အေးလေ ဒါဆိုလည်း ငါဖတ်ပြမယ်"

ကိုကိုလွင်က သူရေးထားသည့် စာကို တစ်လုံးချင်း ဖတ်ပြသည်။

"သဘောပေါက်တယ်နော်"

"ဘာကိုလဲ ကိုလေး"

"ဟဲ့...ဆင်းရဲတယ်၊ ချမ်းသာတယ်ဆိုတာ ဘာလည်း ဆိုတာကို နင် မသိဘူးလား"

လုံးကြည်က နှစ်နှစ်ကာကာ ပြုံးလိုက်ပြီး...

"ဒါလေးများ ကိုလေးရယ်၊ အလွယ်လေးပါ"

"ဒါဖြင့် ပြောစမ်း"

"ဆင်းရဲခြင်းဆိုတာ လုံးကြည်ပေါ့၊ ချမ်းသာခြင်းဆိုတာ အစ်ကိုလေးပေါ့"

"ဟာ...မဟုတ်သေးပါဘူးဟာ"

"ဟုတ်ပါတယ် အစ်ကိုလေးရ၊ ဟုတ်တာမှ အရမ်းကို ဟုတ်တာ"

လုံးကြည်ရယ်ကျဲကျဲနှင့်ထံပါးမှ ပြေးထွက်သွားသည်။





သူ မကြေမချမ်းနှင့် ကျန်ရစ်နေဆဲမှာ မေမေ ရောက်လာ၏။

"ဘာတွေဖြစ်နေတာလဲ သားရဲ့"

မေးပြီး မေမေက ဘလက်ပုတ်ပေါ်မှ စာကိုဖတ်သည်။

"သားက ဆင်းရဲခြင်းနဲ့ ချမ်းသာခြင်းကို သုံးသပ်နေတာလား"

"စဉ်းစားနေတာပါ မေမေ"

"ဦးနှောက်ခြောက်ခံပြီးများ စဉ်းစားနေရသလား ကွယ်၊ လောကမှာ ငွေရှိရင် ချမ်းသာတယ်၊ ငွေမရှိ ဆင်းရဲတယ်၊ ဒါ နိယာမတရားပဲ၊ ဘာမှစဉ်းစား နေစရာမလိုဘူး"

"ဒါပေမယ့် မေမေရယ်၊ ဘဝတွေက မမျှတသလိုပဲ"

"ဘာ မမျှတတာလဲ"

မေမေက သူ့ကို အကဲခတ်သလို ကြည့်၏။

"သား ဆိုချင်တာဆက်ပါဦး"

"ဒီလိုပါ မေမေ၊ ဆင်းရဲတဲ့ လူတွေက အရမ်းဆင်းရဲပြီး ချမ်းသာတဲ့လူတွေက အရမ်းချမ်းသာကြတယ် မေမေ၊ မေမေကသားကို ကျောင်းမုန့်ဖိုး တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



ငါးရာပေးတဲ့အချိန်မှာ သူတို့မိဘတွေ ငါးဆယ်တစ်ရာ အမြတ်ရဖို့အတွက် ပင်ပင်ပန်းပန်း ရုန်းကန်ကြရတယ်"

"ဒါက သူ့ဘဝပေးကုသိုလ်နဲ့ပေါ့သားရယ်၊ အရင်ဘဝက မပေးမကမ်းမစွန့်မကြဲနဲ့၊ ဒါန နည်းတော့ ခုဘဝမှာ ဆင်းရဲကြတာပေါ့၊ ခုဘဝကျပြန်တော့လည်း မရှိလို့ မလှူ၊ မလှူလို့ မရှိနဲ့ အမွဲ သံသရာကတော့ လည်ပတ်နေမှာပဲ"

ကိုကိုလွင်က ခေါင်းကိုခါယမ်းပြီး...

"လှူမှရှိမယ်ဆိုရင် နောက်ဘဝတွေမှာလည်း ခုဘဝ ချမ်းသာတဲ့လူတွေကြီးပဲ ထပ်ချမ်းသာလာကြမှာပေါ့ မေမေ"

"ဘာဖြစ်လို့"

"ဘာဖြစ်လို့ရမှာလဲ၊ သူတို့က ရှိလို့လှူနိုင်တယ်လေ၊ ရှိလို့လှူတယ်၊ ကုသိုလ်ရတယ်ဆိုရင် မရှိလို့ မလှူနိုင်တဲ့ လူတွေအတွက် အပယ်တံခါးက အမြဲပွင့်နေမှာပေါ့ မေမေ"

"ဒါပေါ့"





မေမေ သည်စကားကို ပေါ့ပေါ့ ပြောသည်ဟု သူထင်၏။

"မဟုတ်သေးပါဘူး မေမေရယ်၊ မေမေ့ဟာက တစ်မျိုးကြီးပါပဲ၊ သားကတော့ ဆင်းရဲတဲ့လူတွေအရမ်း သနားစရာကောင်းတာပဲလို့ ထင်တယ်"

"ကိုကိုလွင်"

မေမေ့အသံ ရုတ်ခြည်းမာသွား၏။

"မင်းဘယ်လိုစကားတွေ တတ်လာတာလဲ၊ ဗြီးတော့ ကျောင်းမှာ အောက်တန်းစားတွေနဲ့ မင်းပေါင်းနေတယ် ထင်တယ်"

"အောက်တန်းစားဆိုတာ ဘာလဲ မေမေ၊ သားသူငယ်ချင်း ကောင်မလေးကတော့ ပြောတယ်၊ အောက်တန်းစား၊ အထက်တန်းစားဆိုတာ ချမ်းသာတဲ့လူတွေက သတ်မှတ်ကြတာပါတဲ့"

စကားကြောင့် မေမေ ရှူးရှူးရှားရှား ဖြစ်သွား၏။ လက်ထဲမှ စီးကရက်ကို စားပွဲစောင်းနှင့်ခပ်ကြမ်းကြမ်း လိုက်သည်။

"အောက်တန်းစားဆိုတာ အနုတ်စုတ်ဂုတ်စုတ်တွေကို ပြောတာပေါ့ကွ၊ ငွေမရှိ ရွှေမရှိတာတွေကို ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုလွင်က ကျောင်းလွယ်အိတ်ကို လှမ်းယူပြီး...

"သားသူငယ်ချင်းတွေက ဆင်းရဲကြတယ် မေမေ၊ ဒါပေမယ့် သူတို့စိတ်ဓါတ်တွေက အောက်တန်း မကျဘူး၊ အတန်းထဲမှာ စာတော်တယ်၊ သူငယ်ချင်း ချင်း သစ္စာရှိတယ်၊ သည်းခံတယ်၊ အထက်တန်း စားပါလို့ ရင်ကော့နေတဲ့သူတွေလို မကြွားဝါတတ် ဘူး၊ ဟန်မဆောင်တတ်ဘူး"

"တိတ်စမ်း ကိုကိုလွင်၊ မင်းရဲ့အောက်တန်းစားတွေ အကြောင်း လာမပြောနဲ့၊ ဦးသိုင်းခြုံ... ဦးသိုင်းခြုံ"

တောက်ခေါက်ရင်း မေမေက ဒရိုင်ဘာကြီး ဦးသိုင်းခြုံကိုအော်ခေါ်သည်။ ဦးသိုင်းခြုံ အပြေးကလေး ရောက်လာ၏။

"ကိုကိုလွင်ကို ကျောင်းလိုက်ပို့ပါ၊ နောက်နေ့က စပြီး သူ့ကို တစ်ယောက်တည်း သွားခွင့် မပြုပါနဲ့. ဦးသိုင်းခြုံ လိုက်ပို့ပါ"

"လူကလေးက သူ့ဘာသာသူ သွားမယ် ဆိုလို့ပါ ဆရာကတော်"

"ဟုတ်ပါပြီ နောက်နေ့ကစပြီး သူ့ဆန္ဒအတိုင်း မလုပ်ပါနဲ့၊ ဒီမယ်ကိုကိုလွင် မင်းမေမေ့ စကားကို နားထောင်ပါ"





ပြောပြီး မေမေ အပေါ်ထပ်တက်သွားသည်။

ကိုကိုလွင်က ခေါင်းကို အသာယမ်းခါပြီး...

"မေမေကတော့ ပြဿနာပဲ"

"သားအမိတွေ ဘယ်လိုဖြစ်ကြတာလဲကွယ်"

"မသိပါဘူး ဦးသိုင်းရာ၊ ဟိုဘာလက်ဘုတ်မှာ ရေး ထားတဲ့ စာကို ဖတ်ပြီး ပြဿနာဖြစ်တာ"

ဦးသိုင်းခြုံက စာကိုတစ်လုံးခြင်းဖတ်ပြီး...

"ဟား... ဟား...ဖြစ်မှဖြစ်ရလေ ကိုလွင်ရယ်၊ မင်း မေမေရှေ့မှာ ဆင်းရဲခြင်းကို သွားမပြောနဲ့ လူ ကလေးရ၊ မင်းမေမေရဲ့ဘဝမှာ ဆင်းရဲခြင်းဆိုတာ ကို ကြုံကြိုက်ခဲ့ဖူးတာ မဟုတ်ဘူး"

ဘာစကားမှ မပြောတော့ဘဲ ဦးသိုင်းခြုံနှင့်အတူ ကားဆီသို့ လျှောက်ခဲ့၏။

"ရတနာစိန်ခြယ်" ခြံကြီးမှ ကားဘီးလိမ့်ထွက်တော့ ...လေးတင်ကို စိတ်က သတိတရ ရှိနေ၏။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



"ဦးသိုင်း ရှေ့လမ်းဆုံကျရင် ဘယ်ဘက်ကို ကွေ့နော်"

"ကိုလွင် တခြား သွားစရာရှိလို့လား"

"မရှိပါဘူး သူငယ်ချင်းကို ဝင်ခေါ်ချင်လို့"

ဦးသိုင်းခြုံက ကားကို ဘယ်ဘက်သို့ ချိုးကွေ့သည်။ အရိပ်ကောင်းသော ဗန်ဒါပင်ကြီးရှိသည့် အိမ်ရှေ့သို့ အရောက်တွင် ကိုကိုလွင်က ကားကို ရပ်ခိုင်းလိုက်၏။

"နွဲ့တင်...နွဲ့တင်"

ခေါ်သံကြောင့် အိမ်ရှေ့သို့ အပြေးကလေး ထွက်လာသော နွဲ့တင်သည် ကိုကိုလွင်နှင့်ကားကြီးကို မြင်လိုက်သည်နှင့် ခြေအစုံတန့်သွား၏။

"ကိုယ့်ကို ဘာလို့ မျက်လုံးပြူးကြီး ကြည့်နေရတာလဲ နွဲ့တင်၊ ကားပေါ်တက်လေ၊ နွဲ့တင်ကို ဝင်ခေါ်တာ"

"နွဲ့တင်ကားနဲ့ မလိုက်ချင်ဘူး ကိုလွင်"

ဦးသိုင်းခြုံက နွဲ့လေးတင်ကို ကားထဲမှနေ၍ အသာခေါင်းငုံ့ကြည့်သည်။

"ဘာဖြစ်လို့လဲ နွဲ့တင်ရဲ့"





"ကိုလွင် စဉ်းစားကြည့်လေ၊ နွဲ့တင် ကိုလွင့်ကားနဲ့ ပါလာရင် ဆေးအမြင်မှာ တော်တော်ကို မရှင်းဖြစ်သွားလိမ့်မယ်၊ ပြီးတော့ နွဲ့တင်ကို ပုံစံတစ်မျိုးနဲ့ ကြည့်လာရင်လည်း နွဲ့တင်က သီးခံနိုင်မှာ မဟုတ်ဘူး"

"ပတ်ဝန်းကျင်ကို အဲသလောက် ကြောက်နေဖို့ မလိုပါဘူး နွဲ့တင်"

မှန်သွားသည့် ကိုကိုလွင့် မျက်နှာကြောင့် နွဲ့လေးတင် ဝင့်သက်ကို ဟူးခနဲ မှုတ်ထုတ်သည်။ တကူးတက လာခေါ်သည်ကို မလိုက်လျှင် ကိုကိုလွင် အရှက်ကြီးသွားမည်ကို နွဲ့လေးတင် သိသည်။

"နောက်ကို ကားကြီးနဲ့ ဝင်မခေါ်ပါနဲ့နော်၊ ကိုလွင် ခင်သလို နွဲ့တင်ခင်တယ်ဆိုတာလည်း မယုံစရာအကြောင်း မရှိပါဘူး၊ ကြုံကြိုက်လို့ ကျောင်းအတူ သွားကြမယ်ဆိုရင် ကိုလွင် ခြေကျင်သာ လျှောက်လာခဲ့ပါ"

နွဲ့လေးတင် လွယ်အိတ်ကို ရှေ့သို့အသာ သိမ်းကိုင်ပြီး ကားပေါ်တက်လိုက်သည်။ ဘာစိတ်ကူးပေါက်ပြီး ကားကြီးနဲ့ ဝင်ခေါ်ရတာလဲ မေးတော့...



www.burmeseclassic.com

www.burmeseclassic.com



"နွဲ့တင်က ကိုယ့်ကို ဟိုနေ့က သူဌေးသားလို့ ပြောတယ်မို့လား"

"အမှန်ကို ပြောတာပဲလေ"

"ကိုယ်ကတော့ နွဲ့တင်ပြောမှ ငါသူဌေးသားပါလားလို့ စဉ်းစားမိလာတယ်၊ အဲဒါကြောင့် သူဌေးသားနဲ့တူအောင် ကားနဲ့ဝင်ခေါ်တာ"

"ပေါ်တောတောနဲ့ ကိုလွင်ရယ်"

ကားဘီးလိမ့်ထွက်တော့...

"ဦးသိုင်း"

ကားမောင်းနေရာမှ ဦးသိုင်းခြံုကြ လှည့်ကြည့်သည်။

"ဘာလဲ လူလေး"

"မှတ်ထားနော်၊ ဒါ ကျွန်တော့် နွဲ့တင်"

ပြောပြီးမှ နွဲ့တင်မျက်နှာ ရှက်ရဲရဲ ဖြစ်သွားချိန်မှာ ဦးသိုင်းခြံုကလည်း...

"သြော်... ကိုကိုလွင်ရဲ့ နွဲ့တင်လား"

နွဲ့လေးတင် ပို၍ရှက်သွားသည်ကို ကိုကိုလွင် သတိပြုလိုက်မိပါ၏။

☆ ☆ ☆





[၈]

နွဲ့လေးတင် ထင်ထားသည့် အတိုင်းပါပဲ။

ပေါ်တီကိုအောက်သို့ ကားရပ်လိုက်နှင့် ကျောင်းသူကျောင်းသားများ၏ မျက်လုံးများစွာကို နွဲ့လေးတင် ရင်ဆိုင်ရသည်။ နွဲ့လေးတင်က မျက်လွှာကို အသာချပြီး ကားပေါ်မှ အည်တည်ငြိမ်ငြိမ်ပင် ဆင်းလိုက်၏။

လှေကားထစ်များကို နင်းမိပြီး အပေါ်ထပ်သို့ တက်ခဲ့သည်။ လှေကားထိပ်မှာ ချယ်ရီခိုင်တို့အုပ်စု၊ မျက်လုံးတာစ်ချက်ဝေ့ကြည့်ပြီး ဆက်လက်၍ ခြေအလှမ်းတွင်...

"ဟော့...ရီစီ၊ မနက်က ထမင်းကြော် စားချင်လို့ လမ်းထိပ်ထွက်တာကွာ၊ ထမင်းကြော်ဆိုင်ကပိတ်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပိတ်ထားမှာပေါ့ ချယ်ရီရ၊ ထမင်းကြော်သည်မ
ကောင်းစားနေလို့ ဆိုင် မထွက်တော့ဘူး"

"ဟုတ်လား၊ ဘယ်သူ့ဆွေးသားကို အချဉ်ဖမ်းလိုက်
သလဲ မသိဘူး"

နွဲ့လေးတင် ခြေလှမ်းကို တုံ့ခနဲ ရပ်ပစ်လိုက်သည်။
စောင်းရွဲ့လာသည့်စကားတွေအပေါ်မှာ နွဲ့လေးတ
ဘယ်လိုမှ ဥပေက္ခာပြုလို့ မရ။

ကိုယ်ကို ချာကနဲလှည့်ပြီး နောက်သို့ ပြန်လျှောက်အ
တွင် စကားသံတွေ တိတ်သွား၏။

သူတို့ရှေ့မှာ နွဲ့လေးတင် ခပ်မတ်မတ် ရပ်လိုက်သည

"ဒီမယ် ချယ်ရီခိုင်"

"ဘာလဲ"

"စောစောက စကားကို ပြန်ပြောစမ်း"

"တို့က ဘာပြောလို့လဲ"

"နင် ငါ့လက်ဝါးကို ကြည့်စမ်း၊ မမှတ်သေးဘူး
လား"

"အံမယ်၊ လုပ်ရဲရင် လုပ်ကြည့်စမ်း"

အုပ်စုတောင့်သဖြင့် ချယ်ရီခိုင်က ရင်ကလေးချီသည်





"ကိုယ် ထမင်းကြော် ရောင်းတိုင်း အိုးမလုံ အုံလာ
ပွင့်နေတယ်၊ နင်နဲ့ဖက်ပြီး စကားပြောနေရတာ
ကိုက ငါ့အတွက် အရမ်း အောက်တန်းကျနေပြီ"

"အောက်တန်းကျတယ် ဟုတ်လား၊ ကဲ..ဟယ်"

နွဲ့လေးတင်၏ ရုတ်တရက်တွန်းအား။

ကိုယ်ကို မထိန်းနိုင်ဘဲ ချယ်ရီခိုင် ဖင်ထိုင်လဲကျသွား
သည်။ ချယ်ရီခိုင်တို့အုပ်စု နွဲ့လေးတင်ကို ရန်ပြုရန် လှုပ်လှုပ်
ရှားရှားဖြစ်နေချိန်တွင် နွဲ့လေးတင်၏ သူငယ်ချင်းများ အပြေး
အလေး ရောက်လာကြ၏။

အခြေအနေ ရှုပ်ထွေးမှု မရှိသော်လည်း..

☆ ☆ ☆

နှစ်ဖက်စကားကို ဆရာမကြီးက စူးစိုက် နားထောင်၏။
နွဲ့လေးတင်၏ အသားများ ဒေါသနှင့် တဆတ်ဆတ် တုန်နေ
သည်။

"ဒီမယ် ချယ်ရီခိုင်၊ နင်လည်းမိန်းကလေး၊ ငါလည်း
မိန်းကလေး၊ တို့မိန်းမတွေရဲ့တိုက်ခိုက်မှု လက်နက်
ဆိုတာ တုတ်မဟုတ်ဘူး၊ ဓါးမဟုတ်ဘူး၊ စကားနဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်လူ မခံသာအောင် စောင်းမြောင်း ပြောတာ တွေဟာ မိန်းမတွေရဲ့စကားလက်နက်ပဲ၊ အေး... အဲ့ဒီလက်နက်က သွေးထွက်သံယိုမှု မရှိတော့ ပြဿနာဖြစ်ရင် သက်သေမရှိဘူး၊ နင်ကသက်သေ ဖေါ်မရအောင် စကားနဲ့ တိုက်ခိုက်ပေမယ့် ငါက လက်နဲ့တိုက်ခိုက်တယ်၊ ငါ့မှာ အပြစ် ရှိတယ်လို့ ဆရာမကြီးက ဆုံးဖြတ်ရင် ငါ လည်စင်းခံမယ်၊ ဆရာမကြီး ပေးတဲ့အပြစ်ကို ရဲရဲခံမယ်"

နွဲ့လေးတင်၏မာနစကားတွေက ရဲတင်းနေသလောက် ချယ်ရီခိုင်က စကားကို ခွန်းတုံ့မပြန်။ ရှိုက်ကြီးတငင် ငိုကြွေးနေ၏။

"သိတ်စိတ်ပျက်ဖို့ ကောင်းပါလား၊ တစ်ခါလည်း ကျော်မကောင်း ကြားမကောင်းဖြစ်လို့ ဆုံးမပြီးပြီ၊ ဆရာမကြီးဟာ ကျောင်းသူကျောင်းသားချင်း ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနေတာကို မြင်ချင်တယ်၊ ခုတော့ မင်းတို့ဟာက မစည်းလုံးဘူး၊ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင်မနေဘူး၊ တစ်ယောက်ကပြောစရာ စကားလေးရရင် စောင်း





မြောင်းပြောလိုက်တယ်၊ တစ်ယောက်ကလည်း အခွင့်အခါသင့်တာနဲ့ လက်ပါလိုက်တယ်၊ မင်းတို့ စဉ်းစားစမ်း၊ ကောင်းမြတ်တဲ့အပြုအမူလားဆိုတာ"

နွဲ့လေးတင်နှင့်ချယ်ရီခိုင် ငြိမ်နေ၏။

"ပြီးတော့ မိန်းကလေးတွေ... ယောကျ်ားလေးတွေ မဟုတ်ဘူး၊ ကျောင်းမှာ မင်းတို့ မိန်းကလေးတွေ က သိမ်သိမ်မွေ့မွေ့နေပြရမယ့်အစား၊ ခုတော့ ယောကျ်ားလေးတွေနဲ့ အပြိုင်ကျဲချင်ကြတယ်၊ ချယ်ရီခိုင်ကလည်း ချယ်ရီခိုင်ပဲ၊ ပါးစပ်စည်းကမ်း မရှိဘူး၊ နွဲ့လေးတင်ကလည်းကိုယ်ထိလက်ရောက် ပြုမှုတာ တရားလွန်တယ်"

ဆရာမကြီးက အမိန့်မချသေး။

နှစ်ယောက်စလုံးမျက်နှာကို စေ့စေ့ကြည့်ပြီး..

"နှစ်ယောက်စလုံးမှာ အပြစ်ရှိတယ်၊ ဒါပေမယ့် နွဲ့လေးတင်က အပြစ်ပိုကြီးတယ်"

ချယ်ရီခိုင်က မျက်ရည်စများကို လက်ကိုင်ပုဝါနှင့် သုတ်တ်သည်။ ဆရာမကြီး၏ အပြစ်ပိုကြီးတယ်ဆိုသည့် စကားတွက် နွဲ့လေးတင်ကို ကျောတစ်ရာ ရင်တစ်ရာ ကြိမ်ဒဏ်တ်စေချင်၏။ သို့သော်လည်း....



www.burmeseclassic.com

www.burmeseclassic.com



"အပြစ်တွေကို ရှိသလောက် ရိုက်ဆုံးမရအောင် လည်း မင်းတို့က ယောကျ်ားလေး မဟုတ်ဘူး၊ ဆရာမကြီးရဲ့စိတ်ခါတ်ကိုလည်း မင်းတို့သိတယ်၊ ပြဿနာ တစ်ခုဖြစ်လာရင် အငြိမ်းချမ်းဆုံးနဲ့ အအေးချမ်းဆုံး ဖြေရှင်းတတ်တယ်၊ ဒီတော့ ဖြစ် ပျက်ခဲ့ပြီးတာကို မင်းတို့ရင်ထဲက မေ့ပျောက်လိုက် ပါ၊ တစ်ယောက်ကိုတစ်ယောက် ချစ်ချစ်ခင်ခင်နေ ပါ၊ ဒီမယ် နွဲ့လေးတင်"

"ရှင်"

"နောင် ဒီလို အလားတူ ပြဿနာမျိုးဖြစ်ရင် ကျောင်းထုတ်ခံရမယ်၊ ဆရာမကြီးရဲ့ စည်းမျဉ်း စည်းကမ်းမှာ သုံးကြိမ် သုံးခါသတိပေးရိုး မရှိဘူး ဆိုတာသိတယ်မို့လား၊ နှစ်ကြိမ်နှစ်ခါဟာ နောက် ဆုံးသတိပေးခြင်းပဲ၊ ကဲ...နှစ်ယောက်စလုံး ကိုယ့် အခန်း ကိုယ်ပြန်ကြ"

ပြဿနာက ပြီးဆုံးမသွား။

နောက်နေ့တွင် ချယ်ရီခိုင်၏ မိဘများ ဒေါ်နှင့်မော[…] ကျောင်းကို လိုက်လာသည်။ ဆရာမကြီးကို ဝင်ဆွေးနွေးသည်





[…]းတင်ဆိုသည့် ကောင်မလေးကို လုံးဝ ကျောင်းထုတ်ပစ် […]င်သည့် ဆန္ဒက သူတို့ရင်မှာ အပြည့်။

"ဆရာမကြီး စဉ်းစားကြည့်ပါ၊ စော်ကားတာ တစ် ခါမဟုတ်တော့ဘူး၊ ဒီကိစ္စကို ဒီမျှနဲ့ပဲ ကျေနပ်လိုက် ရမှာလား ဆရာမကြီး"

"ကျွန်မ ဦးမျိုးခိုင်ကို တောင်းပန်ခဲ့ပြီးပြီပဲ၊ တပည့် နှစ်ယောက် ခိုက်ရန်ဖြစ်မှုကို ဂိုဏ်းဝင်ဆရာမ တစ်ယောက်အနေနဲ့ ကျွန်မ အေးချမ်းစေခဲ့ပြီးပြီပဲ၊ ဦးမျိုးခိုင်တို့က မကျေနပ်သေးရင် ကျွန်မ ဒီကလေးမ ကို ကြိမ်တစ်ရာရိုက်ပြီး ကျောင်းထုတ်ပစ်ရမှာလား၊ သူ့ဘဝရဲ့ပညာရေးအညွန့်ကို ကျွန်မ ချိုးပစ်ရမှာ လား"

ချယ်ရီခိုင် ဒယ်ဒီ၏ အမေးစကားကို ဆရာမကြီးသည် […]ည်သို့ မေးခွန်းပြန်ထုတ်ခဲ့၏။

နောက်တစ်နေ့မှာ ချယ်ရီခိုင်ကိုသူ့မိဘများက ကျောင်း […]တ်သွားသည်။ သူ့ဒက်ဒီနယ်သို့ ပြောင်းရွှေ့မိန့်အားချင်း […]တ်သည်ဟုလည်း သတင်းစကားကိုနွဲ့လေးတင် ကြားသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်သို့နှင့် နွဲ့လေးတင်နှင့်ချယ်ရီခိုင်တို့၏ မကျေချ[မ်း]မှု၊ မကျေနပ်မှုများသည် အထက်တန်းကျောင်းသူ ကျောင်းသ[ူ]ဘဝတွင် သနွေတည်ခဲ့တော့သည်။

☆ ☆ ☆



## အပိုင်း-နှစ်

www.burmeseclassic.com

www.burmeseclassic.com



[၉]

ရင်မှာနားလည်ထားရသည့် အဖြစ်ကို နွဲ့လေးတင် ကိုယ့် ယ်ကို အသိဆုံး။ ဘဝအနေအထားကို သုံးသပ်ပြီး ယုံကြည် ကို ရှေ့တန်းတင်ချိန်တွင် ကိုကိုလွင်၏ မျက်လုံး အကြည့် ကို နွဲ့လေးတင် သုံးသပ်လာရ၏။

နွဲ့လေးတင် ပညာရေးတက္ကသိုလ်ရောက်ပြီး ပထမနှစ် တွင် ကိုကိုလွင်၏ ဆက်ဆံရေး ပုံမှန်ဖြစ်ခဲ့သော်လည်း တ်ဆုံးနှစ်တွင် ကိုကိုလွင့် နှလုံးသား ထိန်းချုပ်မရ ဖြစ်ပြီ ဟု တွေးဆသည်။

စာအုပ်ကြားမှာ ညှပ်ပေးသွားသည့် ပန်းနုရောင်စာအိတ် ကို ကိုင်ပြီး နွဲ့လေးတင့် ငေးငေးငိုင်ငိုင် ဖြစ်ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်တော့ အိပ်ရာပေါ် ခြေပစ်လက်ပစ်လှဲ၍ စာအိတ်ကလေးကို ထောင်ကြည့်သည်။

သိပါသည်။

ဖွင့်ဖေါက် မဖတ်သေးဘဲနှင့် စာပါ အကြောင်းအရာ နွဲ့လေးတင် နားလည်ထားပါ၏။

"အေးလေ သူ့ရင်ထဲမှာ ဘယ်လိုရှိနေတယ်ဆိုတာ ငါ သိပါတယ်၊ သူ့အကြည့် မျက်လုံးတွေ မှိုင်းညို့ နေကတည်းက သူ့နှလုံးသားကို ငါနားလည်လိုက် ပြီဘဲဟာ"

ပန်းရောင်စာအိတ်၏ ထောင့်စွန်းလေးကို စတင်ဖြဲ ဖောက်သည်။ အထဲမှ အပြာရောင်စာရွက်ခေါက်လေး ဖြန့်ဖတ်လိုက်၏။

နွဲ့တင်ရယ်...

ရင်ထဲက အချစ်တွေ ဘယ်အချိန်ကတည်းက စတည်နေတာလည်းလို့ မေးရင်အဖြေဟာ ကိုယ့်မှာ အဆင်သင့် ရှိပါတယ်၊ မျိုသိပ်ခဲ့ရတဲ့ရက်တွေ လတွေ နှစ်တွေကို နှမြောတတ်ပေမယ့် နွဲ့တင် စိတ်ဆင်းရဲမှာ စိုးလို့ ရင်ကို မထုခွဲခဲ့ပါဘူး။





မောင်လို့မှမလို နေရက်က ဖေါက်ပြန်လာတယ် လို့ အပြစ်တင်ရင်လည်း ခံရမှာပါပဲ၊ နွဲ့တင် စဉ်း စားကြည့်ပါလေ၊ အချစ်ဆိုတာ သစ်သီးတစ်လုံး လိုပါပဲ၊ အမှည့်လွန်အောင်ထားလို့ ဖြစ်မှာလား ကွယ်၊

ယုံကြည်ပါနော်...

ကိုယ့်ရဲ့ အချစ်ကို နားလည်ပေးပါ၊ တုံ့ပြန်ပေး ပါ၊ နွဲ့တင်မှာ ကိုယ့်အတွက် အချစ်ရှိတယ် ဆိုတာ ကို နှုတ်က ဖွင့်ပြောဖို့ ရှက်နေရင် နက်ဖြန် နွဲ့တင် ကိုယ့်ကို အဖြူရောင် နှင်းဆီတပွင့် ထိုးစိုက်ပန် ပြပါနော်၊ ကိုယ်ကျောင်းအသွား နွဲ့တင်ကို ဝင် ခေါ်မယ်...။

နွဲ့တင်ရဲ့ကိုလွင်

စာဖတ်ပြီး နွဲ့လေးတင် ရင်မှာ မောနေရပါ၏။ အမျိုး အမည် မသိသော ဝေဒနာကို အချစ်ဟုခေါ်မည်လား၊ ဘဝမှာ ထမဆုံး ရင်ခုန်ရသည့် နှလုံးသားကိုစွ။

နွဲ့လေးတင် အိပ်ရာပေါ်မှ လူးလဲထပြီး ဟင်းအိုးများ နွေးနေသည့် အမေ့ဆီ လျှောက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"အမေ"

"ဘာလဲ သမီး"

"အမေ့ကို စကားပြောချင်လို့ပါ"

"စကားပြောတာပဲ ဆန်းသလား သမီးရယ်၊ သမီးနဲ့အမေနဲ့ နေ့တိုင်း စကားပြောနေတဲ့ဟာ"

"မဟုတ်ဘူး အမေ၊ ခုပြောမယ့် စကားက သမီးရဲ့ဘဝနဲ့ ဆက်နွယ်နေတယ်"

"ဘဝနဲ့ချီလောက်အောင် အရေးကြီးတယ်လား သမီးရဲ့"

နွဲ့လေးတင်က ပြုံးသည်။

"ကဲ...ပြော ဘာစကားများပါလိမ့်"

"ကိုကိုလွင်က သမီးကို စာပေးတယ်"

"ဘာစာလဲ သမီးရဲ့"

"အမေကလည်း ငယ်ရာကနေ ကြီးလာပြီး နားဝေးလိုက်တာ၊ စာက ရည်းစားစာ အမေရဲ့၊ သမီးကို ချစ်တယ်၊ မေတ္တာရှိတယ် ဆိုတဲ့အကြောင်းတွေ ရေးထားတဲ့စာ"

"ဟင်...ဟုတ်လား"

အမေ တအံ့တသြ ဖြစ်သွား၏။





"ဟုတ်တယ် အမေ၊ ကျောင်းစာအုပ်ထဲမှာ စာညှပ်ပြီး ပေးသွားတာ"

"သမီးက ဘာပြောလိုက်လဲ"

"ဘာမှ မပြောရသေးဘူး၊ ကိုလွင်ရဲ့ မျက်လုံးအကြည့်တွေကို နွဲ့တင် အထက်တန်းကျောင်းသူ ဘဝကတည်းက သဘောပေါက်ခဲ့တာ အမေ၊ ဒါပေမယ့် ကိုလွင်က မျိုသိပ်တယ်၊ ခုမှ မခံစားနိုင်တော့လွန်းလို့ ရင်ဖွင့်ရတာပါတဲ့"

အမေက သူသောက်နေကျ ဆေးပေါ့လိပ် အရှည်ကြီးကို ခွက်ထဲမှ လှမ်းယူသည်။ မီးညှိဖွာရှိုက်ပြီး...

"အမေ မေးမယ်နော်"

"မေးပါ အမေ"

"မှန်မှန် ဖြေဖို့လည်း လိုတယ်"

"နွဲ့တင် လိမ်ညာ ပြောဖူးလို့လား"

အမေက ဆေးပေါ့လိပ်ကို မီးခိုးထောင်းထောင်းထအောင် ဖွာလိုက်၏။

"သမီး မောင်ကိုကိုလွင်ကို စိတ်ဝင်စားနေလား"

အမေ့အသံက တည်ငြိမ်အေးဆေးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



နွဲ့လေးတင်က ခေါင်းကို အသာငုံ့ထားလိုက်သည်၊

"သမီး ဖြေရခက်နေလား၊ မြန်မာ စကားရှိတယ်၊ ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းပဲတဲ့"

"အမေကလည်း"

"သမီးလည်း အသက်ငယ်တော့တာ မဟုတ်ဘဲ လေ၊ သမီးရဲ့အသည်းနှလုံးကိစ္စကို အမေအဆုံးအဖြတ်မပေးပါဘူး၊ အမေ တစ်ခုပဲ သတိပေးချင်တာက သမီးအဓိက ဦးတည်ချီတက်ရမှာက ပညာရေးနော်၊ အိမ်ထောင်ရေး မဟုတ်ဘူး၊ သမီးဘဝအတွက် ဆန်ကာတင် စစ်ဆေးနိုင်ဖို့ အမေ လွတ်လပ်ခွင့် ပေးထားတယ်၊ ဘဝကို ထိန်းသိမ်းရာမှာ အမေက ထိန်းသိမ်းပေးတာထက် သမီးဘာသာ သမီးဘဝကို လေ့ကျင့်ပျိုး ထောင်တာက အကောင်းဆုံးနဲ့ နည်းလမ်းအမှန်ဆုံးပဲ"

နွဲ့လေးတင် အမေ့မျက်နှာကို တွေတွေကလေး ကြည့်နေမိပါ၏။





"သမီးရင်ထဲက နှလုံးသား ကိစ္စကို အမေ မစွက်ဖက်ပါဘူး၊ သမီးဆုံးဖြတ်ချက်ဟာ အမေ့ ဆုံးဖြတ်ချက်ထက် ပိုပြီး မှန်မှာပါ"

နွဲ့လေးတင် အမေ့ရင်ခွင်ကို ခေါင်းတိုးဝင်လိုက်သည်။

အမေ၏ ကြင်နာသော ထွေးဖက်မှု။

ပြီးတော့...

နားလည်ချင်နေသော အချစ်တစ်ခု။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



[၁၀]

အမေ့ကို ကျောင်းသွားမယ်ပဲ ပြောသွားတယ်ဆိုသည့် စကားက သူ့အသည်းနှလုံးကို ကောင်းကောင်း ဒုက္ခပေးသည်။

"နွဲ့တင် သွားတာကြာပြီလား အမေ"

"အဆောင်က သူငယ်ချင်းဆီ ဝင်ဦးမယ် ပြောတာပဲ၊ သမီးကို ဝင်ခေါ်မယ် ပြောထားလို့လား"

"ဟို...ဟို...ပြောမထားပါဘူး အမေ"

"ပြောထားရင်တော့ သမီးက စောင့်မှာပါ"

အကြောင်းအရာတွေကို အမေ သိဟန်မတူ။

သူပင့်သက် ဖွဖွချသည်ကိုလည်း အမေ သိလိမ့်မည် မဟုတ်။

"ဒါဖြင့် ကျွန်တော် ကျောင်းကို တန်းသွားတော့မယ် အမေ"





"အေး...အေး"

ကားပေါ်မှာ စိတ်တွေက ငြိမ်သက်ခြင်းမရှိ။

နွဲ့တင် မိမိအချစ်ကို လက်မခံနိုင်ဘူးလား။

အဖြူရောင် နှင်းဆီတစ်ပွင့် ပြန်ပြဖို့အတွက် နွဲ့တင်မှာ အခက်အခဲတွေ ရှိနေလို့လား၊ ခုလို ရှောင်တိမ်းခြင်းသည် မိမိအတွက် အဖြေမရှိလို့လားဆိုသည့် ပူပန်အတွေးတွေက ရင်ကို ဖိကြပ်နေ၏။

"ဦးသိုင်း ပညာရေးရှေ့မှာပဲ ကားကိုရပ်လိုက်"

ဦးသိုင်းခြုံကားကို ရပ်လိုက်သည်။

"ဦးသိုင်း သွားတော့၊ ကျွန်တော် သူငယ်ချင်းတစ်ယောက်နဲ့တွေ့ဦးမှာ"

ဦးသိုင်းခြုံကားကို မောင်းထွက်သွားတော့ သူခေါင်းကို မော့ ခါယမ်းလိုက်သည်။ စိတ်မှာ ထိခိုက်နေခြင်းအတွက် ကမ္ဘာမြေ တစ်ခုလုံး ခြောက်သွေ့နေသည်ဟုလည်း ထင်၏။

အတွေးတစ်ပွေ့တစ်ပိုက်နှင့် ခေါင်းကို ငိုက်ချပြီး ပြည်လမ်းအတိုင်း လျှောက်အလာတွင်...

"အံမယ်...အံမယ်...၊ ခေါင်းကြီးငိုက်စိုက်ချပြီး လျှောက်နေလိုက်တာ၊ ငါ့တောင် မမြင်ဘူး"

"ဟာ..အောင်ဖုန်း"



www.burmeseclassic.com

www.burmeseclassic.com



"အောင်ဖုန်းတွေ မောင်ကုန်းတွေ လုပ်မနေနဲ့ ဘာလဲ...ကားပေါ်ကဆင်းပြီး ပြည်သူတွေ ဘဝကို လေ့လာနေတာလား"

"ဟာ မဟုတ်တာကွာ၊ စိတ်ညစ်လို့ လမ်းပေါ် လျှောက်နေတာ"

"စိတ်ညစ်လို့ ဟုတ်လား"

"ဟုတ်တယ် အောင်ဖုန်း၊ ငါ့မှာ စိတ်ညစ်စရာရှိလာတယ်"

"သမိန်ပေါသွပ် ရယ်သလို ရယ်လိုက်ရရင်တော့ ဖြ ခနဲ နေတော့မှာပဲ၊ မင်းလိုကောင်မှာ စိတ်ညစ်စရာ ဆိုတာများ ရှိသေးလို့လား ကိုလွင်ရာ"

အောင်ဖုန်းက သူလွယ်နေကျ အနီရောင် ကချင်လွယ် အိတ်ကို ပခုံးပေါ် ဆွဲတင်လိုက်ပြီး ကိုကိုလွင်ကို စူးစမ်းသ ကြည့်၏။

"မင်းမသိဘူး အောင်ဖုန်း"

"ဟ...မသိတာကို သိအောင်ပြောမှ သိတော့မှာ ပေါ့ကွာ၊ မင်းရင်ထဲက အကြောင်းကိစ္စတွေကို ငါ့ မပြောရင် မင်းဘယ်သူ့ သွားပြောမှာလဲ"





"ပြောချင်ပါတယ်"

"ပြောပါ"

"နွဲ့တင်ကွာ"

ပြောပြီး သူပါးစပ်ပြန်ပိတ်တော့ အောင်ဖုန်းက ရယ်၏။

"ကိုလွင်ရာ၊ မင်းဟာ အချစ်နဲ့ပတ်သက်ရင် တကယ့်ကို အူကြောင်ကြောင်နဲ့ပဲ၊ ဒီမယ် မင်း ငါ့မျက်နှာကို ကြည့်စမ်း၊ မင်းနွဲ့တင်ကို အထက်တန်းကျောင်းမှာကတည်းက အချစ်ဒီဂရီတွေတက်နေတယ်ဆိုတာ ငါဆိုတဲ့ကောင်က သိတယ်ကွ"

သူက ရှက်ရယ်ရယ်ပြီး...

"ဒါပေမယ့် အောင်ဖုန်းရာ နွဲ့တင်က ငါချစ်သလို မချစ်ဘူး"

"မင်းက ဘယ်လို သက်သေ အထောက်အထားနဲ့ ပြနိုင်လို့လဲ"

စကားတပြောပြောနှင့် လျှောက်ခဲ့ကြသည်။

"ပြနိုင်တယ်၊ အဲဒီပြနိုင်မှုအတွက် ငါ့ရင်မှာ အရမ်း ခံစားနေရတယ်"

"ဆိုစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



သည့်လိုက္ခာ အောင်ဖုန်းဟု စကားအစချီပြီး နွဲ့လေ
တင်ကို သူစာပေးပြီး နှင်းဆီတစ်ပွင့် ပန်ခိုင်းသည်ထိ ပြော
သည်။ အောင်ဖုန်းကတော့ ခေါင်းလေးတညိတ်ညိတ်နှင့်ပါပဲ

☆ ☆ ☆

"အဲဒါပဲကွာ၊ ငါကတော့ မျှော်လင့်တကြီးနဲ့ လာ
လိုက်ရတာ၊ အိမ်ကိုလည်းရောက်ရော ရင်ကိုမော
သွားတာပဲ၊ ခြေမကိုင်မိ လက်မကိုင်မိတောင် ဖြစ်
သွားတယ်"

ကားမှတ်တိုင်မှာ နှစ်ယောက်သား ယောင်ချာချာနှ
ရပ်လိုက်ကြသေး၏။

"ငါစိတ်တွေ အရမ်းညစ်နေပြီ အောင်ဖုန်း"

"စိတ်ညစ်ရင် အရက်သောက်ကွာ"

တက္ကသိုလ် ရောက်သည်ထိ အရက်ကို တစ်စက်မျှပ
မသောက်ခဲ့ဘူး၊ သူတင်မဟုတ်၊ အောင်ဖုန်းသည်လည်း
သောက်တတ်သည့်ကောင် မဟုတ်။

"အရက်သောက်ရင် စိတ်ညစ်ပျောက်လို့လား"





"တို့လမ်းထဲမှာ အစ်ကိုကြီးတစ်ယောက်ရှိတယ်၊
သူ့ရည်းစားက မချစ်တော့ဘူးလို့ ပြောတာနဲ့ အ
ရက်ကို နေ့မအားညမနား သောက်တော့တာပဲ၊ ငါ
ထင်တယ်၊ အရက်သောက်ရင် မူးမယ်ကွာ၊ မူးရင်
လောကကြီးနဲ့ ကိုယ့်ချစ်သူကိုပါ မေ့ပျောက်သွား
မှာဘဲ"

ကိုကိုလွင် တွေခနဲ စဉ်းစားသည်။

အမူးပြေရင် နွဲ့လေးတင်ကို သတိတရ ပြန်ရှိမှာ အမှန်
ပဲ၊ ဒါပေမယ့် လောလောဆယ်ခံစားရသည့် ဝေဒနာ
တ်သာဖို့အတွက်...

☆ ☆ ☆

လှည်းတန်းမှာ ရမ်တစ်လုံးဝယ်ပြီး အင်းလျားသို့ တန်း
ခဲ့သည်။ အင်းလျားရောက်တော့ ကန်စပ်နံဘေး မြက်ခင်း
မှာ အောင်ဖုန်းက သူ့လုံချည်ကို ဖြန့်ခင်းသည်။ လူကပိန်
သည့်အထဲ ဘောင်းဘီတိုလေးနှင့်ဖြစ်နေသောအောင်ဖုန်း
ကြည့်ပြီး ကိုကိုလွင် ရယ်၏။

"တို့ ရေကူးမယ်ကွာ၊ ရေကူးပြီးတော့မှ အရက်ကို
ဖီးလ်ကလေးနဲ့ သောက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ ခုမှောသောက်ပြီး ခုချက်ချင်း နွဲ့တင်ကို မေ့လိုက်ချင်ပြီ အောင်ဖုန်း"

"ဒီလို မလုပ်နဲ့လေ၊ မေ့တယ်ဆိုတာ ချက်ချင်းကြီး မေ့လို့ ကောင်းတာမှ မဟုတ်တာ၊ အရက်ကလေး မျှင်းသောက်ပြီး တဖြည်းဖြည်းမူး၊ မူးလာတော့ မေ့မှန်းမသိ မေ့သွားရတာ မကောင်းဘူးလား"

ဒါရိုက်တာကတော့ အောင်ဖုန်းပါပဲ၊ သူ့ဆန္ဒအရ ကိုကို လွင် အကျီလုံချည် ချွတ်လိုက်သည်။ ပြီး နှစ်ယောက်သား ရေထဲသို့ ခုန်ချလိုက်ကြ၏။

"ရေကူးပြိုင်မယ် ကိုလွင်"

"ရေကူးကိုတော့ လာမယှဉ်နဲ့၊ ငါက အမေမွေးကတည်းက ရေကူးတတ်လာတာ"

"ဘယ်မှာ ကူးတာလဲ"

"ဘဲဥဇလုံကြီးထဲမှာလေကွာ"

"ဟား...ဟား"

ရယ်မောရင်း အောင်ဖုန်းက ရေထဲငုပ်သွားသည်။ ပြီး ကိုကိုလွင့် ခြေထောက်ကို ဖမ်းဆွဲ၏။ ကိုကိုလွင် ဆောင့်အ ရုန်းဝယ် အောင်ဖုန်း ရေပေါ်သို့ ဘွားခနဲ ပေါ်လာသည်။





"အရမ်းလုပ်ရသလားကွ၊ နှာနုကျိုးပြီလားတောင် မသိဘူး"

"မင်းက ဖြည်းဖြည်းဆွဲပါလား"

"ခြေထောက်ကို အသေအချာမှန်းဆွဲရတာပေါ့ကွ"

"ဟာ ..ညစ်ပတ်ပြီ"

လက်ကို ရေပြင်မှာ ရှပ်တိုက်ပြီး ပက်သည်။ အောင်ဖုန်း ... အရွှန်းအပျက်များနှင့် စိတ်ကိုပြောင်းလဲအောင် စနောက် ...လည်း စိတ်က ဘယ်လိုမှ ပျော်ရွှင်ခြင်းမရှိ။

အောင်ဖုန်း ဒုတိယအကြိမ် ရေထဲသို့ ခေါင်းထိုး အငုပ် ...င် ကိုကိုလွင် ကုန်းပေါ်သို့ အပြေးကလေး တက်သည်။ ပုလင်းကိုဖွင့်သည်။

ပြီး အရောအနှောမရှိပဲ ပုလင်းကို နှုတ်ခမ်းတွင် တေ့ပြီး ...ချ၏။ လည်ချောင်းတစ်လျှောက် ပူဆင်းသွားသည်။

"ဟော့ကောင်...ဟော့ကောင် မင်း ဒါ ဘာလုပ်တာလဲ"

အောင်ဖုန်း ရေထဲမှ အပြေးကလေး တက်လာ၏။

"အရက်သောက်တာလေ၊ သောက်ရင်မူးမယ်၊ မူးရင် ငါ နွဲ့တင်ကို မေ့သွားမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခွီးမှပဲ၊ မင်းကလည်း တကယ်လုပ်တယ်"

ပြောပြီး အောင်ဖုန်းက သူ့လက်ထဲမှ ပုလင်းကို ဆတ်ခနဲ ဆွဲယူ၍ ရေထဲသို့ လွှင့်ပစ်လိုက်၏။

"မင်း ဘာလုပ်တာလဲ အောင်ဖုန်း၊ ငါ့ကို အရက်သောက်ဖို့ မင်းပဲ အကြံပေးတယ်၊ ခု မင်းပုလင်းကို လွှင့်ပစ်တယ်"

အောင်ဖုန်းက သူ့မျက်နှာကို ခပ်ဝေဝေလေးကြည့်ပြီး

"မကျေနပ်ရင် ငါ့ကို ထိုးပါ သူငယ်ချင်းရာ၊ မင်းကို အရက်သောက်ဖို့ မြှောက်ပေးတာတော့ အမှန်ပါပဲ၊ ဒါပေမယ့် တကယ်တော့ မင်းသောက်မယ်ဆိုတော့ ငါမကြည့်ရက်ဘူး၊ အရက်ကြောင့် ဘဝပျက်၊ ဥစ္စာပျက်နဲ့ ဆင်းရဲဒုက္ခရောက်နေကြတဲ့သူတွေ ငါ့ပတ်ဝန်းကျင်မှာ အများကြီးကွာ၊ ဒါတွေကို ငါချက်ချင်း ပြန်တွေးပြီး မြင်ယောင်လာတော့ မင်းအရက်သောက်မှာကို ငါလက်မခံနိုင်တော့ဘူး၊ ထိုးကွာ ဈေးကြီးပေးဝယ်လာတဲ့ အရက် ပုလင်းကို လွှင့်ပစ်လိုက်လို့ ငါ့သွားတွေ ကျွတ်ထွက်သွားအောင် မင်းထိုးလိုက်စမ်းပါ"





မျက်နှာကို ရှေ့သို့ တိုးပေးသည်။ ရေစက်များ အောင်ဖုန်း မျက်နှာမှာ သီးထနေ၏။

ကိုကိုလွင် ငိုင်ကျသွားသည်။

သောက်ဖြစ်ထားသည့် အရက်တစ်ငုံကြောင့် ခေါင်းက နောက်နောက် ဖြစ်ချင်လာ၏။

"အရက်ဆိုတာ မူးမှာပေါ့ သူငယ်ချင်းရာ၊ အရက်က ကောင်းတဲ့အရာမှ မဟုတ်တာ"

"မင်းကလည်း အမျိုးမျိုးပဲ၊ ခုပဲ အရက်သောက်၊ ခုပဲ မသောက်နဲ့တဲ့"

"ငါ မှားပါတယ်ကွာ၊ အရက်ကို လက်ဖျားနဲ့ မတို့ဖူးတဲ့သူငယ်ချင်းကို ငါ ဖျက်ဆီးရမလား၊ ငါ လည်း မသောက်ဘူး၊ မင်းလည်း မသောက်ရဘူး"

"ပုလင်းလည်း မရှိတော့ပါဘူး"

ပြောပြီး ခင်းထားသည့် လုံချည်ပေါ်မှာ ပက်လက်လှန် အိပ်လိုက်၏။

"ငါ နွဲ့တင်ကို ချစ်တယ်ကွာ"

"အေးပါ..ချစ်ပါ"

အောင်ဖုန်းက သူနှင့်အတူ ယှဉ်လှဲနေရာမှ သံယောင် လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ နွဲ့တင်က ငါ့ကို မချစ်ဘူး"

"မင်းကို ပြောလို့လား"

"အဖြေမှ မပေးဘဲ၊ ကျောင်းကို အစောကြီး ရှောင်ထွက်သွားတာ"

"သူ့ကိစ္စတစ်ခုခုရှိလို့ နေမှာပေါ့ကွာ၊ အချစ်ဆိုတာ လတ်တလောကြီး ဆုံးဖြတ် အဖြေပေးလို့ ရတာမှ မဟုတ်တဲ့ဟာ၊ တဖြည်းဖြည်းတော့ စဉ်းစားချင့်ချိန်ပြီး မင်းကို သူအဖြေပေးမှာပါ၊ နွဲ့တင် မင်းကို ဘယ်လောက် သံယောဇဉ်ရှိတယ်၊ ကြီးတယ်ဆိုတာကို ငါအသိဆုံးပါ၊ ကျောင်းမပြီးမချင်း အချစ်ရေးဘက်ကို အလေးမထားတာလည်း ပါမှာပါ"

"မဟုတ်ဘူး"

"ဟုတ်ပါတယ်၊ နွဲ့တင်က သူ့ဘဝကို လေးလေးနက်နက် တွေးတယ်"

ပန်းပွင့်ရောင် အတွေးများ ပျောက်ပျက်ပြီး နွဲ့တင်၏ တည်ငြိမ်လွန်းသော မျက်နှာကို သူမြင်ယောင်လာ၏။

"ငါ အရမ်းခံစားရတယ်"

"သိတာပေါ့၊ အချစ်ရောဂါဆိုတာ ဖျားနာ ကိုယ်ပူရောဂါမျိုးမှ မဟုတ်တာ"





သူပင့်သက် တချချ ဖြစ်နေသည်ကိုတော့ အောင်ဖုန်း သိမ့်မည်။ အတန်ကြာသည်အထိ သူ ခပ်မဆိတ်နေ၏။

"အောင်ဖုန်း"

"ဘာလဲ"

"ငါ့ကို ကယ်ပါဦးကွာ၊ နွဲ့တင်ရဲ့ အချစ်ကို မရရင် ငါ သေလိမ့်မယ်"

အောင်ဖုန်းထံမှ အသံမထွက်။

အကြောင်းအရာ တစ်ခုကို စဉ်းစားနေမည်ကို သိသည်။

အတော်ကြာတော့မှ...

"ငါအစီအစဉ် တစ်ခု လုပ်ပေးမယ်"

လဲလျောင်း နေရာမှ သူလူးလဲထလိုက်ပြီး...

"ထစမ်းပါဦးကွာ၊ ပက်လက်ကြီးလှန်ပြီး အရမ်းစဉ်းစား မနေပါနဲ့၊ ဒီအရေးမှာ မင်းမပါရင် ငါ့အသည်းနှလုံး ပြာကျသွားလိမ့်မယ်"

သူ အောင်ဖုန်းကို ဆွဲထူသည်။

အောင်ဖုန်းက သူ့အစီအစဉ်ကို ပြောပြ၏။

"မင်းက မူးချင်ယောင်ဆောင်၊ ငါက နွဲ့တင်ဆီသွားပြီး နွဲ့တင်ကြောင့် ဒီကောင် ကလပ်(စ်)လည်း



www.burmeseclassic.com

www.burmeseclassic.com



မတက်ဘူး၊ အရက်တွေ သောက်နေတယ်၊ ကြာ ရင် ဒီကောင့် ဘဝ ပျက်စီးလိမ့်မယ်လို့ ခပ်တည် တည်ဖိန့်ပြီး နွဲ့တင်ကို ခေါ်လာမယ်၊ မင်းကသာ အမူးသမား အက်ရှင်အပြည့်အဝ ရှိပါစေ"

"တောက်...စောစောက အရက်ပုလင်းကို မင်း ရေထဲ လွှင့်ပစ်တာ နာတယ်ကွာ၊ တကယ်သောက် ပြီး သရုပ်ဆောင်လိုက်ရင် ပိုအသက်ဝင်မှာ"

"အေး..တကယ်သောက်ပြီး သရုပ်ဆောင်ရင် အ သက်ဝင်မှာတော့မဟုတ်ဘူး၊ အသက်ငင်မှာ၊ အရက်ကို တစ်စက်တောင် မသောက်ဖူးတဲ့ကောင် ကများ၊ ဒီမယ် ကိုလွင်... မင်းလည်း ရုပ်ရှင်တွေ ကြည့်ဖူးတာပဲကွ၊ အိုက်တင်တော့ လုပ်တတ်မှာပေါ့"

"လုပ်တတ်ပါတယ်၊ ဒါပေမယ့် ပါးစပ်က အရက်နံ့ မှ မထွက်တာ"

"ထူပါ၊ တုံးပါ့ ကိုလွင်ရာ၊ ရှားစေးများများနဲ့ ကွမ်း နှစ်ယာလောက်ဝါးထား၊ အရက်သမားတိုင်းကွမ်း ဝါးတယ်ဆိုတာ နွဲ့တင်လည်းမိန်းမအတွေးလောက် နဲ့ တွေးမှာပဲ"





"အိုကေ...မင်းသာ နွဲ့တင်ကို အရခေါ်နော်"

အောင်ဖုန်းက ခေါင်းညိတ်သည်။

နှစ်ယောက်သား အင်းလျားမှထပြီး ပညာရေးဘက်သို့ ...ခဲ့၏။ လမ်းဘေး ကွမ်းယာဆိုင်မှလည်း ကွမ်းနှစ်ယာ ...ရှားစေးများများ ထည့်ခိုင်းပြီး ဝါးခဲ့ပါသေး၏။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

[၁၁]

နှုတ်ခမ်းမှာ ရဲနေသည့် ကွမ်းသွေးများကိုကြည့်ပြီး အော… ဖုန်းက ခေါင်းတညိတ်ညိတ်။ ခပ်ယိုင်ယိုင် ခပ်နွဲ့နွဲ့ အမူအရာ… လုပ်ပြတော့…

"သိပ် မပိုနဲ့၊ တော်သင့်ရုံဆိုရပြီ"

"ငါ့အမူအရာ အိုကေတယ်နော်"

"ခုအချိန်မှာတော့ ဘာမှ ပြောစရာမရှိဘူး၊ နွဲ့တင် ရောက်လာမှ အမှားမှား အယွင်းယွင်းဖြစ်ရင် မင်း နဲ့ငါ အတွေ့ပဲ"

ခရေပင်ကြီးအောင် မြောင်းအုတ်ခုံသို့ ရောက်တော့ ကျော… မှီပြီး မူးလဲနေသယောင် ဆောင်ရ၏။ နေရာက လူအသွားအ… လာပြတ်သဖြင့်သာ တော်တော့သည်။ လုပ်ရပ်ကတော့ အ… တော့်ကို အရှက်နည်းရသည့် လုပ်ရပ်။





အောင်ဖုန်း နောက်ဘက်ပေါက်ကနေ ပညာရေးဝင်း …င်သွားတော့ သူ့ရင်တွေလှိုက်ဖိုနေရသည်။ အဆင်မှပြေ …လေား၊ နွဲ့တင် အသာတကြည်မှ လိုက်လာပါ့မလား။

☆ ☆ ☆

နွဲ့လေးတင်ကို တွေ့မှ အောင်ဖုန်းပင့်သက်ကြီးကို ဟူး …ခဲ မှုတ်ထုတ်သည်။ နွဲ့လေးတင်က မျက်မှောင်ကြုတ် ကြည့်

"အောင်ဖုန်း…နင်ကလပ်စ်လစ်ပြန်ပြီထင်တယ်"

"ငါလစ်တာ မလစ်တာကို ဘေးဖယ်ထား၊ ပညာ ရေးနောက်မှာ ကိုကိုလွင် မူးလဲနေလို့"

"ဟင်…ကိုလွင်မှာ မူးလဲလောက်တဲ့ ရောဂါဘာမှ မရှိပါဘူး၊ ဒီအရွယ်နဲ့သွေးလည်း မတိုးနိုင်ပါဘူး"

"နင်ကလည်း ထင်ရာတွေ စွတ်ပြောနေပြန်ပြီ၊ ခု ဒီကောင် မူးလဲတာက အရက်မူးကြီး မူးလဲနေတာ"

"ဟင်"

"နင် ဟိုရောက်ရင် တွေ့မယ်ဟာ၊ ငါလည်း တော် တော်ကို စိတ်ညစ်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



နွဲ့လေးတင် ဘာကိုမှ မတွေးဆနိုင်တော့၊ အောင်ဖု
နောက်မှ အပြေးကလေး လိုက်ခဲ့သည်။

ရောက်တော့ မြင်ကွင်းက သက်သာခြင်းမရှိ။ မြော
ဘောင်ကိုမှီပြီး ကိုကိုလွင် ခေါင်းကြီးငိုက်စိုက်ကျနေပါ၏။

နွဲ့လေးတင်က အပြေးကလေး ပွေ့သည်။

ရင်ခွင်မှာ ပုဂ္ဂိုလ်က ခေါင်းကို ဘယ်ညာပင်ယမ်းလို
ပါသေး၏။ အဖြစ်ကိုကြည့်ပြီး အောင်ဖုန်းက မျက်နှာတစ်ဖ
သို့လွှဲ၍ ပါးစပ်ပိတ်ရယ်သည်။

"ကိုလွင်...ကိုလွင်"

လှုပ်ခေါ်သော်လည်း ကိုကိုလွင်က မျက်လုံးလေးပ
မပွင့်။

"ကိုလွင်ရယ်...မိန်းမတစ်ယောက်ရဲ့ ရင်ထဲမှာ ဘာ
တွေ ဖြစ်နေတယ်ဆိုတာ ရှင် တကယ်ပဲ မလေ့လာ
တတ်ဖူးလားဟင်"

နဖူးပြင်မှာ ဝဲကျနေသည့် ဆံစများကို နှုတ်ဖျားလေး
လေးနှင့် မှုတ်သည့်အထိအတွေ့။

နွဲ့တင်၏ တိုးညင်းစွာ ဆိုလာသည့်စကား။





ဝမ်းသာစိတ်နှင့်မျက်လုံးကို ချက်ချင်းဖွင့်ပြီး ခုန်ပေါက်
ချင်သော်လည်း အခြေအနေက သည်လို လက်လွှတ် စ
နိတီးလို့မရ၊ အယုံအကြည်မဲ့သွားမှ တစ်သက် ကိုယ်
ည်းမည်။

သို့ကြောင့်...မျက်လုံးကို ချက်ချင်းမဖွင့်ဘဲ...

"နွဲ့. .နွဲ့တင်"

"အနားမှာလေ၊ ကိုလွင့်အနားမှာ နွဲ့တင်ရှိပါတယ်၊
ကိုလွင် အမူးပြေပြီလားဟင်၊ အောင်ဖုန်းရယ် နင်
လေ နည်းနည်းလေးမှ မကောင်းဘူး"

"ဟ...ငါက ဘာလုပ်လို့လဲ"

"နင် ကိုလွင့်ကို အရက်တွေတိုက်တယ်မို့လား"

"ကြည့်...နောက်တော့ ငါပဲ အပြောခံထိတာပဲ၊ သူ့
ဘာသာသူ စိတ်ညစ်လို့ သောက်တာဟ၊ နင် သူ့ကို
မစောင့်ဘဲ ကျောင်းသွားလို့ စိတ်ညစ်ပြီး သောက်
တာ၊ ပြီးတော့ ပြောသေးတယ်၊ နင်းဆီတစ်ပွင့်လား၊
ဘာလား မသိပါဘူးဟာ၊ တော်တော် စိတ်ညစ်ဖို့
ကောင်းတာပဲ"

နွဲ့လေးတင်က မျက်လွှာကို အသာချသည်။
သည်မှာ ညည်းသံတစ်ချက် ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလွင်၊ နွဲ့တင်လေ၊ မျက်လုံးဖွင့်ကြည့်ပါဦး"

စိတ်ကတော့ အရမ်းရယ်ချင်နေ၏။

ကိုယ်ကိုထပ်မံ၍ လွန့်လိုက်ပြီး မျက်လုံးကို အမူးသ[illegible]

ဟန်နှင့် ခပ်ဖြည်းဖြည်းအဖွင့်...

☆ ☆ ☆

"အို... နွဲ့တင်ရယ်..."

ရင်မှာ အချစ်၏အင်အားများ ကြီးမားလာ၏။

ဝမ်းသာခြင်း၊ ကျေနပ်ခြင်းများနှင့် နွဲ့တင်၏ ခေါင်း[illegible]

စူးစူးစိုက်စိုက်ကြည့်သည်။

သေချာပါသည်။

အဖြူရောင် နှင်းဆီတစ်ပွင့်ကို နွဲ့တင်ပန်ထားပါသည်။

"နွဲ့တင်ရယ်၊ ခေါင်းမှာ နှင်းဆီဖြူလေး ပန်ထား

ရက်နဲ့ ကိုယ့်ကိုဘာလို့ မစောင့်ရတာလဲ"

"ရှက်လို့"

"နွဲ့တင်ရဲ့အရှက်မှာ ကိုယ်ဘယ်လို အသက်ပါသွား

နိုင်တယ်ဆိုတာ နွဲ့တင်သိရဲ့လားဟင်"

"သိပါတယ်"





"ဟော့ကောင်တွေ... ဒါ လူမြင်ကွင်းနေရာကွ၊ အ

လွမ်းသယ်ရမယ့် ဇာတ်ခုံမဟုတ်ဘူး"

အောင်ဖုန်း ကုန်းအော်၏။

နွဲ့တင်က မသိကျိုးကျွံပြုပြီး ကိုကိုလွင်ကို ဆွဲထူသည်။

ကိုလွင်က အလိုက်သင့်ထလိုက်၏။

"ခုတော့လည်း အဆင်ကို ချောလို့ပါလားကွ၊ ငါ

ကဖြင့် စောစောက အံ့ဖတ်ဆိုလို့ သေပြီမှတ်တာ"

အောင်ဖုန်းက ခပ်တည်တည် ဖိန့်ပြန်၏။

"မင်းက စိတ်ညစ်ရင် အရက်သောက်ဆိုပြီး ငါ့ကို

တိုက်တာကိုးကွ၊ ဒီတော့ ငါက သောက်တာပေါ့"

"ဟော့ကောင်...ဟော့ကောင်၊ မင်းစကားကို ဆင်ခြင်

ပြောနော်ကိုလွင်"

"အံမယ်၊ နင် ကိုလွင့်ကို ဟောက်မနေနဲ့ အောင်ဖုန်း၊

နင်အတင်းတိုက်လို့ ကိုလွင်သောက်တာနေမှာ၊

ဒီလောက်တောင် အရက်တိုက်ချင်ဦးဟယ် ...ကဲ..."

"ဒေါင်"

"အာ ရှီ့ရှီ့၊ နာလိုက်တာဟာ၊ ဟော့ကောင် ကိုလွင်

မင်းပြဿနာ မလုပ်နဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



အောင်ဖုန်းကိုကြည့်ပြီး ကိုကိုလွင်က ရယ်၏။

"နင် သိပ်ဂြိုဟ်ထတာပဲ အောင်ဖုန်း"

"အေးပါ၊ ငါက ဂြိုဟ်ကောင်ကြီးပါ၊ ထားလိုက်ပါတော့၊ လောလောဆယ်ကတော့ နင့်ကိုလွင် ဒီပုံစံအတိုင်း အိမ်ပြန်ခိုင်းလို့ မဖြစ်ဘူး၊ နင့်အိမ်ကို ခဏခေါ်သွားဦး"

"အေးပါ"

အောင်ဖုန်း တက္ကစီတစ်စီး ခေါ်လာသည်။

ကားပေါ်ကို တွဲတင်တော့...

"အရက်စော်နံလိုက်တာ ကိုလွင်ရယ်"

ကိုကိုလွင် စိတ်ထဲမှ ကျေနပ်စွာ ရယ်နေမိပါ၏။

ဒါဟာ နွဲ့တင်ရဲ့ရိုးသားခြင်းပါပဲ။

အရက်မူးတယ်ဆိုတာနဲ့။

အရက်စော်ကို ပစ်နံလိုက်တော့တာပဲလား နွဲ့တင်ရယ်

☆ ☆ ☆





[၁၂]

"ကြည့်စမ်း...ကြည့်စမ်း၊ မီမီတို့ ဘယ်တုန်းက ရန်ကုန်ပြောင်းလာကြတာလဲ၊ မတွေ့တာ လေးငါးခြောက်နှစ်ကွာ"

"အင်း မဆုံဖြစ်ဆို ကိုယ်တို့ နယ်ပြောင်းခါနီးမှာ မေဦးတို့က ရန်ကုန်ပြောင်းလာ၊ သံသရာကြီး လည်နေတယ်ဆိုတာကတော့ အမှန်ပဲ မေဦးရေ"

"နေပါဦး သူကလေးက သမီးလား"

တအံ့တသြဟန်နှင့် မေမေ့အသံက အပေါ်ထပ်ထိ လွင့်[illegible]သည်။ ကိုကိုလွင် ဒရင်းဘက်ခ်မှာ ထိုင်နေရင်းမှ နားကို [illegible]စွင့်သည်။ ဘယ်က ဧည့်သည်တွေများပါလိမ့် ဆိုသည့် [illegible]ွေးကလည်း ရင်မှာ ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ မေဦး၊ သမီးကိုတော့ မေဦး ဘယ် မှတ်မိတော့မလဲ"

မေမေနှင့်အရှမ်း ရင်းရင်းနှီးနှီး ရှိသည်ကို စိတ်က သ လိုက်၏။

"အင်း…မေဦး သမီးကို မမှတ်မိနိုင်သလို ကိုယ် လည်း မေဦးသားကို မြင်ရင်တောင် မှတ်မိမှာ မ ဟုတ်ဘူး၊ ဒါနဲ့ သားတော်မောင်ကြီး ဘယ်သွားလဲ"

"အပေါ်ထပ်မှာ၊ ကိုကိုကတော့ အိပ်ရာမှာ ခဏလှဲ နေလား မသိဘူး"

လှေခါးထစ်များကို နင်းဖိတက်လာသည့် ခြေသံ ကြားသည်။ မေမေမှန်း ကိုကိုလွှင် သိလိုက်၏။

☆ ☆ ☆

မာမီ့မျက်နှာ ဝင်းဝင်းပပ ဖြစ်နေသည်ကို သူမ စဉ်းစာ လို့မရ။

မာမီက ပြောသေးသည်။

"မာမီနဲ့မေဦးက ရွယ်တူသမီးရဲ့ မိုးကုတ်မှာ ကျောင်း အတူနေတယ်၊ စာမေးပွဲကျလည်း အတူ၊ အောင်





လည်းအတူ၊ ပြီးတော့ လင်ယူတော့လည်း တစ်နှစ် ထဲ တစ်လထဲ အတူတူပဲ၊ ဟင်း…ဟင်း"

"မာမီကလဲ"

"ဒါတင် မကသေဘူး၊ ကလေးမွေးတော့လည်း တစ်နှစ်တည်းပဲ၊ သမီးနဲ့မေဦးသားဆိုရင် အသက် ရွယ်တူလောက်နေလိမ့်မယ်"

"အို…မာမီကလဲ ဒါကို သမီး စိတ်မဝင်စားပါဘူး"

"ဟဲ့…သူတို့က မာမီတို့လိုပဲ တစ်ယောက်တည်း တစ်ဦးတည်းသောသား၊ မေဦးဘက်က ဆိုရင် မာမီတို့ ချမ်းသာတာ သူတို့ အပျော့စားလောက်ပဲ ရှိတယ်"

"စိတ်မဝင်စားဘူး"

"အေး…ညည်းကတော့ ဘာမှကို စိတ်မဝင်စားဘူး၊ ဒီမယ် သမီးရင်ထဲ အသည်းထဲမှာ နားလည်ထား စမ်း၊ မာမီ ဘာလုပ်လုပ် ရည်ရွယ်ချက် ဆုံးဖြတ် ချက် ရှိတယ်ဆိုတာ"

"ဘာလဲမာမီ၊ အန်တီ ခင်မေဦးသားနဲ့ သမီးကို ပေးစားဖို့ လူလုံးလာပြတာလား"



www.burmeseclassic.com

www.burmeseclassic.com



"တိတ်စမ်း၊ ဟိုမှာ သားအမိ သားအဖတွေ ဆင်းလာကြပြီ"

ခြေသံများကြောင့် နှုတ်ကို ဆိတ်လိုက်သည်။

ခေါင်းကိုလည်း အသာငုံ့ထားမိပါ၏။

☆ ☆ ☆

"အားပါး၊ နောက်က သားတော်မောင်ကြီးလား၊ ကြည့်စမ်း၊ လမ်းမှာတွေ့ရင် ကိုယ် ဘယ်လို မှတ်မိနိုင်မှာလဲ"

မာမီ၏ အံ့အားတသင့်ဟန်။

သူမ ခေါင်းကို ငုံ့ထားရာမှ အမော့တွင်…

"အလိုလေးလေး၊ ကိုကိုလွင်ပါလား…"

ချယ်ရီခိုင်ရင်မှာ တီးတိုးသံများ ပဲ့တင်ထပ်သွား၏။ ကိုကိုလွင်ကို မြင်သည်နှင့် နွဲ့လေးတင်နှင့်ပတ်သက်ခဲ့သော ကျောင်းတော်က ရန်စက လွှန့်ကြွလာသည်။

ကိုကိုလွင်ကို ချယ်ရီခိုင် မုန်းသည်။

နွဲ့လေးတင်ဘက်မှာ အစဉ်ထာဝရ ရှိနေတတ်သော ကိုကိုလွင်ကို မုန်းခဲ့သည်မှာ ကြာပြီ။





နှစ်ဖက်မိဘတွေက ရယ်ရယ်မောမောနှင့် မိတ်ဆက်ခဲ့သော်လည်း မိဘများ အလစ်မှာ ချယ်ရီခိုင်က ကိုကိုလွင်ကို မဲ့ရွဲ့ပြခဲ့သည်။

"ခြံကြီးက အကျယ်ကြီးပါပဲလား မေဦးရယ်၊ စိုက်ထားတဲ့ ပန်းပန်တွေကလည်း မျိုးစုံပဲ"

"အဲဒါ သားစိုက်တာ မိမိရဲ့၊ သား မင်းအန်တီ မိမိကို ခြံထဲလိုက်ပြပါလား"

"အန်တီက ပန်းပွင့်တွေကို သဘောကျတယ်လား၊ ကျွန်တော် လိုက်ပြမယ်လေ"

"အန်တီက အသက်ကြီးပါပြီ သားရယ်၊ မင်းညီမကိုသာ လိုက်ပြလိုက်ပါ၊ မင်းညီမက ပန်းဆို ငမ်းငမ်းတက်ပဲ"

သည်သို့နှင့်…

☆ ☆ ☆

"အစီအစဉ်ထဲမှာ နင့်ကိုလိုက်ပြဖို့ အစီအစဉ် လုံးဝမပါဘူး"

ပန်းခုံလေးနား အရောက်တွင် သူပြောသည့် စကားကို ချယ်ရီခိုင်က မျက်နှာတွန့်ရှုံ့ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"အေး...နင့်ပန်းခင်းကို လိုက်ကြည့်ဖို့ အစီအစဉ်လည်း လုံးဝ မရှိဘူးသိလား"

"မရှိရင် ဘာလို့ လိုက်ကြည့်လဲ"

"မာမီအဆူကို မခံချင်လို့ သိလား၊ နောက်ပြီး နင့်ဖေဖေနဲ့မေမေကိုလည်း အားနာလို့ လိုက်ကြည့်တာ"

"ကြီးကျယ်လိုက်တာ၊ နင်နဲ့ငါနဲ့က ရေစက်ကို မပြတ်ဘူး၊ နင် ရတနာစိန်ခြယ်ကိုရောက်လာတာ၊ ငါ့ငယ်ထိပ် မြွေပေါက်တာနဲ့ အတူတူပဲ"

"လူဝါးဝလိုက်တာ၊ နင်တို့ခြံလာချင်လို့ လာတယ် များထင်နေသလား၊ နင် ဒီမှာရှိမှန်း ကြိုသိရင် လုံးဝ ပဲ သိလား"

"ဘာ လုံးဝလဲ၊ လုံးဝဆိုတာ ဝလုံးကို ပြောင်းပြန် လှန်ခေါ်တာလား"

စကားမတုန့်ပြန်သော်လည်း ချယ်ရီခိုင် မျက်နှာ စူပုပ်၏။ ကိုကိုလွင်က ပန်းခုံမှာချိတ်ထားသည့် သော့ကို လှမ်း ပြီး နှင်းဆီခင်း အဝင်တံခါးသော့ကို ဖွင့်လိုက်သည်။

"လာလေ"

"ရှေ့က သွားပါ"





"အံမာ၊ ငါကလည်း အားတိုက်လက်တွဲ မသွားပါဘူး"

"နင် စကားကို အစီးနဲ့ မပြောပါနဲ့"

"ရိုးရိုးသားသား ပြောတာပါ၊ အဲ...ခဏနေဦး နှင်းဆီခင်း မဝင်ခင် သတိတစ်ခု ပေးရမယ်"

"ဘာလဲ"

"ပန်းမခူးရဘူး၊ ဉယျာဉ်မှူးဆိုတဲ့ ငါ့ရဲ့ ခွင့်ပြုချက် မရဘဲ မြက်တစ်ပင်တောင် ဆွဲနှုတ်ခွင့် မရှိဘူး"

ချယ်ရီခိုင် ဒေါသတကြီး ဖြစ်ဟန်ကိုကြည့်ပြီး သူ ရယ်နေ၏။

"နင် အရမ်းကို လူဝါးဝတာပါပဲလား ကိုကိုလွင်"

"ဟုတ်လို့လား"

"ဟုတ်တယ်၊ ဟုတ်တယ်၊ အရမ်းကိုမှ နင်လူဝါးဝတာ"

"မိုက်ရိုင်းလှချည်လား"

"ငါ့ကို ရိုင်းရင် ငါကလည်း ရိုင်းမှာပဲ၊ ဒီမယ် နင့်ခြံထဲက နှင်းဆီပန်းမျိုးဈေးမှာ ငါးဆယ်တစ်ရာ ပေးရင် ပါးရိုက်ပြီး ဝယ်လို့တောင်ရတယ်သိလား"

"ဒါတွေ ငါမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မသိရင်နေ၊ နှင့်ပန်းခင်းကို ငါဝင်မကြည့်ဘူး၊ ဒီမှာပဲ ခဏရပ်ပြီး ငါပြန်သွားမယ်"

သူက ချယ်ရီခိုင်ကို ခပ်စွေစွေလေး စောင်းငဲ့ကြည့်ပြီး

"ကောင်းတာပေါ့၊ ငါကလည်း နှင့်ကို သိပ်လိုက်ပြ ချင်တာ မဟုတ်ဘူး၊ ကိုယ်မြတ်မြတ်နိုးနိုး စိုက်တဲ့ ပန်းကို ကိုယ်မြတ်နိုးတဲ့ သူကိုပဲ လိုက်ကြည့်စေ ချင်တာ၊ နှင်လိုက်ကြည့်တော့ ဖီးလ်အောက်တာ ပေါ့ဟာ"

"ဘာ"

ဘာဆိုသည့် အသံကြီးအတွက် သူတွန့်ခနဲ ဖြစ်သွားပြီ ခြေတစ်လှမ်းပင် ဆုတ်လိုက်မိသည်။

"ဒီမယ် ကိုကိုလွင်"

"ပြောပါ"

"ငါလေ နှင့်ကို သိပ်မုန်းတယ်သိလား၊ ကဲ...မှတ်ထား"

"အင့်..."

မထင်မှတ်သော ချယ်ရီခိုင်၏ လက်သီးလုံးက ဗိုက်ထဲ စွတ်ဝင်လာသည်။ အင့်ဆိုသည့်အသံနှင့်အတူ သူ့ခါးကလေး ကုန်းလွတ်သွား၏။





"အီး..တကယ်ထိုးတယ်ဗျ"

ချယ်ရီခိုင် နောက်ကြောင်းပြန်မကြည့်ပဲ တိုက်ဆီသို့ ပြေးကလေး ထွက်သွား၏။

သည်သို့နှင့် ကိုကိုလွင်နှင့် ချယ်ရီခိုင်သည်....

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



[၁၃]

"ရည်းစားထားတာ ချစ်သူထားတာ အချိန်တွေ
ဖြုန်းတီးပြီး ချောင်ကြိုချောင်ကြားမှာ သွားထိုင်ဖို့
မဟုတ်ဘူး ကိုလွင်၊ ကိုယ်မြတ်နိုးတဲ့သူနဲ့ ဘဝခရီး
ရှည်ကြီးကို တိုင်တိုင်ပင်ပင် ချီတက်ဖို့ အုတ်မြစ်ချ
တာ၊ နွဲ့တင် ကိုလွင့်ကို မြတ်နိုးလွန်းလို့ အချစ်ကို
လက်ခံတာ၊ တကယ်ဆို နွဲ့တင် အချစ်ကို စဉ်းစား
ဖို့အတွက် စောပါသေးတယ်"

ပန်းခြံသွားချင်သည်၊ ရုပ်ရှင်သွားချင်သည် ဆိုသ
စကား ပြောမိတာကိုက အပြစ်ကြီး တစ်ခု ဖြစ်နေမှန်း
သိရတော့သည်။

နောက်ပြီး ...





အေးအေးဆေးဆေး စကားပြောချင်လို့ပါဆိုသည့်
ား ပြောမိခြင်းကလည်း တကယ့်ကို အမှားကြီးတစ်ခု ဖြစ်
တော့သည်။

"ကိုလွင် သေသေချာချာ နားလည်ထားစမ်းပါ၊
နွဲ့တင် ကိုလွင့်ကိုချစ်တာ စိတ်လှုပ်ရှား စိတ်ကစား
ပြီး ချစ်တာမဟုတ်ဘူး၊ ဘဝနဲ့ယှဉ်ပြီး ချစ်တာ၊
နွဲ့တင်စိတ်ဓာတ်ကို ကိုလွင်နားလည်ပါတယ်လေ၊
နွဲ့တင်အချစ်က ကိုလွင်နဲ့ရုပ်ရှင်ကြည့်၊ တိရစ္ဆာန်
ဥယျာဉ်သွား၊ အင်းလျားက ခြံနံဘေးမှာ ပရောပရီ
နေဖို့ချစ်တာမဟုတ်ဘူး၊ ချီတက်နေတဲ့လမ်းကြောင်း
တွေ မတိမ်းမစောင်းအောင် တစ်ယောက်နဲ့တစ်
ယောက် ဖေးမအားပေးပြီး အင်အားမွေးဖို့ ချစ်တာ၊
ပြီးတော့ အေးအေးဆေးဆေး စကားပြောချင်
တယ်ဆိုရအောင် ခုနွဲ့တင်နဲ့ကိုလွင်က ပူပူလောင်
လောင် စကားပြောနေရလို့လား၊ အိမ်မှာလည်း
အေးအေးဆေးဆေး စကားပြောနိုင်တယ်၊ ပြီးတော့
နွဲ့တင်နဲ့ကိုလွင်က ချစ်သူပူပူ နွေးနွေးလေးတွေ
လည်း မဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



နွဲ့တင်၏ တည်ငြိမ်သော စကားလုံးများက နားထဲသို့ အေးစက်စွာ ဝင်ရောက်လာ၏။ သူပြောရန် စကားလမ်းကြောင်းတွေလည်း ပိတ်ကုန်သည်။

"ကိုလွင် စဉ်းစားကြည့်စမ်း၊ ရည်မှန်းချက်တွေ ပြည့်ဝဖို့ ဘာလိုတော့လို့လဲ၊ ကိုလွင် လုပ်ချင်တာတွေ နွဲ့တင်လျှောက်လိုက် လုပ်နေရင် ကိုလွင့်ကို ချစ်ရာရောက်မှာမဟုတ်ဘူး၊ ဖျက်ဆီးရာရောက်မှာ"

"မဆိုင်ပါဘူး"

သူ့အသံက အော်သလို ဖြစ်သွား၏။

"ဘာ မဆိုင်ရမှာလဲ၊ စကားကို ပေါ့ပေါ့တန်တန် မပြောနဲ့ ကိုလွင်၊ ယောက်ျားက မိန်းမထက်ဘဝကို ပိုပြီး လေးလေးနက်နက် တွေးရတယ်သိလား"

"နွဲ့တင် ကိုယ့်ကို မချစ်ပါဘူး"

သည်စကားပြောမိကာမှ အပြစ်က ပိုကြီးတော့သည်။

"ဘာ...ပြန်ပြောစမ်း၊ အဲသလို စကားကို အောက်တန်းမကျနဲ့ သိလား၊ နွဲ့တင်တို့ ငွေကြေးမချမ်းသာပေမဲ့ နှလုံးသားသစ္စာကြီးတဲ့မိန်းမစားသိလား၊ ဒီမယ် ကိုလွင်"





"ပြော"

"စကားဆို လူရှင်းလူပြတ်တဲ့ နေရာမှာ ပြောမှ စကား အေးဆေးတာ မဟုတ်ဘူး၊ အိမ်မှာလာပြောရင်လည်း အေးဆေးတယ်၊ အိမ်မှာ ကိုလွင် နွဲ့တင်ကို စကား လွတ်လွတ်လပ်လပ် မပြောရလို့ လား၊ ပန်းကလေး ဖက်ရမှ ပါးကလေး နမ်းရမှ ဆိုတာက အချစ်မဟုတ်ဘူး၊ ညစ်ညမ်းတဲ့ တဏှာပဲ"

"ဒါဖြင့်ရင်လည်း မယ်သီလရှင် လုပ်ကွာ"

သူ ဘုဆတ်ဆတ်ပြောတော့ နွဲ့တင် မျက်နှာတစ်ဖက် လှည့်ပြီး ပြုံးသွားသည်ကို သူမြင်၏။

လမ်းမကို ဖြတ်ကူးတော့ ပြောနေသည့်ကြားက သူက နွဲ့တင်၏ လက်ချောင်းလေးများကို ဆုပ်ကိုင်ဖြစ်အောင် ကိုင်လိုက်သေး၏။

"ကိုလွင် လူမြင်ကွင်းကြီးနော်"

ချစ်သူသည် သည်လို အရှက်ကြောက်ကြီးသူ ဖြစ်ပါ၏။

"သွားချင်လာချင်တယ်ဆိုတာက ချစ်သူနဲ့ ဘုရားသွားကျောင်းတက် သဘောမျိုးပါ နွဲ့တင်ရယ်၊ ဆန်းပြားတဲ့ စိတ်မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ညနေဘုရားတက်မယ်၊ အမေ့ကိုလာ
ပြော"

"ဟာ... နွဲ့တင်ကလဲ"

"ကိုလွင်နဲ့မေတ္တာရှိနေတာ အမေ သိတယ်၊ နွဲ့တင်
အမေ့ကို အကုန်ပြောထားတာ"

"ပြဿနာပါပဲ၊ အမေက နွဲ့တင်ကို မဆူဘူးလား"

ကားမှတ်တိုင်ကို ကျော်လွန်လာသည်။ လမ်းလျှော
မည် ဆိုသည့် အသိက နှစ်ဦးစလုံးမှာ ရှိ၏။

"အမေနဲ့ နွဲ့တင် ဆက်ဆံရေးက ပွင့်လင်းတယ်
ကိုလွင်၊ နွဲ့တင်ဘဝမှာ တိုးတိုးဖေါ်ဆိုလို့ အမေပဲ
ရှိတယ်၊ ကိုလွင် နွဲ့တင်ကို စာပေးတာက အ
အမေ့ကို ပြောပြတယ်"

"ရှက်လိုက်တာကွာ"

"တော်သေးတာပေါ့"

သူ ပျော်လာသည်။

ဒါကတော့ သူ စိတ်မကြည်လင်ရင် နွဲ့တင်က သူ့
ပေးတတ်သည့် သိမ်မွေ့သော အခွင့်အရေးပါပဲ။

"အမေက ကျေနပ်ရဲ့လားဟင်"





"အမိကက နွဲ့တင်ကျေနပ်ဖို့ပါပဲ ကိုလွင်၊ နွဲ့တင်ရဲ့
နှလုံးသားကိစ္စကိုလည်း အမေ ဘယ်တော့မှ အဆုံး
အဖြတ်ပေးမှာ မဟုတ်ဘူး၊ အမေ တစ်ခုပဲ သတိ
ပေးတယ်၊ မိန်းကလေးဆိုတာ ချစ်သူရဲ့ အလိုကို
နေရာတိုင်းမှာ မလိုက်ပါနဲ့တဲ့"

"ကိုယ့်ကိုယ့်ပါ နွဲ့တင်ရ"

"ယုံကြည်ဖို့အတွက် စောင့်ကြည့်ဖို့ကို အားပြုရ
တယ်လေ၊ ကိုလွင်တို့ယောကျ်ားတွေက ချစ်တယ်
ဆို စကားကို ပါးစပ်ဖျားက မချစတမ်း သုံးဝံ့ကြ
တာ၊ နွဲ့တင်တို့ မိန်းမတွေမှာသာ ချစ်တယ်ဆိုတဲ့
စကားလေးနှစ်ခွန်းပြောဖို့ကို အပြန်ပြန် အလှန်လှန်
စဉ်းစားကြရတာ"

သည်သို့နှင့်...

ညနေ ဘုရားသွားမည်ဆိုသည့် ကတိကို သူအတည်
ပြုခဲ့ပြီ...

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



အမေကမိုးမချုပ်စေနဲ့လို့မှာလိုက်တယ် ဆိုသည့်စကား
ကို သူက နွဲ့တင်ကို ပြောပြသည်။

"နောက်ပြီး မှာလိုက်သေးတယ် နွဲ့တင်"

"အမေက ဘာထပ်မှာလို့လဲ"

"မိုးချုပ်လို့ရှိရင် ပြန်မလာကြနဲ့တော့တဲ့၊ တစ်ခါ
တည်း ယူသွားကြတဲ့"

"သွား...မဟုတ်တာနဲ့"

ဘုရား ရင်ပြင်ပေါ် ဓါတ်လှေကားနှင့်မတက်ဘဲ ဆောင်
တန်းမှ တက်ခဲ့ကြသည်။

လှေကားတစ်ဝက်မှာ မောလိုက်တာဟု ဆိုပြီး နွဲ့တင်က
သူ့လက်မောင်းကို ဆုပ်ကိုင်သည်။ ဒါကို အချစ်ဟု သူက
လည်း ခံစားမိ၏။

"ကိုလွင်"

"ဘာလဲ နွဲ့တင်"

"နွဲ့တင်ကို ကိုလွင်နဲ့ စိတ်ချလက်ချ ထည့်လိုက်
လို့ အမေ့ကို အထင်များ သေးသွားသလားဟင်"

"နွဲ့တင် ဘယ်လို စကားမျိုး မေးလိုက်တာလဲဟင်"

သူက နွဲ့တင်မျက်နှာကို အံ့သြစွာ ကြည့်၏။





"မေးသင့်မေးထိုက်တာကို မေးတာပါ၊ သမီးကို သူ
ချစ်သူနဲ့ စိတ်ချက်လက်ချ ထည့်လိုက်တဲ့ မိခင်မျိုး
ရှားတယ်နော်"

"ကိုယ်က အမေ့စိတ်ဓာတ်ကို နားလည်နေတာပဲ
နွဲ့တင်ရယ်၊ နောက်ပြီး အမေက ကိုယ့်ကိုလည်း
ယုံကြည်ပါတယ်"

နွဲ့တင်က တောက်တောက်ပပ ပြုံးသည်။

"အမေက ကိုလွင်ကို ယုံကြည်တာထက် နွဲ့တင်ကို
ပိုယုံကြည်တာပါ၊ တကယ်ဆို အမေ့ကို လှည့်ပတ်
ပြီး ကိုလွင်နဲ့သွားလို့ ရတာပေါ့၊ နွဲ့တင် ဘာပြော
ပြော အမေ ယုံကြည်ပါတယ်"

နွဲ့တင်က သူ့လက်မောင်းကို ဆုပ်ကိုင်ပြီး ဘုရားတက်
ခြင်းသည်ပင်လျှင် ခံစားမှုတစ်မျိုး ဖြစ်နေ၏။

"မိဘကို လုံးဝ အသိပေးပြီး သွားရလာရတာ စိတ်
အသန့်ရှင်းဆုံးပဲ၊ ဘယ်လူမြင်မှာ ဘယ်ဝါမြင်မှာ
ကိုလည်း မစိုးရိမ်ရတော့ဘူး၊ ပြီးတော့ အမေ့ကို
အသိပေးပြီး သွားတာ လာတာဟာ မဟုတ်တာ
မလုပ်ချင်တဲ့ သဘောပဲ"

သူ နွဲ့တင်ကို လေးစားမှု ပိုကဲရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘုရားရှေ့မှာ လက်အုပ်ချီတော့ 'ဘာဆုတောင်းသ
လဲ' ဆိုတဲ့အမေးမျိုး မမေးစတမ်းဟု နွဲ့တင်ကကြိုပြောသည်

ဘုရားကိုဦးချ ကန်တော့ပြီး စေတီကြီးကို လက်ျာ
ပတ်သည်။ စေတီတော်ကြီးမှ ဆည်းလည်းသံကို ခံစားရင်
နွဲ့တင်က...

"ကိုလွင် သဘောပေါက်ကြည့်လေ၊ ကိုလွင်နဲ့နွဲ့တင်
က ရည်ရွယ်ချက်ကြီးကြီးနဲ့ ဘဝကို ထူထောင်ကြ
မယ့် သူတွေ မဟုတ်လား"

"ဟုတ်တယ်လေ"

"ဒီတော့ တည်တည်ငြိမ်ငြိမ် နေတတ်သွားတတ်ဖို့
က လိုတယ်လေ၊ ပြီးတော့ နွဲ့တင်ရဲ့ဘဝ၊ ကိုလွင်
လို သူဌေးသားတို့ ချစ်ထားရတော့ အနေအထိုင်ကို
ပိုပြီး ဆင်ခြင်ရတယ်၊ ပတ်ဝန်းကျင်ကို နွဲ့တင်
မကြောက်ပေမယ့် ဂရုတော့စိုက်တယ်"

"ကဲ...မနက်က ပြောခဲ့ဆိုခဲ့တဲ့ စကားတွေကို ကိုယ်
တောင်းပန်ပါတယ် နွဲ့တင်ရယ်၊ ဒီလောက်လည်း
စိတ်မှတ်ကြီးမနေပါနဲ့"

"တောင်းပန်ခိုင်းနေတာ မဟုတ်ဘူး ကိုလွင်၊ နွဲ့တင်
စိတ်ဓာတ်က ကိုလွင်နဲ့ သိက္ခာရှိရှိ ဂုဏ်ရှိရှိ နေချင်
တာပါ"





ညနေက နှောင်းစပြုလာ၏။

ညဦးလေပြည်က ပန်းရနံ့များကိုသယ်ဆောင်လာသည်။

င်က သူနှင့်သူမ၏ မွေးနံ့ထောင့်တွင် မီးပူဇော်၏။

"နွဲ့တင်က ဖယောင်းတိုင်ပါ အသင့်ယူလာတာ
ကိုး"

"ဒါကတော့ အမေနဲ့ နွဲ့တင်အတွက်ပါ"

"စကားကို သဘောမပေါက်ဘူး"

"နွဲ့တင်တို့ အမေတို့ ဘဝက ကိုလွင်တို့ ဘဝလို
မဟုတ်ဘူးလေ၊ အလင်းရောင် အားနည်းတယ်၊
နောက်ဘဝတွေ ရှိခဲ့လို့ လူပြန်ဖြစ်ရင် ဘဝ မမှောင်
အောင်လို့ပါ"

သူ ငြိမ်သက်နေလိုက်ပြီး နွဲ့တင်နှင့်အတူ ဖယောင်းတိုင်
ို ညှိထွန်းပေးသည်။

ဟုတ်ပါတယ်လေ။

နွဲ့တင်တို့ဘဝ ရောင်ရှိန်တညီညီ လင်းလက်ပါစေ။

မိမိနှင့်နွဲ့တင်တို့၏ အချစ်အလင်းရောင်စဉ် ထာဝရ
တ်ပနိုင်ပါစေ။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



[၁၄]

သူ၏ နားသယ်စပ်မှာ သီးထနေသည့် ချွေးစလေး
ကို ကြည့်ပြီး နွဲ့လေးတင်က ပြုံးသည်။

"မနက်အစောပိုင်းဆို လူက သိပ်ကျတာကိုလွင်ရဲ့၊ ဟင်းပွဲလိုက်ပွဲတွေ ချပေးရလို့ ကိုကိုလွင် အတော် မောနေပြီထင်တယ်"

"အသေးအဖွဲ့ပါ"

"တော်ကြာ ဖျားနာနေမှ နွဲ့တင် တရားခံ ဖြစ်နေပါ ဦးမယ်"

သူက မျက်စိတစ်ဖက်မှိတ်ပြပြီး ကြက်သွန်အချဉ်
ကော်ပန်းကန်ပြားလေးထဲမှာ ထည့်သည်။ နံနက် ရှစ်နာရီ
ခါနီးလောက်တွင် လူပြတ်သလောက်ရှိလာသလို ဟင်း
ထမင်းကြော်လည်း ပြတ်လုနီးပါး ရှိနေ၏။





နွဲ့လေးတင်က ဟင်းသုံးပွဲစာနှင့် ထမင်းကြော်ကို သပ်
ဖယ်ထားသည်။ သူက နွဲ့လေးတင်နံဘေးမှာထိုင်ပြီး
သယ်စပ်မှ ချွေးစများကို လက်ကိုင်ပုဝါနှင့်သုတ်ခိုက်..

"ကို...ကိုလွင်၊ ဟို...ဟိုမှာ"

နွဲ့လေးတင်၏ အထိတ်တလန့်ဟန်ကို မျက်မှောင်ကြုံ့
သူ့အကြည့်က လမ်းမဘက်ဆီ ချက်ချင်းရောက်သွား၏။
သို့ကျော်လွန်မောင်းသွားပြီးသည့် ကားက နောက်သို့ပြန်
တ်လာသည်။

"ဟင်"

ရင်မှာထိတ်ပျာရင်း ငေးစိုက်ကြည့်ဆဲမှာ မမေ ကားပေါ်
ဆင်းလာသည်။ မမေ ဈေးအသွားမှာ ကြုံဆုံလာသည့်
ဖြစ်သည် သူ့အတွက် ဘယ်လိုမှ မကောင်းနိုင်မှန်း ချက်ချင်း
သိသည်။

"ကိုလွင့် မမေလားဟင်"

"ဟုတ်တယ် နွဲ့တင်"

"ဒုက္ခပါပဲ ကိုလွင်ရယ်၊ ပြဿနာကတော့ ပါလာ မှာ အသေအချာပဲ"

သူက နွဲ့လေးတင်၏ လက်ချောင်းလေးများကို ဆုပ်
ကိုင်ထားပြီး မမေ့ကို ခပ်တွေတွေလေးကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုလွင်"

မေမေက ခပ်ဆတ်ဆတ်ခေါ်ရင်း အကြည့်က အိမ်အ... အထားနှင့် ဆိုင်ဝန်းကျင်ကို နှံ့နှံ့စပ်စပ်။

"မင်း ဒါ ဘာလုပ်နေတာလဲ"

"ဈေးရောင်းနေတာပါ မေမေ"

"သြော်...မင်းက ဈေးရောင်း နေရအောင် ငါတို့က မွဲတေနေတာကိုး၊ မင်းက ငါတို့ကို ဈေးရောင်းပြီး ရှာကျွေးနေရတာကိုး"

မေမေမည်းမှ ဒေါသကြီးမားနေသည်ကို မျက်နှာ ကြည့်... နှင့်သိ၏။ သည်ဒေါသများသည် မကြာမီ နွဲ့လေးတင်သို့ ... တည်တော့မည်ကိုလည်း သူရိပ်စားမိသည်။

"မင်းကို ငါတို့က လွတ်လပ်ခွင့်တွေ အများကြီး ပေးထားတယ်၊ မင်းက လွတ်လပ်ခွင့်ကို အောက် တန်းကျကျ သုံးစွဲနေတာကိုး၊ ဒီမယ်...မင်း မေမေနဲ့ ပြန်လိုက်ခဲ့ပါ"

"မေမေ ပြန်နှင့်ပါ၊ သား လိုက်လာခဲ့ပါ့မယ်"

"ကိုလွင် ပြန်လိုက်သွားပါနော်၊ နွဲ့တင်ကို ငဲ့ညှာ ပါ၊ နွဲ့တင် ပတ်ဝန်းကျင်နဲ့ နေရတာပါ၊ ကိုလွင့် မေမေရဲ့ စကားကိုလည်း နားထောင်ပါနော်"





မေမေ့ မျက်နှာက ခပ်မဲ့မဲ့။

မေမေ၏ ချမ်းသာမှုအရှိန်အဝါက နိမ့်ပါးသူများ အပေါ် ...ည်လို ပြုမူဆက်ဆံရန် ဖန်တီးထားပါ၏။

"မေမေ သိပ်အံ့သြတယ်၊ ငါ့သား စိတ်ဓာတ်တွေ အရမ်း အောက်တန်းကျနေမှန်း ခုမှ သိရတယ်၊ ဒီမယ် ညည်းနာမည်က ဘယ်သူ..."

"နွဲ့လေးတင်ပါ ဒေါ်ဒေါ်"

"နွဲ့လေးတင် ဟုတ်လား၊ အေး... မင်းအသည်းမှာ စွဲသွားအောင် စကားတစ်ခွန်းတော့ ပြောခဲ့မယ်၊ နောက်နောင် ညည်း ငါ့သားနဲ့ မဆက်ဆံပါနဲ့၊ မပတ်သက်ပါနဲ့၊ ငါ မကြိုက်ဘူး"

"အို..."

"မေမေ...မေမေ ဘယ်လို ပြောလိုက်တာလဲဟင်"

"လူလို ပြောလိုက်တာလေ၊ လူလိုပြောလိုက်တာ လေ၊ မင်းလာစမ်း ကိုကိုလွင်"

နွဲ့လေးတင်၏ အရှက်နှင့်ဂုဏ်သိက္ခာ။

အိပ်ရာမှ နေထိုင်မကောင်းဖြစ်နေသည့် နွဲ့လေးတင်၏ ...။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကိုငုံပြီး သူကားဆီသို့ လျှောက်ခဲ့၏။

ကားပေါ်အရောက်တွင်တော့...

"မတရားဘူး၊ မေမေ လုံးဝ မတရားဘူး"

"ငါ့ကို မအော်နဲ့၊ မင်း ပါးစပ်ပိတ်လိုက်စမ်း ကိုကိုလွင်"

"မဟုတ်ဘူး မေမေ၊ သားဘက်က အပြစ်ကြီးကြီး မားမား ရှိတယ်ဆိုရင် သားကို ပါးရိုက်ပစ်လိုက်ပါ၊ ခု နွဲ့လေးတင်မှာ ဘာအပြစ်ရှိလို့လဲ မေမေ"

"ရှိတယ်၊ ရှိတယ်၊ မင်းကိုလက်ခံတာကိုက သူ့အတွက် အကြီးဆုံးအပြစ်ပဲ"

ကားက ဘီးလိမ့်ထွက်သည်။

သူမေမေ့ကို အံ့သြကြီးစွာကြည့်သည်။

မေမေ၏ ကြီးမားသော အတ္တကို သူမြင်သည်။

☆ ☆ ☆

"ပြောစမ်းပါ ဒီကောင်မလေးနဲ့ မင်းနဲ့ ဘယ်အခြေ အနေထိ ဖြစ်နေပြီလည်း၊ ငါရှက်လိုက်တာ လွင် ရယ်၊ မင်း လူမြင်ကွင်းမှာ သူနဲ့ထမင်းကြော်ထိုင် ရောင်းတာ မရှက်ဘူးလား"





မေမေ့ အသံပွက်ပွက်ညံနေ၏။

ဖေဖေကမူ တုတ်တုတ် မလှုပ်၊ ဆိုဖာပေါ်တွင် သတင်း စာကို သဲသဲမဲမဲ ဖတ်နေသည်။ ဖြစ်ခဲ့သော ပြဿနာတွင် ဖေဖေ ဝင်ရောက်စွက်ဖက်ခြင်း မပြုသေး။

"ထမင်းကြော်ထိုင်ရောင်းတာ ရှက်စရာလား မေမေ၊ အောက်တန်းကျတဲ့အလုပ်လို့ ပြောလို့ကော ရမ လား၊ သူတစ်ပါး ပစ္စည်းခိုးဝှက်ပြီး ရောင်းတာမှ မဟုတ်တာ"

"ဘာ...ဘာပြောတယ်"

သူ့စကားကြောင့် မေမေ့ ဒေါသပိုကြီးလာ၏။

"မင်းက သူ့ကို ကူရောင်းပေးရအောင် မင်းနဲ့သူနဲ့က ဘာပတ်သက်လို့လဲ"

"နွဲ့လေးတင်က သားချစ်သူပါ မေမေ"

"ဟင်...သားချစ်သူ ဟုတ်လား"

မေမေ ထိတ်ထိတ်လန့်လန့် ဖြစ်သွား၏။ ဖေဖေက သတင်းစာဖတ်နေရာမှ သူ့ကို စောင်းငုံ့ကြည့်သည်။

"ဘုရား...ဘုရား...ချစ်သူတဲ့၊ အစ်ကို...အစ်ကို့သား ကို ကြည့်ပါဦး၊ ထမင်းကြော်သည်မကို ချစ်သူ ထားတယ်တဲ့ရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေရယ်၊ ထမင်းကြော်သည်မလို့ ရင့်ရင့်သီးသီး မပြောပါနဲ့၊ နွဲ့တင်ဟာ အင်မတန်သိက္ခာရှိတဲ့ မိန်း ကလေးပါ၊ ပြီးတော့ သူဟာ လူတစ်ယောက်ပါ မေမေ၊ သားလည်း လူတစ်ယောက်ပါပဲ"

"ဟဲ့...နင်က သူဌေးသား၊ နင့်အဘိုးတွေက မျိုးရိုး နဲ့ချမ်းသာလာတဲ့ သူဌေး၊ နင်က သူဌေးမြေး သူဌေး သားဟဲ့၊ ဟိုက ထမင်းကြော်သည် အစုတ်ပလုတ်"

"မေမေ တော်တော့ဗျာ"

သူ့အသံ ပွင့်ထွက်၏။

သူ၏ တုန့်ပြန်မှုကြောင့် မေမေ့ဒေါသအထွတ်ထိပ် ရောက်လာသည်။

မေမေသည် အနီးနားမှ ကြွေပန်းအိုးကို ဆွဲယူပြီး သူ့ လွှဲပေါက်သည်။ သူက မျက်နှာသို့ တန်းဝင်လာသော ကြွေ အိုးကို လက်နှင့် ရိုက်ချ ဖယ်လိုက်၏။

"ခွမ်...ချလွမ်"

ဆက်တီဘေးကြမ်းခင်းတွင် ပန်းအိုးအကွဲအစများ လန်ကျဲသွား၏။ လက်မှာလည်း သွေးများယိုစီး ကျလာ

သူ သွေးစက်များကို ငုံ့ကြည့်ပြီး အပေါ်ထပ်သို့ အ ကလေးတက်ခဲ့သည်။





ညနေစာကို သူ ဆင်းမစား။

ည(၇)နာရီလောက်မှာ ဖေဖေ အပေါ်ထပ်သို့ တက်လာ သည်။

"သား မေမေကတော့ အရမ်းဝမ်းနည်းကြေကွဲနေ တယ်၊ သားလိုပဲ ညနေစာကို ထွက်မစားဘူး၊ ဖေဖေ တစ်ယောက်ထဲ ပျင်းပျင်းရိရိ စားလိုက်ရ တာပေါ့ကွယ်"

သူ ဖေဖေ့စကားကို ငြိမ်ငြိမ် နားထောင်သည်။

ဖေဖေက အခန်းဝန်းကျင်ကို မျက်လုံးဝေ့ကြည့်၏။ သူ့ ခန်းထဲသို့ အကြောင်းတစ်စုံတစ်ရာ မရှိဘဲနှင့် ဖေဖေမဝင်။

အတန်ကြာလောက်မှ ဖေဖေက...

"သားနဲ့ဖေဖေ စကားတွေ ပွင့်ပွင့်လင်းလင်း ပြော ကြရအောင်လားကွာ၊ အဲသလို ပြောတဲ့အခါမှာ ဖေဖေ့ကို သား သိပ်ချစ်သိပ်အားကိုးတဲ့ အစ်ကိုကြီး နေရာမှာ ထားလိုက်"

သူ့ခေါင်းဆတ်ကနဲ ဖြစ်သွားသည်။

ဖေဖေက အပြုံးကို မျက်နှာမှာ တပ်ဆင်ပြီး...

"နွဲ့လေးတင်ဆိုတဲ့ ကောင်မလေးကိုသားတကယ်ပဲ ချစ်သလား"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တယ် ဖေဖေ"

မဆိုင်းမတွပင် သူက ဖြေ၏။

"သူကကော သားကို ချစ်လား"

"အရမ်း ချစ်ပါတယ် ဖေဖေ"

ဖေဖေက ပိုမိုပြုံးပြီး နှုတ်ဖျားက စီးကရက်တပ်ပြီး မီးညှိ လိုက်၏။ တစ်ချက်ရှိုက်ပြီး စီးကရက်ငွေ့များကို ဖြေးညှင်းစွာ မှုတ်ထုတ်သည်။

"နှစ်ဦး နှစ်ဖက်ချစ်ကြပြီဆိုတော့ သားတို့ ယူကြ မယ်ပေါ့"

ပြောပြီး ဖေဖေက မျက်နှာကို အကဲခတ်သလိုကြည့်၏။

"အိမ်ထောင်ရေး လောကကို လတ်တလော ဝင်ကြမှာ မဟုတ်ပါဘူး ဖေဖေ၊ သားတို့မှာ ရည် ရွယ်ချက် ကြီးကြီးမားမား ရှိပါတယ်"

"မဟုတ်ဘူးလေ၊ သားချစ်သူက အဲဒီထိ မနေနိုင် တော့ပါဘူး၊ လာခိုးပါတော့ ယူပါတော့ ဆိုရင် ကောကွာ၊ ဖေဖေက စကားအဖြစ်ပြောတာနော် သားရဲ့ မိန်းကလေးကို အထင်သေးပြီး ပြောတာ မဟုတ်ဘူး"





"မပူပါနဲ့ ဖေဖေရယ်၊ အဲဒီကိစ္စကိုတော့ လုံးဝကို မပူပါနဲ့၊ သားနဲ့ နွဲ့တင် အဲသလောက် မမိုက်မဲပါ ဘူး၊ အသိဉာဏ် မမဲ့ပါဘူး"

ဖေဖေက စီးကရက်ကို လက်ကြားမှ ညှပ်ပြီး ပင့်သက် အသာမှုတ်ထုတ်သည်။ ဖေဖေ့ရင်ထဲက အကြောင်းတရား ကိုတော့ သူမသိ။

"သား"

"ပြောပါ ဖေဖေ"

"မင်း မေမေကို ဆင်းချော့ပါဦးကွာ၊ သူ သိပ်ချစ် တဲ့ သားက ပြန်အော်သွားတော့ မင်း မေမေ ဘယ် စိတ်ကောင်း ရှာမလဲ၊ ထမင်းလည်း မစားဘူး၊ အိပ်ရာထဲမှာ တငိုငိုနဲ့"

"သား မေမေ့ဆီ သွားလိုက်ပါ့မယ်"

သူအောက်ထပ်သို့ ဆင်းခဲ့သည်။

မေမေက အိပ်ခန်းတံခါးကို စေ့ရုံမျှ စေ့ထားသဖြင့် ကို အသာတွန်းဖွင့်ပြီး အခန်းထဲ ဝင်ခဲ့၏။

"မေမေ"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ကုတင်ပေါ်မှာ မှောက်ရက်၊ မျက်နှာကိုလည်း ခေါင်းအုံးမှာ ကပ်ထားသည်။

"မေမေ ဘာဖြစ်နေတာလဲ"

"သွား...သွား မင်း ငါ့အနားမလာနဲ့၊ မင်း ငါ့သား မဟုတ်ဘူး"

"မေမေ့ သားမဟုတ်ရင် ကျွန်တော်က ဘယ်သူ့ သားလဲဟင်"

"မသိဘူး...မသိဘူး၊ မင်းအဖေကို သွားမေး"

ပြောပြီး မေမေက မျက်နှာကို တစ်ဖက်သို့ လှည့်လိုက် သေး၏။

"မေမေ့ကို တောင်းပန်မလို့ပါ"

မေမေ့ထံမှ အသံထွက်မလာ။

"စိတ်ပြေပါ မေမေရယ်၊ နောက်ကို မေမေ စိတ် ချမ်းသာမယ့် အလုပ်ကို သားမလုပ်တော့ပါဘူး"

"တ...တကယ်လား သားရယ်"

မေမေအိပ်ရာမှ လူးလဲထသည်။

မျှော်လင့်ထားမှုနှင့်အတူ မျက်လုံးအရောင်က တောက် နေ၏။ သူ၏လက်ချောင်းလေးများကို မေမေက ဆုပ်ကိုင်သည်





"နွဲ့လေးတင်ဆိုတဲ့ ကောင်မလေးကို အဆက်ဖြတ် ပါသားရယ်၊ သား ဘာပဲလုပ်လုပ်၊ မင်းဖေဖေနဲ့ မေမေတို့ရဲ့ မျိုးရိုးဂုဏ်ကို မထိခိုက်အောင် ထိန်း သိမ်းရမယ်၊ သားကို ဈေးသည် အနတ္တတွေနဲ့မေမေ အပတ်သက် မခံနိုင်ဘူး သားရယ်"

ရင်မှာ နင့်နဲ့စွာ ခံစားလိုက်ရသည်ကို မေမေ သိပါမည် လား။ သူ၏ ခေါင်းလေးတစ်ညိတ်မှာ မေမေ ပျော်သွားသည် ကတော့ သူသိသည်။

ဩော်... သူ့ဘဝက မေမေ့ရဲ့ အရုပ်ကလေး တစ်ရုပ်လို များ ဖြစ်နေပြီလား။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



[၁၅]

အမေ သူ့မျက်နှာကို တကြည့်ကြည့် လုပ်နေကတည်း(က) ဘာမေးတော့မည်ကို စိတ်က သိနေ၏။ သိထားသည့် အတိုင်း ပင် အမေက...

"မောင်ကိုလွင် မလာတာကြာပြီနော် သမီး"

နွဲ့လေးတင်က စကားပြန်မပြောဘဲ ကြက်သွန်ကို အ သင်မြသင်နေတော့...

"အမေပြောတာ ကြားရဲ့လား"

"ကြားပါတယ်၊ သူ မအားလို့ မလာတာ နေမှာ ပေါ့"

"အမေက သမီးနဲ့ စကားများ ရန်ဖြစ်ကြသလား လို့ပါ"





ဖြစ်ပျက်ခဲ့သည့် အခြေနေကို အမေ အိပ်ရာထဲမှာ လဲနေ၍ (မ)သိ။ သူကလည်း အမေ့ကို ဘာမျှပြန်မပြောခဲ့။ အမေ (မ)ထိခိုက်မှု ဖြစ်သွားမှာကိုတော့ နွဲ့လေးတင် စိုးရိမ်သည်။

ကိုယ့်ဘဝကိုယ်နားလည်သလို ချစ်သူ၏ ဘဝကိုလည်း (နွဲ့)လေးတင် နားလည်သည်။ ကိုကိုလွင့်ကို သူမ ချစ်ခဲ့သည့် (အ)ချစ်သည် ကိုကိုလွင့်၏ ပြည့်စုံကုံလုံသော ဘဝကို ချစ်ခဲ့(သ)ည် မဟုတ်။ ကိုကိုလွင်၏ အသည်းနှလုံးကိုသာ ချစ်ခဲ့ခြင်း (ဖြစ်)သည်။

"အမေ့ကို မှန်မှန်ပြောစမ်း၊ သမီးနဲ့ မောင်ကိုလွင် စကားများကြတယ် မဟုတ်လား"

"မများပါဘူး အမေ"

"မများရင် ညနေဆို သူရောက်လာမှာပေါ့၊ ခု မလာတာ အတော်ကြာပြီပဲ"

"ဒါဖြင့် နွဲ့တင် သူ့အိမ်ကို လိုက်မေးကြည့်လိုက်မယ်"

"အမေ့ကို စကား အငေါ်မပြောပါနဲ့ နွဲ့တင်ရယ်၊ ဘဝမှာ အမေနဲ့နွဲ့တင်ပဲ ရှိတယ် မဟုတ်လား၊ အမေဟာ သမီးအတွက် အကောင်းဆုံး တိုင်ပင်ဖော်ပါ"



www.burmeseclassic.com

www.burmeseclassic.com



နွဲ့လေးတင်နှုတ်ကို ဆိတ်ထားမြဲ ဆိတ်ထားသည် အမေကလည်း စကားကို ဆက်မေးခြင်း မပြုတော့၊ သည်း နှင့် ညနေစာ ထမင်းဝိုင်းသည် ခြောက်သွေ့စွာနှင့် ပြီးစီးသွား သည်။

☆ ☆ ☆

လမ်းမကို လှမ်းကြည့်တော့ ကလေးတွေ မီးတိုင်အော မှာ ဆော့ကစားနေကြသည်။ စာရေးစားပွဲပေါ်မှ စာအုပ်များ အသာပိတ်ပြီး ပြတင်းတံခါးကို အသာဆွဲစေ့လိုက်သည်။ တံခါးချက်ကို အသာချလိုက်၏။

"အစောကြီးပါလား သမီးရဲ့"

"နွဲ့တင်အိပ်ချင်ပြီ အမေ"

နွဲ့လေးတင် အခန်းထဲ ဝင်ခဲ့သည်။

ညစဉ် ခံစားရသည့် ဝေဒနာကတော့ ပြေလျော့ခြင်း မရှိ ညနေတိုင်း နံ့သာလိမ်းကျံ တစ်ပွင့်ပန်းပန်ပြီး ချစ်သူကို မျှော်ခဲ့ သည့်ရက်တွေ။

သူဘာလို့ ရောက်မလာရတာလည်းဆိုသည့် အတွေး လည်း မှုန်ကြပ်စွာ မတွေးချင်၊ အကြောင်းအရာတစ်ခုကိုတော့ နွဲ့လေးတင် နားလည်ထားဖြစ်ပါသည်။





"အမေ…အမေ"

အမေ့ကို ခေါ်သည့်အသံ။

သည်အသံကို နွဲ့လေးတင် မမှတ်မိဘဲ နေမလား။ နွဲ့လေးတင်နားကို စွင့်ထားဆဲမှာ အမေ့အသံကို ကြားသည်။

"ဟဲ့…ဘယ်သူလဲ"

"ကျွန်တော်ပါ အမေ…ကိုကိုလွင်ပါ"

အမေထပြီး တံခါးဖွင့်သံနှင့်အတူ အိမ်ထဲဝင်လာသည့် အသံကိုပါ ကြားရ၏။

"နွဲ့တင်ကော အမေ"

"သမီး အိပ်ရာ အစောကြီး ဝင်သွားတယ်၊ အိပ်များ နေပြီလားတောင် မသိဘူး"

"ခုမှ ရှစ်နာရီကျော်ကျော် ရှိသေးတာ၊ ခါတိုင်းဆို နွဲ့တင် ဒီအချိန် မအိပ်ပါဘူး အမေ"

အသံများအားလုံးကို အိပ်ခန်းထဲမှ ကြားနေရ၏။ သည့်နောက် အခန်းထဲသို့ အမေရောက်လာပြီး…

"သမီး အိပ်ပြီလား"

"မအိပ်သေးပါဘူး မေမေ"

"မောင်ကိုလွင် ရောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားကို တင်းခံလို့မရ။ အိပ်ရာမှ လူးလဲထပြီး အ ရှေ့ထွက်ခဲ့သည်။ ကိုကိုလွင့် မျက်နှာကို မီးရောင်အောက်မ ဖျော့တော့စွာ တွေ့ရ၏။

"ညကြီးပါလား ကိုလွင်"

"ကိုယ် နွဲ့တင်နဲ့ တွေ့ချင်လို့ပါ"

အမေ မီးဖိုဘက် ထသွားသည်။

စားစရာတစ်ခုခုကို အမေ စီစဉ်မည်မှန်း စိတ်ကသိ၏

"နွဲ့တင်"

မထူးဘဲ ကိုကိုလွင့်မျက်နှာကို ခပ်ဝေဝေလေး ကြည့် သည်။

"ကိုယ့်ကို စိတ်ဆိုးနေလားဟင်၊ မေမေ့ကို ခွင့် လွှတ်ပါလို့ ကိုယ် မတောင်းပန်တော့ပါဘူး၊ ကိုယ်ဟာ နွဲ့တင်ရဲ့ ကိုလွင်ဆိုတာကိုတော့ နားလည်ပါနော်"

နွဲ့လေးတင် အကြည့်ကို ပြန်သိမ်းပြီး လက်ချောင်းလေး များကို ပွတ်သပ်နေ၏။

"မေမေနဲ့လည်း စကားအရမ်းများရတယ်၊ ကိုယ် နွဲ့တင်ဆီ ရောက်မလာတာ ဖျားနေလို့ပါ"

နွဲ့လေးတင် စူးစမ်းသလိုလှမ်းကြည့်သည်။ မျက်နှာအ နည်းငယ် ချောင်ကျသွားသည်ကတော့ မှန်၏။





"ကိုယ့်ကို စကားပြောပါ နွဲ့တင်၊ စကားမပြောနိုင်လောက်အောင် နာကျည်းသွားလားဟင်၊ မေမေနဲ့ ကိုယ့်ကို ခွဲခြားမြင်ပါ နွဲ့တင်ရယ်နော်"

ရင်မှာ မွန်းကြပ်နေသည်။

ဘဝနှစ်ခုကို နားလည်သော်လည်း ကိုကိုလွင်ကို တွေ့ တော့ စကားကို ဘာက စပြောရမည်မသိ။ လွမ်းသည်ကိုတော့ သူ့ကို မသိစေချင်။

"နွဲ့တင် နားလည်ပါတယ် ကိုလွင်၊ အခြေခံ မတူညီတဲ့ လူတန်းစားနှစ်ခုမှာ ဖြစ်ခဲ့တဲ့ ပဋိပက္ခက အသေးအဖွဲ့ပါ"

"နွဲ့တင် ကိုယ့်ကို နားလည်ပါတယ်နော်၊ မေမေ့ကို ခံပြင်းစိတ်နဲ့ ကိုယ့်ကို မမုန်းလိုက်ပါနဲ့"

နွဲ့လေးတင်က ခပ်ဖွဖွလေးပြုံးပြီး...

"မဆိုင်ပါဘူး ကိုလွင်ရယ်၊ နွဲ့တင် ကိုလွင့်ကို နားလည်ပါတယ်၊ စချစ်ကတည်းက ကိုလွင့်ကို နားလည်နိုင်လို့ ချစ်တာ၊ နွဲ့တင် အမြင်မကျဉ်းပါဘူး၊ တစ်ခုတော့ နွဲ့တင် တောင်းပန်ချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ နွဲ့တင်"

"နွဲ့တင်ဆီကို လာတာကိုတော့ ကိုလွင် ဆင်ခြင်ပါ နော်၊ နွဲ့တင်တို့ နေရတာက ရပ်ကွက်နဲ့ပါ၊ ကိုလွင် တို့လို ခြံနဲ့ဝင်းနဲ့မဟုတ်ဘူး၊ ကိုလွင့်မေမေ သဲသဲမဲမဲ ဖြစ်လာရင် ပတ်ဝန်းကျင်ရဲ့စကားဒဏ်တွေကို နွဲ့တင်နဲ့အမေ ခါးစည်းခံရမှာ"

စကားကြောင့် ကိုကိုလွင့် မျက်နှာခပ်အိုအိုလေး ဖြစ် သွားဏ်။

"နွဲ့တင် ပတ်ဝန်းကျင်ကို မကြောက်ပါဘူး၊ ဂရုတ စိုက်ကြီးလည်း မရှိပါဘူး၊ ဒါပေမယ့် ကိုလွင် စဉ်း စားကြည့်၊ ကိုလွင့်မေမေက စကားမာမာကျယ် ကျယ် ဖြစ်လာရင် ပတ်ဝန်းကျင်က တရားဝင် မေး ငေါ့စရာ ဖြစ်လာလိမ့်မယ်"

"မေမေက အဲသလောက် မယုတ်မာပါဘူး"

နွဲ့လေးတင် ပြုံးလိုက်၏။

"ကိုလွင့် မေမေက ကိုလွင့်ကို သိပ်ချစ်တယ်လေ၊ သားကို သိပ်ချစ်တဲ့ မိခင်တိုင်းဟာ အရာရာကို ရင်ဆိုင်ရဲကြတယ်"





စကားလမ်းခုလတ်တွင် အကြမ်းအိုး၊ ပဲခြမ်းသုတ် ပန်း ကန်နှင့် အမေ ထွက်လာသည်။ ကိုကိုလွင်က ဆတ်ခနဲ မတ်တပ် ရပ်ပြီး အမေ့လက်ထဲမှ အကြမ်းအိုးကို လှမ်းယူ၏။

"အမေကလည်း ဒုက္ခရှာလို့ဗျာ"

"မောင်နှမနှစ်ယောက် စားကြရအောင်လို့ပါ"

အမေ့ရှေ့မှာတော့ နွဲ့လေးတင် စကားကို ဆင်ခြင်သည်။ နောက်ပြီး...

မျက်နှာကိုမြင်တော့ မကျေနပ်မှုတွေ လွင့်ပါးကုန်ပါ၏။ ဒါသည်ပင် ကိုကိုလွင်ကို ချစ်သည့်အချစ်ဟု နွဲ့လေး တင် ယူဆပါသည်။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



[၁၆]

ဒေါသနှင့် မကျေနပ်မှုက ကိုယ်နှင့်မကွာ ရှိနေ၏။ နံဘေး
ကို အသာစောင်းငုံ့ကြည့်တော့ ဘာမှ မဖြစ်သလို။

"ရုပ်ရှင်ကြည့်တာပဲ ကိုယ့်ဘာသာကိုယ် သွား
ကြည့်ပါလား၊ တစ်ယောက်ထဲ မကြည့်ဝံ့ဘူးလေး
ဘာလေးနဲ့၊ တော်တော်ကို အဖြစ်သည်းတယ်"

ကားမောင်းရင်း စိတ်က ထွက်နေရ၏။ လမ်းချိုးကွေ့
တစ်ခုအရောက်တွင် ကားအရှိန်ကိုမလျှော့ဘဲ ခပ်ရမ်းရမ်း ချိုး
ကွေ့ပစ်လိုက်သည်။

"နှင်...နှင် ငါ့ကို သေကြောင်းကြံစည်နေတာလား
ကိုကိုလွင် ရပ်...ရပ် ငါ ကားပေါ်က ဆင်းမယ်၊
မာမီ ငါ့ကို ဆူရင်လည်း အဆူခံလိုက်မယ်"





"ဒီအချိုး လာမလုပ်နဲ့၊ ငါက ဟောဒီခေါင်းကြီးကို
မညီတ်ချင်ဘဲနဲ့ ညီတ်ပြီး ခေါ်ခဲ့ရတာ၊ ငါ့ကို မေမေ
နဲ့ ရန်တိုက် မပေးနဲ့"

"နှင် ငါ့ကို စကားတင်စီး မပြောပါနဲ့"

"မကျေဘူးလား"

"မေးနေဖို့ကို မလိုဘူး"

"ကောင်းပြီ၊ နှင်နဲ့ငါ့အကြောင်းကို ကျယ်ကျယ်
ပြန့်ပြန့်တွေးလိုက်ရင် လောကကြီးမှာ နေဖို့ကို
မကောင်းတော့ဘူး၊ ဒီတော့ ရှေ့ကဓါတ်တိုင်နဲ့ ကား
ကို ဝင်ဆောင့်ပစ်လိုက်မယ်"

ပြောပြီး ကားကို ဓါတ်တိုင်တည့်တည့် ဦးတည်တော့
ညည်ရှိခိုင် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားပါ၏။

"နှင်...နှင် မလုပ်နဲ့နော်၊ ငါ ကြောက်တယ်"

"နှင်သေရမှာကို တကယ် ကြောက်သလား"

"ကြောက်ပါတယ်ဟယ်"

သူက ကားဦးကို အသာပြောင်းရွှေ့လိုက်သည်။

"အေးပေါ့လေ၊ သေရမှာ ကြောက်တာပေါ့၊ သေရင်
ရုပ်ရှင် ဘယ်ကြည့်နိုင်တော့မလဲ၊ တကယ်ပဲဗျာ၊
ရုပ်ရှင်ပဲ ကိုယ့်ဘာသာ ကြည့်လည်း ရတဲ့ဟာများ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် ကိုကိုလွင်"

"ဘာလဲ"

"ငါက သူငယ်ချင်းတွေနဲ့ ရုပ်ရှင်ကြည့်ဖို့ ချိန်းထားတာသိလား၊ မာမီက အာချောင်ပြီး နင့်ကို လိုက်ပို့ခိုင်းတာ ငါက နင့်နဲ့ဆို လုံးဝ မကြည့်ချင်ထဲက သိရဲ့လား"

"ဟား...ဟား အဲသလိုပဲပေါ့၊ မရွှေချယ်ရီခိုင်ရယ် မေမေက သားလိုက်ပို့လိုက်၊ ကားယူသွားဆိုလို့ မိဘစကား မြေဝယ်မကျ နားထောင်ပြီး ခင်ဗျား လေးကို လိုက်ပို့ရတာဗျ"

ချယ်ရီခိုင် နှုတ်ခမ်းစူပြီး လက်ကိုင်ပဝါကို လုံးချေ သည်ကို သူ့စိတ်က ရယ်ချင်နေ၏။

"တကယ်ဆို နင်ငြင်းဖို့ ကောင်းတယ် ကိုကိုလွင်"

"ဘာကို ငြင်းရမှာလဲ"

"ကျွန်တော် မအားဘူးပေါ့၊ ခုတော့ သူကိုယ်တိုင် က..."

"ဘာလဲ ငါက နင်နဲ့ ရုပ်ရှင်ကြည့်ချင်လို့ ငြိမ်နေ တယ်များ ထင်နေသလား၊ နင်သိထားဖို့က ရတနာ





စိန်ခြယ်မှာ မေမေ့စကားကို ဖေဖေကအစ ဘယ်သူ မှ မဆန့်ကျင်ရဲဘူး ဒါလောက်ဆို နင် နားလည်ဖို့ ကောင်းပြီ"

"ဒုက္ခပါပဲနော်၊ ငါ့နှယ် ဘာလုပ်ရမှန်းကို မသိဘူး"

"ဘာဖြစ်နေတာလဲ"

"ဒုက္ခခံစားနေရတာပေါ့ဟယ်"

မြို့ထဲရောက်မှ ချယ်ရီခိုင် မျက်လုံးတွေက ပိုပြီး ဂနာ ငြိမ် ဖြစ်နေ၏။ သူက ကားမောင်းရင်း မသိမသာ စောင်းငဲ့ ကြည့်သည်။

"ကိုကိုလွင်"

သည်တစ်ခါ ခေါ်သည့်အသံက ညင်သာပျော့ပျောင်း ၏။

"ဘာလဲ"

"ငါ့ကို တစ်ခုကူညီပါလား ကိုကိုလွင်ရယ်နော်"

"လာချွဲမနေနဲ့စကားကို လိုရင်းပြော"

ရုတ်ချည်း ပြောင်းလဲသွားသည့် မျက်နှာပေါက် မျက်နှာ ...ဘာတော့ အံ့သြစရာပါပဲ။ သူက ကားကို ထိန်းမောင်းရင်း ...ားကို နားစွင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါဟာ ဒီနေ့ ငါချစ်သူနဲ့ ရုပ်ရှင်ကြည့်ဖို့ ချိန်းထားတယ်ဟယ်၊ အဲဒါ ငါ့ချစ်သူနဲ့ သွားကြည့်ပါရစေဟယ်နော်"

"ငါက ဘယ်သွားနေရမှာလဲ"

"နင်က တခြားရုံမှာ သွားကြည့်လေ၊ ပြီးတော့ တို့အတူတူ ပြန်တာပေါ့နော်၊ မာမီ့ကိုတော့ တို့တူတူ ကြည့်တယ်ပြောတာပေါ့"

သူ တွေသွားသည်။

ကားကို ဗိုလ်ချုပ်ဈေးရှေ့မှာ ရပ်လိုက်သည်။

သူက စဉ်းစားသလို လုပ်ပြီးမှ...

"မဖြစ်ဘူး"

"ဟယ် ဘာလို့ မဖြစ်ရတာလဲ"

"နင့် မာမီက ငါ့လက်ထဲကို ယုံကြည်စိတ်ချစွာနဲ့ အပ်နှံလိုက်တာ၊ နင်က နင့်ရည်းစားနဲ့ ရုပ်ရှင် ကြည့်ပြီး ပြန်မလာဘဲနေမှ ငါက နေရင်းထိုင်ရင်း ပြဿနာရှာရင်းရမှာ"

ပြောပြီး သူက ကားစက်ကို ပြန်နှိုးလိုက်၏။

"ပြန်လာပါမယ့်ဟယ်၊ ငါ အဲသလောက် မမိုက်ပါဘူး၊ ကတိပေးပါတယ်"





"မလိုချင်ဘူး၊ မရဘူး"

"ကိုကိုလွင်၊ နင့်အကျင့်မယုတ်နဲ့နော်"

"ဘာလည်း ဒါဆိုရင် ကားကို ပြန်လှည့်မောင်းပြီး နင့်မာမီလက်ထဲကို အကျိုးကြောင်းပြောပြီး ပြန်ထည့်မယ်"

"အမယ်လေး...အဲသလိုတော့ မလုပ်ပါနဲ့၊ မာမီက ငါ့ကို ပေါင်တွင်းကြော လိမ်ဆွဲအောင်လို့လား"

ကိုကိုလွင်က ကားကို ဗိုလ်ချုပ်လမ်းအတိုင်း မောင်းပြီး ဘယ်ဘက်သို့ ချိုးကွေ့သည်။

"ဘယ်ရုံမှာ ကြည့်မှာလဲ"

ချယ်ရီခိုင်က အထိတ်တလန့် မေး၏။

"သမ္မတမှာ ကြည့်မှာလေ၊ ငါက ခုတင်တဲ့ကားကို သိပ်ကြိုက်တာ၊ ဒါပါနဲ့ဆို ကြည့်တာ နှစ်ခါတောင်ရှိပြီ"

"နင်...နင်၊ ဒါသက်သက်မဲ့ညစ်တာ ကိုကိုလွင်၊ ငါ့ချစ်သူနဲ့ သမ္မတမှာ ချိန်းထားတာ မြင်ရှင်အထင်လွဲတော့မှာပဲ"

"မောင်နှမပေါ့ဟာ"

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



"ရမယ် အားကြီး"

"နင်ကလည်း ခုကတည်းက ကြောက်နေရသလား ဟ"

ချယ်ရီခိုင် ဘာစကားမှ မပြော၊ ကားထဲတွင် ခေါင်း လေးကို အသာပုထားသည်။

ကိုကိုလွင်က လက်မှတ်ဝယ်သည်။

ကားအပ်ပြီး ရုံထဲဝင်တော့ ချယ်ရီခိုင် ရင်တထိတ် ထိတ် တော်တော့် တော်ပါသေး၏။

'ဝေလင်းဟန်'ကို မိမိကသာ မြင်ပြီး ဝေလင်းဟန်က မိမိကို လုံးဝ မမြင်။

"ဟင်း"

ရုံထဲရောက်မှ ပင့်သက်ချရသည်။

ကိုကိုလွင်ကို ထုထောင်းရိုက်ပစ်ချင်စိတ်တွေကိုလည်း မနည်းကြီး ထိန်းချုပ်ထားရ၏။

နေနင့်ဦးပေါ့လေ။

အလှည့်ဆိုတာ ကြုံဦးမှာပါပဲ။

ချယ်ရီခိုင်သည်သို့ စိတ်ထဲမှ ကြိမ်းဝါးခဲ့ပါ၏။

☆ ☆ ☆



BURMESE CLASSIC .com



[၁၅]

ကျောင်းဆရာမ တစ်ယောက်ဖြစ်လာတော့မယ့် သမီး ... သာမန် မိန်းကလေးတွေထက်ပိုပြီး အနေအထိုင်ကျစ်လစ် ...တယ် ဆိုသည့် အမေ့စကားကို ကိုကိုလွင်နှင့် သွားတိုင်း ...မှာ အမြဲ ကြားယောင်သည်။

သည့်အတွက်လည်း ကိုကိုလွင်နှင့်ဘုရားသွား ကျောင်း ...သည့် အမှုလောက်ကိုသာ သူမ ပြုခဲ့သည်။ ချစ်သူ သက် ...း တစ်လျှောက် ချစ်သူနှင့် ရုပ်ရှင်အတူတွဲ မကြည့်ခဲ့ဘူးဆို ...ည့် ဂုဏ်ကိုလည်း နှဲ့လေးတင် ယူပါ၏။

ရင်ပြင်ပေါ်သို့ တနင်္ဂနွေ၏ နံနက်နှောင်းစ လေအေးကို ...ထိ ခံစားရသည်။

"စဉ်းစားမိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ နွဲ့တင်"

"ကိုလွင့် မေမေများ ဘုရားလာခဲ့ရင် ဆိုတာပါ"

"ကြံဖန်ပြီး မစိုးရိမ်စမ်းပါနဲ့ နွဲ့တင်ရယ်"

"စိုးရိမ်ရတာပေါ့ရှင်၊ နွဲ့တင်တို့ဘဝက တစ်တီတူး ငှက်လို အစိုးရိမ်ကြီးပြီး မိုးပေါ်ခြေနှစ်ချောင်းထောင် အိပ်မှ တော်ကာကျမှာ"

"တစ်တီတူးက ဘာဖြစ်လို့ မိုးပေါ်ခြေနှစ်ချောင်း ထောင်ပြီး အိပ်ရတာလည်း နွဲ့တင်ရဲ့"

"မိုးပြိုမှာ ကြောက်လို့တဲ့လေ၊ မိုးပြိုရင် သူ့ကိုယ်ကို မပိအောင် ခြေနှစ်ချောင်း ထောင်ထားတာ"

"ကြံကြံဖန်ဖန်ကွာ"

ပြုနေကျအတိုင်း ပန်း၊ ဆီမီး ကပ် ဘုရားရှိခိုးသ တနင်္ဂနွေနေ့ဖြစ်သဖြင့် ဘုရားဖူးတွေ စည်စည်ကား အနောက်ဘက်ရင်ပြင်သို့ ရောက်တော့..

"ကျိုက်ခေါက်ဘုရားကို တွေ့လားကိုလွင်"

"တွေ့တယ်လေ၊ ဟိုး ရွှေရောင်ဝင်းဝင်းက ကျိုက် ခေါက် မဟုတ်လား"

ရန်ကုန်နှင့်သံလျင်ကို မြစ်ကြီး ကာစီးထား၏။





"မွေ့နွံနဲ့ မင်းနန္ဒာကို သတိရလိုက်တာ"

"ငမိုးရိပ်ကိုစီးပြီး ချစ်သူထံလာရတဲ့ ဒုက္ခကလည်း မသေးဘူးနော်"

"ချစ်တာကိုး"

"အဲဒီထဲမှာ သံသုမာကိုတော့ ကိုယ်သိပ်မုန်းတယ်"

"မလက်တိုကို ပြောတာမို့လား"

ကိုကိုလွင်က ခေါင်းညိတ်ပြ၏။

နွဲ့လေးတင်၏ အတွေးအာရုံဝယ် မွေ့နွံ၊ မင်းနန္ဒာ၊ ငမိုးရိပ်၊ မလက်တိုခေါ် သံသုမာတို့၏ ပုံရိပ်များထင်ဟပ်လာ၏။

သံသုမာ မိကျောင်းမသာ မွေ့နွံထံ အခစားမဝင်လျှင် မင်းနန္ဒာ၏ ညာလက်ရုံးမှာသာ မွေ့နွံခေါင်းတင် မအိပ်ခဲ့လျှင် ပြီးတော့ မင်းနန္ဒာ ကြိမ်စကြာ မကျန်ခဲ့လျှင် မွေ့နွံ၊ မင်းနန္ဒာတို့၏ ရာဇဝင်သည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလိမ့်မည်ဟု နွဲ့လေးတင် တွေးမိသည်။

"မလက်တိုက အငြိုးအတေး သိပ်ကြီးတာ နွဲ့တင်ရဲ့၊ မင်းနန္ဒာ ဘုန်းကံ နိမ့်ပြီဆိုတာနဲ့ ငမိုးရိပ်ကို လမ်းက ဖြတ်တိုက်တော့တာပဲ၊ ငမိုးရိပ်ကလည်း သနားစရာနော်၊ ပြန်တိုက်ရင် နိုင်နိုင်ပါရက်နဲ့ သူ့



www.burmeseclassic.com

www.burmeseclassic.com



သခင်အသက်ကို ငဲ့ပြီး အာခံတွင်းထဲထည့်ပြီး လွတ်
အောင်ရှန်းရှာတယ်"

နွဲ့လေးတင် ရင်မှာ ငမိုးရိပ်ကြီးကို သနားလာ၏။

အရှင်သခင်ကို အာခံတွင်းမှာ ငုံပြီး ရန်သူ့လက်မှ
ထွက်နေရသည့် ငမိုးရိပ်ကြီးကို မြင်ယောင်လာသည်။

အတွေးမှာ ခံစားမှုကိုယ်စီရှိဆဲဝယ်....

☆ ☆ ☆

"ဟိတ်...ကိုလွှင်"

နောက်ပါးမှ ခေါ်သံကြောင့် နွဲ့လေးတင်နှင့်ကိုကို
ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

နွဲ့လေးတင် မျက်နှာတင်းခနဲ ဖြစ်သွားပြီး ကိုကိုလွှင်
မှ မျက်နှာ ကွက်ခနဲ ပျက်၏။

ချယ်ရီခိုင်၏ အပြုံးက အောင်နိုင်သူအပြုံး။

ချယ်ရီခိုင်နံဘေးမှာ ပါလာသည့် အမျိုးသမီး နှစ်ဦး
နွဲ့လေးတင်နှင့် ကိုကိုလွှင့် မျက်နှာကို တစ်လှည့်စီကြည့်သည

"ကိုကိုလွှင် တို့ကို ပစ်ချာ လိုက်မပြတာ ကြာပြီနော်
ဟိုတစ်လောက မာမီကတောင် ပြောနေတယ်၊





ကိုကိုလွှင်ကို ရုပ်ရှင်လိုက်မပြခိုင်းတော့ဘူးလားတဲ့၊
တို့ကတော့ ပြောလိုက်ပါတယ်၊ ကိုကိုလွှင်က ကြမ်း
တယ်လို့"

"ဘာကြမ်းတာလဲ"

"ကားမောင်းကြမ်းတာလေ...ဟင်း..ဟင်း.."

အရယ်ကို တမင်ပြုလုပ်ပြီး နွဲ့လေးတင် မျက်နှာကိုလည်း
ခနဲ့ကြည့်လိုက်သေး၏။ ကျောင်းတော်က ရန်စ ရှိခဲ့သော်
ည်း အရွယ်တွေက ငယ်တော့သည် မဟုတ်။ နွဲ့လေးတင်က
ည်တည်ငြိမ်ငြိမ်နှင့်ပင် ချယ်ရီခိုင်ကို ခပ်ရဲရဲကြည့်၏။

"သူငယ်ချင်းတွေပါတယ်၊ သွားမယ်နော်ကိုကိုလွှင်၊
ရှေ့အပတ် သမ္မတမှာဝင့်မယ့်ကား လိုက်ပြရမယ်
နော်"

လှုပ်လီလှုပ်လဲ့ချယ်ရီခိုင် ထွက်သွားတော့ ကိုကိုလွှင်က...

"စကားပြောဖို့ ဖြစ်လာပြန်ပြီ နွဲ့တင်ရယ်"

"နွဲ့တင်တို့ ပြန်ကြရအောင်လား ကိုလွှင်"

"ကိုယ် ရှင်းပြတာကို နားထောင်ပါဦး နွဲ့တင်"

"မဟုတ်ဘူး နွဲ့တင်ပြန်ချင်ပြီ"

"ကိုယ့်ကို စိတ်ဆိုးနေပြီမို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်မယ်"

ယတိပြတ် စကားမှန်းသိသည်။

ပင့်သက်ချရုံက လွဲပြီးဘာမှ တတ်နိုင်ခြင်းမရှိ။ နှုတ်ခမ်းကို ဖိကိုက်ထားသည့် အမူအရာကြောင့် သူ၏ ရှင်းလင်းမှုများ တရားဝင်မည် မဟုတ်သည်ကို ကိုကိုလွင်သိသည်။

ချယ်ရီခိုင်ကတော့ ခဲတစ်လုံးနှင့်ငှက်နှစ်ကောင်ကို ဒထ... ရာ ရသွားစေပါ၏။

☆ ☆ ☆

"ကားကို ဘယ်မောင်းတာလည်း ကိုလွင်"

လမ်းကြောင်းပြောင်းနေသဖြင့် နွဲ့လေးတင်က ခပ်ဆတ်ဆတ်မေးသည်။ ကိုကိုလွင်မဖြေ။

"ပြောလေ..ဘယ်ကို မောင်းတာလည်း၊ နွဲ့တင် အိမ်ပြန်မယ်လို့ ကိုလွင့်ကို ပြောထားတယ် မဟုတ်လား"

"မဟုတ်သေးဘူး နွဲ့တင်၊ နွဲ့တင်ကိုယ့်ကို စိတ်ဆိုးနေတယ်ဆိုတာ ကိုယ်သိပါတယ်၊ နွဲ့တင်ကိုယ်ရှင်းပြတာကို နားထောင်ပါဦး"





"ဘာလဲ ရုပ်ရှင်ရုံထဲမှာ အသားချင်းထိအောင်တောင် ကပ်ပြီး မထိုင်ပါဘူးဆိုတဲ့ ရှင်းတမ်းလား"

"အဲသလိုတော့ ကိုယ့်ကို မရွဲ့နဲ့ နွဲ့တင်၊ ရှင်းပြခွင့်မရလို့ကတော့ ရှေ့ကလာနေတဲ့ကားနဲ့ ခေါင်းချင်းဆိုင်ပစ်လိုက်မယ်"

"အဲဒါ ဘာဖြစ်တာလဲ၊ မိုက်ရူးရဲ လုပ်တာကို နွဲ့တင် မကြိုက်ဘူးဆိုတာ ကိုလွင် သိတယ်နော်၊ ပြောပါ.. ကိုလွင်ဘာပြောချင်လဲ၊ နွဲ့တင်နားထောင်နေမယ်၊ အမှန်တရားကိုတော့ နွဲ့တင်ဦးနှောက်က ဆုံးဖြတ်လိမ့်မယ်"

ကိုကိုလွင်က ကားစီယာတိုင်ကို တည့်မတ်လိုက်သည်။

"ချယ်ရီခိုင် သက်သက်မဲ့ လုပ်သွားတာ နွဲ့တင်"

"မဟုတ်ဘူးလေ၊ ကိုလွင်ကတော့ သူနဲ့တကယ် ရုပ်ရှင် မကြည့်ခဲ့ဘူးလား"

သူစကား မဆိုဖြစ်သေး။

ကားကို အင်းလျားစားသောက်ဆိုင်များဘက် မောင်း...သည်။

ကန်စပ်ထိုင်ခုံပုလေးမှ ထိုင်ပြီးအကြော်လှမ်းမှာ၏။



www.burmeseclassic.com

www.burmeseclassic.com



"မရှင်းပြခင် ကိုယ်ပြောတာကို နွဲ့တင်ယုံကြည်ဖို့တော့ လိုတယ်"

"ပြောပါ"

"ကိုယ် နွဲ့တင်ကို မလိမ်ခဲ့ဘူး၊ ပညာခဲ့ဘူးဆိုတာ နွဲ့တင် သိပါတယ်"

"အနေအထားကို ရှင်းပါကိုလွင်၊ ချစ်သူဘဝမှာ သံသယဆိုတာကိုလည်း နွဲ့တင်မခံစားချင်ပါဘူး"

"ဒီလိုပါ နွဲ့တင်ရယ်"

☆ ☆ ☆

စကားအားလုံးကို နွဲ့လေးတင် ယုံကြည်လိမ့်မည်ဟု ကိုကိုလွင် ထင်ပါ၏။

"အဲဒါတွေဟာ အမှန်စကားတွေပါပဲ နွဲ့တင်ရယ်၊ မုသားစကားတစ်လုံးမှ မပါပါဘူး"

"အဲဒီအကြောင်းတွေကို ကိုလွင်အစက ဘာလို့ နွဲ့တင်ကို မပြောခဲ့တာလဲ"

"ပြောစရာ မလိုဘူးလေ၊ ဘာဖြစ်လို့လဲဆိုတော့ ပြောရလောက်အောင် အကြောင်းအရာ မရှိဘူး"





မျက်နှာထားအနည်းငယ် ပျော့ပြောင်းလာသည်ကို ...ည့်ပြီး စိတ်ပြေလောက်ပြီဟုတော့ စိတ်ကထင်သည်။

သို့သော်လည်း..

"ရင်ထဲမှာတော့ တစ်မျိုးကြီးဖြစ်နေတယ် ကိုလွင်ရယ်"

သူလက်ချောင်းလေးများကို အသာဆုပ်ကိုင်လိုက်သည်။ ...ယုံကြည်ပါ နွဲ့တင်ဆိုသည့် စကားကို သုံးလေး ခွန်းမက ...ခဲ့မိပါ၏။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



[၁၈]

"အာ...ဟာ... ကျွတ်စကီး၊ ရေရေလည်လည် ကျွတ်စကီး"

လေတွင် မြောက်နေသော ပေါက်ပြားက လမ်းခုလ မှာ ရပ်သွား၏။ လှည့်ကြည့်တော့ ချယ်ရီခိုင်က အေး မားမား မတ်မတ်ကြီးရပ်လျက်။

"ဘာ ဒုက္ခလာပေးမလို့လဲ"

ပေါက်ပြားကို မြောင်းဘောင်မှာ ထောင်ထားလိုက်၏

"ဟိုနေ့က အတော်ကို စိတ်အနှောင့်အယှက် ဖြစ်သွားတယ် ထင်တယ်၊ ဟင်း...ဟင်း"

"မဖြစ်ပါဘူး၊ ဘာမှကို မဖြစ်ဘူး"

ချယ်ရီခိုင်က မျက်လုံးကို စွေစောင်းကြည့်ပြီး...





"နွဲ့လေးတင်နဲ့ သမီးရည်းစားဖြစ်နေမှန်း ခုမှသိတယ်"

သူက ချယ်ရီခိုင်ကို စေ့စေ့ကြည့်သည်။

ဝတ်စားဆင်ယင်မှုက ခေတ်ကို တံတောင်လောက် ကျော်နေတာထက် သူမ၏ နားမှာ တွဲလောင်းကြီး ချဆွဲထားသည့် နားကွင်းကြီးကို ဘယ်လိုမှ ကြည့်မရ။

"နေပါဦး ခု ကိုကိုလွင်က ဘာလုပ်နေတာလဲ"

"မမြင်ဘူးလား"

"မြေကြီးတွေပေါက်နေတာကိုတော့ မြင်တာပေါ့၊ ဘာလုပ်ဖို့လဲလို့ မေးတာ"

"သိချင်လား"

ခေါင်းကို ညိတ်ပြ၏။

"တွင်းတူးနေတာ"

"ဘာပင်စိုက်မလို့လဲ"

"ဘာပင်မှ စိုက်ဖို့ မဟုတ်ဘူး၊ ခင်ဗျားလေးကို ပေါက်ပြားနဲ့ အသေခုတ်သတ်ပြီး မြေမြှုပ်မလို့ တွင်းတူးနေတာ"

"ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီခိုင် မျက်လုံးပြူးသွား၏။

"ကြောက်သွားသလား၊ မကြောက်ပါနဲ့ဟာ၊ နင့်ကို အချိန်ကုန်ခံ သတ်ဖြတ်ပြီး တွင်းထဲထည့်လို့ ငါ့မှာ ဘာအကျိုးမှ မရှိဘူး၊ ငါ အခု လုပ်နေတာ တို့ ရှေးစကားနဲ့အညီ လုပ်နေတာ"

"မြေကြီးပေါက်နေတာနဲ့ ရှေးစကား ဘာမှမဆိုင်ဘူး"

"တုံးလှချည်လား၊ နင်က အလှအပပြင်ပြီး လတ်လျားလတ်လျားနဲ့ ဗူးရှိဖို့ပဲ တတ်တယ်၊ ရှေးလူကြီးတွေ ပြောထားတယ်၊ အိမ်နောက်ဖေး ဈေးဆိုင်တည်တဲ့"

ချယ်ရီခိုင် ပခုံးနှစ်ဖက်ကို တွန့်သည်။

"မကြားဖူးပါဘူး၊ အိမ်နောက်ဖေး ဈေးဆိုင်တည်လို့ ဘယ်သူက လာဝယ်မှာလဲ"

ကိုကိုလွင်က ဟားတိုက်ရယ်ပါ၏။

"အတွေးအခေါ်ဗဟုသုတတွေ အောက်တန်းကျလှချည်လားဟ၊ မှတ်ထား အိမ်နောက်ဖေး ဈေးဆိုင်တည်ဆိုတာ အိမ်နောက်ဘက် မြေပိုမြေကျန်မှာ ဟင်းသီးဟင်းရွက် စားပင် သုံးပင်စိုက်ဖို့ပြောတာ၊ ဆေးလိပ်ကွမ်းယာရောင်းဖို့ ပြောတာမဟုတ်ဘူး"





ချယ်ရီခိုင်က ခစ်ခနဲရယ်ပြီး...။

"ဟင်းသီးဟင်းရွက် စိုက်မလို့ ဟုတ်လား"

"ဟုတ်တယ်လေ"

"ကိုကိုလွင့်အကြံအစည်က တကယ့်ကို ကြီးမားတာပဲ၊ ဟုတ်တာပေါ့၊ နွဲ့လေးတင်က ဈေးရောင်းတတ်တယ်လေ၊ ထမင်းကြော် မရောင်းဘဲ ခြံထွက် အသီးအနှံ ရောင်းရင်လည်း အမြတ်အစွန်းတွေ အများကြီးရမှာ"

"ချယ်ရီခိုင် နင်နွဲ့တင်ကို စော်ကားတဲ့ စကားမပြောပါနဲ့"

"အမှန်စကားပြောတာ၊ အန်တီသာသိရင် နင့်ခေါင်းကို အာလူးသီးထအောင် ခေါက်မှာ၊ ဈေးမှာ ငါးကျပ်တစ်ဆယ်ဖိုးဝယ်ရင် တစ်ပုံတစ်ပင်ကြီးရတာကိုများ အဝင်ပန်းခံပြီး စိုက်ရတယ်လို့"

"နေပါဦး နင်က ဒီကို ဘာလာလုပ်တာလဲ"

"မာမီခေါ်လို့ လိုက်လာတာပေါ့"

"သိပါဘူး၊ ငါ့ကိုများ တွေ့ချင်လို့လားလို့"

"အံမာ"



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီခိုင်က လက်သီးနှင့်ထိုးရန် ချိန်ရွယ်သည်။ သူ
နောက်သို့ ခြေတစ်လှမ်း ခုန်ရှောင်ပြီး ပေါက်ပြားကို သိုင်း
မားပုံစံနှင့် ကောက်ရွယ်လိုက်၏။

"ဟိုတစ်ခါကလို ကိုယ်ထိလက်ရောက် စော်ကား
ဖို့ မကြိုးစား၊ ပေါက်ပြားနဲ့ဆော်ထည့်ရင် နှ
ခေါင်းရှုစိစိပ်ကွဲသွားမယ်"

"တော်စမ်းပါ ကိုကိုလွင်ရာ၊ ငါနင်နဲ့ ရန်ဖြစ်
လာတာ မဟုတ်ပါဘူး"

"ဒါဖြင့် ကစားဖို့ လာတာလား၊ ရတယ်လေ၊ ငယ
ငယ် ကလေးဘဝက ကစားတတ်ကြတဲ့ ဟိုကစား
နည်းမျိုးကစားမယ်လေ"

"တော်...တော် ကိုကိုလွင်၊ နင် မစတ်ပဲ့နဲ့၊ နင်နဲ့
ငြိမ်းချင်းရေးယူတဲ့ အနေနဲ့ နှင့်နှင်းဆီခြံ
နှင်းဆီနီနီရဲရဲကြီးတစ်ပွင့် ငါ့ကို ပေးခူးပါလားဟယ်

"အပြောကောင်း နင်မိုတောင်းရက်လိုက်တာဟာ
ပန်းတစ်ပွင့် ဖြစ်ဖို့အတွက် ငါဘယ်လောက် ခြေ
တောင်မြှောက်ပေးရတယ်ဆိုတာ နင်သိသလား"

"ပေးမခူးဘူးပေါ့"





"မပေးဘူး"

"ရတယ်လေ၊ ဒါဆိုရင် နွဲ့လေးတင်နဲ့နင့်ကို
ဘုရားမှာ တွေ့ခဲ့တဲ့အကြောင်းတွေ အန်တီဦးကို
သွားပြောမယ်"

ပြောပြီး ချယ်ရီခိုင်က ချာခနဲ လှည့်ထွက်သွား၏။

"ဟေ့...ဟေ့ နေဦး၊ နေပါဦး"

သူ အပြေးကလေးလိုက်ပြီး ချယ်ရီခိုင်ရှေ့မှာ ပိတ်ရပ်
လိုက်၏။

"နင်ဟာ ခလုတ်ပဲ ချယ်ရီခိုင်"

"အပိုတွေ ပြောမနေပါနဲ့၊ ပေးခူးမလား၊ ပေးမခူး
ဘူးလား ဆိုတာကိုပဲပြော"

"တစ်ပွင့်ထဲပဲနော်၊ အပွင့်အကြီးဆုံးကိုလည်း ရွေး
မခူးနဲ့"

ချယ်ရီခိုင် မျက်နှာပြုံးရောင်သမ်းသည်။

"မလိုချင်ဘူး၊ အပွင့်ကြီးကြီးပဲ ခူးမယ်"

"ကဲ...ခူးဟာ"

နှင်းဆီခြံသော့ကို ခပ်ဆောင့်ဆောင့်ကလေး လှမ်းပေး
လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"စေတနာကို သန့်သန့်လေး ထားပါဟယ်၊ အဲသလို ဆောင့်ကြီးအောင့်ကြီး မလုပ်ပါနဲ့"

သည်လိုနှင့်ချယ်ရီခိုင်၏ နိုင်ငံထက်စီးနင်းနိုင်မှုကို ခံခဲ့ပြီးသည့်နောက်...။

☆ ☆ ☆

# အပိုင်း-သုံး

www.burmeseclassic.com

www.burmeseclassic.com



## [၁၉]

ရင်းနှီးမှု အတိုင်းအတာမှ သံယောဇဉ်တစ်ခုကို ချယ်ရီ
းလည့်ထား၏။ မာမီ၏ ရင်းနှီးစေမှုများသည် ကိုကိုလွင်
၏ ဆက်ဆံရေးကို ပိုမိုရဲတင်းစေခဲ့သည်။

ဥပမာ...

ရုပ်ရှင်ကြည့်ရန် အတင်းပူဆာသည့် အခါမျိုး။

ထိုသည့်အခါများတွင် ကိုကိုလွင်သည် နွဲ့လေးတင်မသိ
င် သူမဆန္ဒများကို ကြိတ်ပြီး ဖြည့်ဆီးခဲ့သည်ကိုလည်း
ခိုင်က ရယ်ချင်၏။

ခုလည်း တက်နေကျ ကျောက်မျက်သင်တန်းကို ချယ်ရီ
သွားရောက်လိုခြင်း မရှိ။ သူမ သွားလိုသည့်နေရာကိုလည်း
လွင်ကို နိုင့်ထက်စီးနင်းနင့် လိုက်ပို့ခိုင်းစရာမလို။



www.burmeseclassic.com

www.burmeseclassic.com



'တစ်နေရာသွားရအောင် ကိုကိုလွင်' ဆိုသည်နှင့် ကို
လွင် ခေါင်းညိတ်တတ်နေခဲ့သည်မှာလည်း ကြာပြီ။

"အင်းလျားဘက်သွားရအောင်နော်"

ကိုကိုလွင်က ခေါင်းညိတ်၏။

"ဇေဒါစိမ်းလေးတွေရဲ့ အလှကို ကိုကိုလွင် ခံစား ဖူးလား၊ အင်းလျားရဲ့ ရေစိမ်းစိမ်းမှာ ခြေထောက် ကို ရေစိမ်ပြီး ကိုကိုလွင် ထိုင်ဖူးလို့လား"

ကိုကိုလွင်က နှုတ်ကို ဆိတ်ထားသည်။

"ကျောင်းဆရာမ အလောင်းအလျာကြီးချစ်ရတာ ကိုကိုလွင် မပျင်းဘူးလားဟင်၊ သွားချင်တဲ့ နေရာ လည်း မသွားရ၊ ထိုင်ချင်တဲ့နေရာလည်း မထိုင်ရ၊ နေရာတကာမှာ သိက္ခာဆိုတာကြီးထိန်းနေရတာ ဘယ်လောက်စိတ်ပျက်ဖို့ကောင်းလဲ"

ကားကို ကန်ဘောင်ဘက်မှာ ရပ်ခဲ့သည်။

ကန်စပ်မှာ ထိုင်ရင်း...

"ကိုကိုလွင်"

"ဟင်"

"ချယ်ရီနဲ့သွားလာရတာ ပျော်လားဟင်"





"ပျော်ပါတယ်"

"အစက ကိုကိုလွင်က ချယ်ရီ့ကို သိပ်မုန်းတာပဲ နော်"

ကိုကိုလွင်က မဖြေ။

"လောကကြီးမှာ ဆန်းကျယ်မှုတွေက အများကြီး ပဲ ကိုကိုလွင်၊ တစ်ခါတလေကျ အမုန်းဆုံးလူဟာ၊ အချစ်ဆုံးလူဖြစ်သွားတတ်တယ်"

ကန်ရေကို ဖြတ်ကျော်ပြီး လေပြေက ခပ်ဝေ့ဝေ့ တိုက်၏။

"ကိုကိုလွင် ချယ်ရီ့ကို ခု မမုန်းတော့ပါဘူးနော်"

"ချယ်ရီရင်ထဲက အသိချင်ဆုံး စကားလေ"

ကိုကိုလွင် ပင့်သက်ချသည်ကို မျက်လုံးထောင့်ကပ် ကြည့်ပြီး မြင်သည်။

"မမုန်းပါဘူး"

ရှက်ရွံ့ရွံ့လေး ထွက်လာသည့် စကား။

အတန်ကြာ ငြိမ်သက်နေတော့...

"နွဲ့လေးတင်ကို ကိုကိုလွင် သတိရနေလား"

"ဟို...ဟိုလေ"



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဆိုတာ လက်တွေ့ဘဝနဲ့ ကွာခြားတတ်တယ် ကိုကိုလွင်ရဲ့"

အချိန်အတော်ကြာကြာနေပြီး ကားဆီပြန်လျှောက်တော့ ချယ်ရီခိုင်က ကိုကိုလွင့် လက်မောင်းကို ဆုပ်ကိုင်သည်။

ကိုကိုလွင်၏ ရှုန်းဖယ်ခြင်း မပြုသည်ကို ချယ်ရီခိုင်က ကျေနပ်စွာ ပြုံးလိုက်ပါ၏။

ပြီး ချယ်ရီခိုင့်ရင်မှာ စကားတွေ ပွင့်ထွက်နေပါ၏။

သည်အသံတွေကိုတော့ ကိုကိုလွင် မကြားနိုင်ပါ။

"ဟင်း...ဟင်း...နွဲ့လေးတင်ရယ်၊ ငါတစ်သက် မမေ့ပါဘူး၊ နင်လည်း မေ့မှာ မဟုတ်ပါဘူး၊ အထက်တန်းကျောင်းသူဘဝမှာ နင် ငါ့ကို ပါးရိုက်ခဲ့တာလေ၊ အေး..ငါ့ပါးနာသလို နင့်အသည်းနာစေရမယ် နွဲ့လေးတင်၊ နဖူးက အနာရွတ်ကို မြင်တိုင်း မဟော်သဓာအပေါ်အခဲမကြေဖြစ်တဲ့ ကေဝဋ္ဋပုဏ္ဏားလို ငါကလည်း အငြိုးအတေးတွေ သိပ်ကြီးတယ်ပေါ့ဟာ"

☆ ☆ ☆





[၂၈]

ကျောင်းကပြန်လာပြီး နွဲ့လေးတင် အေးအေးငြိမ်ငြိမ် ယို့မရ။ အမေ့ကို ဆေးတစ်ခွက်တိုက်ပြီး ကြည့်မြင်တိုင်သို့ တန်းပြေးရသည်။ အိမ်ပြန်ရောက်တော့လည်း ဝိုင်းစိန် အကူအညီကိုယူပြီး နက်ဖြန် အမေ ဈေးရောင်းနိုင်ဖို့အတွက် ရသည်။

ခုရက်ပိုင်းအတွင်း အမေ့ ကျန်းမာရေးမကောင်း။

နောက်ပြီး ချစ်သူ၏ အလိုမကျနိုင်မှုဟန်ပန်များ မြင်င်သောအခါ ရင်မှာ မောလျှစွာ ခံစားရသည်။ လူငယ်ဘဝအချစ်နှင့်ပျော်ရွှင်မှုကို နွဲ့လေးတင်မသိ နားမလည်လည်း မဟုတ်။ လက်တွေ့ကျကျ ဘဝကို ရှုန်းကန်မှု စိတ်ကူးယဉ်ယဉ်နှင့် ကိုကိုလွင်ကို ချစ်ခဲ့သည်လည်း တ်။



www.burmeseclassic.com

www.burmeseclassic.com



သည့်အချစ်ကို ကိုကိုလွင် နားမလည်နိုင်ဘူးလား။

အချစ်နှင့်ပတ်သက်လျှင် နွဲ့လေးတင်သည် ဦးနှော ကို ဦးစားပေးပါ၏။ နေရာပေးပါ၏။ နှလုံးသားနှင့် ဆုံးဖြ ၏၊ ရမည့်နေရာများတွင် ဦးနှောက်နှင့်ပင် ရဲတင်းစွာ ဆုံးဖြ ပေါင်းလည်းများပြီ။

သည့်အတွက် ချစ်သူ ငြင်းငြင်မှုရှိခဲ့သည်ကို မသိ မဟု ပညာရေးလောကကို တစ်ဆစ်ချိုးလာနိုင်ပြီးမှတော့ နွဲ့လေး တင် စိတ်အလိုကိုလည်း မလိုက်ချင်တော့။

အတွေးများ အားကောင်းဆဲ အိမ်ရှေ့မှ ကားရပ် ကြောင့် နွဲ့လေးတင်ခေါင်းကို အသာထောင်ကြည့်လိုက် ၏၊

"ကိုလွင်ပါလား"

စိတ်ကောက်ပြီး ရောက်မလာသည်မှာ ကြာခဲ့သ ချစ်သူ။

ရုပ်ရှင်အတူ ကြည့်ခွင့်မပေးတာလေးနှင့် ကိုကိုလွင်သ ကလေးဆန်သော အပြုအမူကို ဖန်တီးခဲ့၏။

"စိတ်ပြေသွားပြီလား"

အိမ်ပေါ်ရောက်ရောက်ချင်း နွဲ့လေးတင်ကမေးသည်။

"ဘာကိုလဲ"





"စိတ်ကောက်သွားတယ်လေ"

ကိုကိုလွင်က ရယ်ရယ်မောမောနှင့် နံဘေးမှာ ဝင်ထိုင်

"ပြောချင်တယ်"

"ပြောလေ၊ ဘယ်သူက မပြောရဘူးလို့ ပိတ်ပင် တားဆီးနေလို့လဲ"

"ပြောမယ့် စကားကို အလေးအနက်ထားပါ ကိုလွင်"

ကိုကိုလွင်က သူမမျက်နှာကို ငြိမ်ငြိမ်သက်သက် ကြည့်

"ယောကျ်ားဆိုတာ စိတ်ကောက်တဲ့အလုပ်ကို မလုပ် ရဘူး၊ စိတ်ကောက်တယ်၊ စိတ်ပျော့တယ်ဆိုတာ ယောကျ်ား မပီသတဲ့သူတွေရဲ့ လုပ်ရပ် ကိုလွင်၊ နွဲ့တင်က ယောကျ်ား ပီပီသသ လူတစ်ယောက်ကို ချစ်ထားတာ"

"စကားလုံးတွေနဲ့ မနှိပ်စက်ပါနဲ့ နွဲ့တင်ရယ်၊ အမေကော"

"အမေ နေမကောင်းဘူး"



www.burmeseclassic.com

“ဟင် ဟုတ်လား”

သူအခန်းထဲ ပျာပျာသလဲ ဝင်သည်။

သည့်နောက် အမေ့ကိုတွဲပြီး ခေါ်သည်။

ဆေးခန်းကို သူဦးဆောင်ပြီး လိုက်ပို့၏။

သည်လိုနှင့်...

ချစ်သူအပေါ် မကျေနပ်ခဲ့မှုများ နှင့်လေးတင်ရင်မှာ လျော့ပါးသွားရပြန်ပါ၏။

☆ ☆ ☆





[၂၁]

ရင်မှာ မကောင်းဖြစ်ရသော်လည်း သူ့ရင်ထဲက ခံစားမှု ချယ်ရီခိုင် ထိုးဖေါက် မမြင်ချင်တော့။ ချယ်ရီခိုင်က အနား ပြုတ်ကျလာသည့် ကြွေရွက်ကလေး တစ်ခုကို လုံးချေနေ...

“စိတ်မောလိုက်တာ ကိုလင်းရယ်”

ပြောပြီး ဝေလင်းဟန်မျက်နှာကို စောင်းငဲ့ကြည့်သည်။

“ခုတော့ ချယ်ရီ စိတ်မောတတ်နေပြီပေါ့၊ အင်းပေါ့လေ မကြာခင်ကာလတွေမှာ ကိုကိုလွင်ဟာ အင်ဂျင်နီယာဘွဲ့ကြီးကို ရတော့မှာပဲ၊ ကိုကိုလွင်နဲ့ယှဉ်လိုက်ရင် ကိုယ်ဟာ ချယ်ရီတို့ရဲ့ အဝန်းဝိုင်းမှာ အသေးကွေးဆုံးလူသားတစ်ယောက်ပါပဲလေ”



www.burmeseclassic.com

www.burmeseclassic.com



"အဲသလို မပြောပါနဲ့ကွာ"

"ပြောရမယ် ချယ်ရီ၊ ရုပ်ရှင်ရုံမှာကော၊ ဗိုလ်ချုပ်ဈေးမှာကော ကိုယ့်မျက်စိနဲ့ တပ်အပ်မြင်တာပါ၊ ကိုယ့်ဘ၀ကို ချယ်ရီ သိပါတယ်လေ၊ ကိုယ့်မှာ ချယ်ရီ့ကို တင်းတင်းမာမာပြောဝံ့တဲ့ သတ္တိမရှိပါဘူး၊ ချယ်ရီ့ကို ချစ်ရတဲ့အချစ်မှာ အစစအရာရာကို သိမ်ငယ်ပါတယ်"

ချယ်ရီခိုင်က ဝေလင်းဟန်၏ လက်ချောင်းလေးများ ဆုပ်ကိုင်လိုက်သည်။

ချစ်သူရဲ့ဘ၀ကို ချယ်ရီခိုင် နားအလည်ဆုံးပါလေ ကြွယ်ဝချမ်းသာသော မျိုးရိုးမှ ဆင်းသက်လာခြင်း မဟုတ်သော် လည်း သင့်တင့်သော အခြေနေမှာ ရှိပါသည်။ သည် သင့်တင့် သော အခြေနေကို မိမိ အသိုင်းအဝန်းက ဘယ်လိုမှ လက်ခံ နိုင်ခြင်းမရှိ။

ခပ်ပေပေနေတတ်ပြီး ဝေလင်းဟန်၏ အရှည်အချင်း ဆယ်တန်းကို တဘုန်းဘုန်းကျသေးသည်။

ဘာပဲဖြစ်ဖြစ်...

ဝေလင်းဟန်သည် မိမိ၏ အချစ်ဦး။





"ကိုကိုလွင်နဲ့ ချယ်ရီက ရိုးရိုးသားသားပါ ကိုလင်းရယ်"

"ကိုယ်ယုံချင်တယ်"

"ယုံပါ နောက်ကို သံသယဖြစ်မဲ့ စကားပြောတော့မယ်ဆိုရင် ဘ၀နဲ့အသည်းနှလုံးကို ပုံခဲ့တဲ့အချစ်တွေကို ကိုလင်း သတိရပါ"

"သည်စကားကြားရတာ ဝမ်းသာပါတယ် ချယ်ရီ"

ထိုင်ရာမှထတော့ ဝေလင်းဟန် လက်မောင်းကို ချယ်ရီက ဆုပ်ကိုင်ပြီးထသည်။

"သွားကြရအောင်နော်"

ချယ်ရီခိုင် ပင့်သက်ချသည်။ သည်စကား၏ အနက် ...ဓိပ္ပါယ်ကိုလည်း ချယ်ရီခိုင် သိသည်။

"အဲဒီ့ နေရာကြီးကို မသွားပါနဲ့တော့ ကိုလင်းရာ"

"ချယ်ရီ တစ်ခါမှ မငြင်းဖူးဘူးနော်၊ ခု ချယ်ရီ ငြင်းတတ်နေပြီလား"

"စိတ်ညစ်ဖို့ ကောင်းလိုက်တာကွာ၊ ကဲ..ကိုလင်း သဘောပဲ"



www.burmeseclassic.com

www.burmeseclassic.com



အင်းလျားမှ ထွက်ခဲ့သည်။

ပြည်လမ်းပေါ်ရောက်တော့..

"ကိုလင်း သူငယ်ချင်းက ကမ်းနားလမ်းတိုက်မှာ ရှိနေမှာလား"

"သော့ပေးသွားတယ် ချယ်ရီ၊ ခါတိုင်းလည်း သူ ကိုယ့်ကို တိုက်ခန်းသော့ ပေးထားနေကျပဲဟာ"

ရင်မှာ လှုပ်ခုန်နေသည်ကိုတော့ ချယ်ရီခိုင် ကိုယ့် ကိုသိ၏။

☆ ☆ ☆

"မောလိုက်တာကွာ"

တိုက်ခန်းမှ ထွက်လာသည်နှင့် နေပူလေပူကို ကြုံ ခံစားရသည်။ ချယ်ရီခိုင်က နဖူးမှ ချွေးစလေးများကို လ ကိုင်ပဝါနှင့်သုတ်သည်။

"အင်းလေ...ဒီကောင့်တိုက်ခန်းက အပေါ်ဆုံးမှာ ဆိုတော့ ဆင်းရတက်ရတာကို မမောဘဲ ခံနိုင်မလား ချယ်ရီရဲ့"





"အေးအေးချမ်းချမ်း စကားပြောရတာကတော့ ကောင်းပါတယ် ကိုလင်းရာ၊ ဒါပေမဲ့ ကိုလင်း သူငယ်ချင်းကို တွေ့ရင် အရှမ်းမျက်နှာပူတာပဲ"

"ဒါနဲ့ ချယ်ရီ အိမ်ပြန်မှာလား"

"အမလေး အိမ်တန်းပြန်လို့ ဘယ်ဖြစ်မလဲ၊ သင်တန်းကို အိမ်က ကားလာကြိုမှာ"

ဝေလင်းဟန်နှင့် လမ်းအခွဲ၊ သင်တန်းသို့ ချယ်ရီခိုင် တန်း ရသည်။ ဝင်းထဲမှာ အိမ်ကကားကို မတွေ့သော်လည်း ကိုလွင်ကို ကားနဘေးမှာ ရပ်လျက်တွေ့ရပါ၏။

"သင်တန်းမတက်ဘဲနဲ့ ဘယ်လျှောက်သွား နေတာလဲ"

"သင်တန်းအစောကြီးပြီးလို့ သူငယ်ချင်းတွေနဲ့ မုန့်သွားစားတာ ကိုလွင်၊ နေပါဦး ကိုကိုလွင်က ဘယ်လာတာလဲ"

"ခင်ဗျားလေးကို လာကြိုတာပေါ့"

"ဟယ်...ဝမ်းသာစရာပါပဲ၊ မာမီကတော့ ရတနာ စိန်ခြယ်ကိုလာရင်း ကိုကိုလွင့်ကို တာဝန်ပေး လိုက်ပြီ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ ခေါင်းအညိတ်မှာ ချယ်ရီခိုင်က ကိုကိုလွင့် နဘေး

ဝင်ထိုင်လိုက်၏။

ကားဘီးလိမ့်ထွက်တော့ ချယ်ရီခိုင်က ကိုကိုလွင်၏

ပခုံးစွန်းပေါ် မေးကလေးတင်သည်။

"ဟ..ဘာဖြစ်တာလည်း၊ ဒီမှာကားမောင်းနေတယ်"

"မျက်နှာကို သေသေချာချာကြည့်တာပါ၊ ကိုကိုလွင်

က လှချော့ပဲ၊ ဒါကြောင့် နွဲ့လေးတင်က အသည်းနဲ့

ချစ်နေတာ"

"ဟာ..ကိုယ်ကို မတ်မတ်ထားပြီး လိုက်စမ်းပါ"

ချယ်ရီခိုင် ခပ်လွင်လွင်ကလေး ရယ်ဆဲမှာ...

ပညာရေးဘက်မှ အမျိုးသမီးတစ်ယောက် ကားလမ်း

ကိုဖြတ်အကူး...

"ကျွီ"

"အမယ်လေး"

ဘရိတ်ကို အချိန်မီနင်းဖိ နိုင်လိုက်၏။

ကားတုံ့ခနဲအရပ်မှာ...

"ဟင်... နွဲ့တင်"





နွဲ့လေးတင်က မျက်လုံးအဝိုင်းသားနှင့် ကိုကိုလွင်ကို

ကြည့်သည်။ ပြီး နံဘေးမှ ချယ်ရီခိုင်ဆီသို့ အကြည့်ရောက်

၏။

"နွဲ့...နွဲ့တင် ကားပေါ်တက်လေ"

ကိုကိုလွင် ခြေမကိုင်မိ၊ လက်မကိုင်မိ။

နွဲ့လေးတင်က ကိုကိုလွင်နှင့်ချယ်ရီခိုင် မျက်နှာကို ခပ်

ကြည့်ပြီး နှုတ်ခမ်းကို ထောင့်ကပ်မဲ့လိုက်၏။

စကားတစ်ခွန်းမဆို။

ကိုယ်ကိုချာကနဲလှည့်ပြီး ကျောခိုင်းဆက်လျှောက် သွား

၏။

ချယ်ရီခိုင်ကတော့ အောင်နိုင်စွာ ပြုံးလိုက်ပါ၏။

ရင်ထဲမှာလည်း ကျေနပ်မှုတွေ အနန္တ။

ကဲ...မှတ်ပြီလား။

မိနွဲ့လေးတင်။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



[၂၂]

စကားပြောချင်စိတ် လုံးဝမရှိ။

သို့ကြောင့်လည်း ကိုကိုလွင် အိမ်လာတိုင်း အိပ်ချ... ယောင်ဆောင်နေတတ်ပြီး ကျောင်းကိုလိုက်လာလျှင် မျက်... ထားတင်းတင်းနှင့် ခေါင်းကို ချာကနဲ လှည့်ပစ်ခဲ့ရသည်... လည်း ခဏခဏ။

ကြာတော့ ကိုကိုလွင့်ကို အမေကပင် သနားလာသည်...

"သမီးရယ်၊ မောင်ကိုလွင်ကို အားနာဖို့ ကောင်းပါ... တယ်"

"အို...ဘာအားနာရမှာလဲ၊ အမေ မသိပါဘူး"

နွဲ့လေးတင် အမေ့ကို သည်သို့ ပြန်အော်ခဲ့ဘူး၏။





နောက်ဆုံးနစ်မို့လည်း ကိုကိုလွင်နှင့်ပတ်သက်သော ...သား ဝေဒနာကို ရင်မှာ ကြာကြာမထား။ ကျောင်းများသို့ ...တွေ့ဆင်းရသည်မို့လည်း အမေ့ကိုပင် ဝိုင်းစိန်နှင့် လုံးဝ ...အားရသည်။

လက်တွေ့သင်တန်း၏ နောက်ဆုံးနေ့မှာ ကိုကိုလွင် ...ကျောင်းသို့ ရောက်လာ၏။ ကျောင်းဆင်းသောအခါ နှုတ်ဆက် ...ပွဲ၌ နွဲ့လေးတင်တို့ ဆရာ ဆရာမလောင်းများ၊ ကျောင်းအုပ် ...ရာမကြီးကို ရှုပြီး အမှတ်တရ ဓါတ်ပုံရိုက်သည်။

ဓါတ်ပုံရိုက်ပြီး သောအခါ အားလုံးကို နှုတ်ဆက်ပြီး ...ကိုလွင်နှင့် လိုက်ပါဖြစ်ခဲ့၏။

"နွဲ့တင်...အိမ်ကို ပြန်မှာလားဟင်၊ နွဲ့တင် ဆန္ဒ မှန်သမျှကို ကိုယ်လုပ်ပေးမယ်နော်"

မျက်နှာခပ်ညှိုးညှိုး အနေထားကိုမြင်တော့ စိတ်က သနား ...သို ဖြစ်လာရ၏။ ဩော်...မိန်းမတွေမှာ သနားတတ်ခြင်း ...ည် အရှုံးပေးမှု တစ်ခုပါကလား။ ခပ်တင်းတင်း ဆက်ဆံ ...ခဲ့သည် ရည်ရွယ်ခဲ့သော မာနစကားများသည် ချစ်သူ ရှေ့ ...ထိဝယ် လုံးဝ ပျောက်ကွယ်သွားပါ၏။

"ကိုလွင့် သဘောပါလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကိုယ်တို့ ဘုရားသွားရအောင်နော်၊ ညနေ
အေးအေးမှာ နွဲ့တင်စိတ်ဝမ်းငြိမ်းချမ်းနိုင်ပါစေ"

မိမိ အနှစ်သက်ဆုံး နေရာဒေသကို ကိုကိုလွင် သိသေ
၏။ နွဲ့လေးတင်က နှုတ်ကို ခပ်ဆိတ်ဆိတ်လေးသာနေသည

"ကိုယ့် နွဲ့တင်ကို အမှန်စကားတွေ ပြောမှာပါ
ရှင်းပြခွင့်ကိုတော့ ကိုယ့်ကို ထွက်ပေါက်တစ်ခု
အနေနဲ့ ပေးသင့်ပါတယ်"

ကားမောင်းရင်း ကိုကိုလွင်က ပြောသည်။

"ထွက်ပေါက်ကိုပိတ်ပြီး နွဲ့တင်နိုင့်ထက်စီးနင်း
လုပ်ခဲ့တာ မဟုတ်ဘူး ကိုလွင်၊ ဟောဒီ မျက်စိထ
တပ်အပ်ကိုမြင်တာ နွဲ့တင်ကို ဝန်ခံစကားပြော
ဟိုဒီ လှည့်ပတ် ပြောတာကို အမုန်းဆုံးဘဲ"

"ခက်လိုက်တာ နွဲ့တင်ရယ်"

"ဘာခက်တာလည်း၊ သူ့လက်မောင်းကို ဆုပ်ကိုင်
ထားတာများ ခုထိ မျက်စိထဲက မထွက်ဘူး"

ဦးဝိစာရအဝိုင်းကြီးကို ကွေ့ပတ်ပြီး တောင်ဘက်
ဘက်သို့ကားကို ခေါင်းညိတ်လိုက်သည်။





"နွဲ့တင်လည်း ခြောက်ပြစ်ကင်းသဲလဲစင်အောင် နေ
တယ်၊ ကိုလွင့်ကိုလည်း နေစေချင်တယ်၊ ခုတော့
ကိုလွင်က အဲသလို မဟုတ်ဘူး"

"နွဲ့တင်ရယ်"

"ဘာနွဲ့တင်ရယ်လည်း၊ ပြောရင်း ဒေါသက ဖြစ်
လာရပြီ သိလား"

ကုန်းကိုပတ်တက်ပြီး ကားအပ်ဌာနမှာကားကို အပ်
ည်။ ခါတ်လှေကားနှင့် ဘုရားပေါ်တက်ခဲ့၏။

မွေးနံ့ထောင့်မှာ ပန်းရေချမ်းကပ်လှူပူဇော် ကန်တော့ပြီး
လေးတင် မျက်နှာ အေးအေးငြိမ်ငြိမ် ရှိသောအခါမှ...

"ကိုယ်က ရိုးရိုးသားသားပါ နွဲ့တင်၊ မေမေရဲ့
သူငယ်ချင်း သမီးကို ကူညီတဲ့အနေနဲ့..."

"တော်...ကိုလွင်၊ စကားကို ရှေ့မဆက်နဲ့တော့၊
နွဲ့တင်က လွန်မြောက်ပြီးတဲ့ အတိတ်ကို ပြန်တူး
ဆွတတ်တဲ့ မိန်းမ မဟုတ်ဘူး၊ ကိုလွင်ကို နွဲ့တင်
တစ်ခုမေးမယ်"

"မေးပါ နွဲ့တင်"



www.burmeseclassic.com

www.burmeseclassic.com

"မှန်မှန်တော့ ဖြေပါ"

"ဖြေပါ့မယ်"

"ချယ်ရီခိုင်နဲ့ကိုလွင် မေတ္တာရှိနေကြလား"

"မရှိပါဘူး"

"ယောကျ်ားစကားနော်"

"စိတ်ချပါ နွဲ့တင်၊ ကိုယ့်မေတ္တာက နွဲ့တင်တစ်ဦး တည်းပေါ်မှာပဲ တည်ရှိပါတယ်"

"ဒါဆိုပြီးရော၊ ရှင်းချက်တွေလင်းချက်တွေမထုတ် နဲ့၊ နွဲ့တင်ကိုယ် နွဲ့တင် ထိန်းနိုင်သလို၊ ကိုလွင် လည်း ကိုယ့်ကိုကိုယ် ထိန်းသိမ်းပါ၊ စိတ်အလို လိုက်ရင် ယောကျ်ားဆိုရင်လည်း ယောကျ်ားညံ့ပဲ၊ မိန်းမဆိုရင်လည်း မိန်းမညံ့ပဲ၊ ကိုလွင် တစ်ခု စဉ်း စားကြည့်စမ်းပါ"

လေသံကတော့ ဆရာမလေသံ။

နွဲ့လေးတင် နံဘေးမှာ ကိုကိုလွင့်ပုံစံက ကျောင်းသား သူငယ်နှင့် ဘာမှမခြား။





"နွဲ့တင် တခြားယောကျ်ားလေးတစ်ယောက်နဲ့ အတူသွား အတူလာရင် ကိုလွင်ဘယ်လို ခံစားရ မယ်ဆိုတာ ကိုယ်ချင်းစာပါ၊ လူမှာ ကိုယ်ချင်းစာမှု တစ်ခုသာရှိ အားလုံးအဆင်ပြေ အေးချမ်းသွားမယ် ကိုလွင်"

သူကတော့ နားထောင်သမား သက်သက် ဖြစ်နေ၏။

နွဲ့လေးတင်ကို စောဒက စကားတစ်ခွန်းမဟ။

နေကလေးညိုစ ပြုသောအခါ ရင်ပြင်အနောက်ဘက် လျှောက်ဖြစ်ကြသည်။

ဘုရားလာတိုင်း မျှော်ကြည့်နေကျ သန်လျင်ဘက်မှ ကျိုက်ခေါက်စေတီကို လှမ်းမျှော်ကြည့်၏။

ခါတိုင်းလိုပင် မင်းနန္ဒာ အကြောင်းပြောဖြစ်ကြ၏။

ရိပ်ကြီးကိုလည်း နွဲ့လေးတင်က သနားမြဲ သနားနေမိ သည်။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း-လေး

www.burmeseclassic.com

www.burmeseclassic.com



[၂၇]

"ဖြတ်...ဖြတ်... နင် ဒီအကောင်နဲ့ အဆက်ဖြတ် မလား၊ မဖြတ်ဘူးလားဆိုတာ ငါ့ကို ပြောစမ်း ချယ်ရီ"

ဒေါသကြီးမားနေသော မာမီသည် သူမ၏ လက်မောင်းလေးကို ခပ်ကြမ်းကြမ်းဆုပ်ကိုင်ပြီး လှုပ်ယမ်းသည်။

ချယ်ရီခိုင်၏ မျက်ဝန်းမှ မျက်ရည်ပေါက်ကြီးများက ပြိုဆင်းကျလာ၏။

"ဘယ်က အလေနတ္တောတွေနဲ့တွေ့ပြီး ဖြစ်လာတာလည်း မသိဘူး၊ ကလေကချေလူစားမျိုးမှ နင်က စိတ်ဝင်စားသလား မိချယ်ရီ"

"ကိုလင်းက ကလေကချေ မဟုတ်ပါဘူး မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုလင်း ဟုတ်လား၊ ငါ့ရှေ့မှာ နင်အဲသလိုခေါ်ရဲ
တယ်ဟုတ်လား၊ ကဲ... ကိုလင်းဦးဟယ်"

မာမီ့လက်ဝါးက သူမ ပါးပြင်ပေါ်သို့ ကျရောက်လာ

ချယ်ရီခိုင်က မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး တစ်ရှိုက် မ
မက်ငိုသည်။

မာမီ၏ဒေါသကို ဘဝမှာ ပထမဆုံး ကြုံတွေ့ရသ
အဖြစ်။

မိမိ၏ ငိုရှိုက်သံကို ဒက်ဒီသည် အိမ်ခန်းအပြင်ဘက်
နေ၍ ကြားနေလိမ့်မည်။

သည့်နေ့မှ ကံကလည်း ဆိုးသည်။

ဝေလင်းဟန်နှင့်နောက်ဆုံးနှုတ်ဆက်ခြင်းအဖြစ် က
နားလမ်းတိုက်ခန်းသို့ လိုက်သွားမိသည်။ အပြန်တွင် အ
ကားစောင့်ရင်း အိမ်ကကားနှင့် တန်းတိုး၏။

ကားပေါ်မှ ဒက်ဒီရှုးရှူးရှားရှားနှင့် ဆင်းလာပြီး သူမ
ကားပေါ်ဆွဲတင်သည်။ ကားကိုအိမ်သို့ တန်းမောင်းလာပြီးမာ
လက်သို့ ဒက်ဒီက ဝကွက်အပ်ပါ၏။ သည်တွင် မာမီ့ ဒေါ
ထိန်းမရတော့။





"နင် စဉ်စားကြည့်စမ်း၊ နင့်ဘဝအတွက် ကိုကို
လွင်က လွဲလို့ ဘယ်သူ အကောင်းဆုံးဖြစ်မှာလည်း၊
မိဘတွေက သားသမီးတွေရဲ့ ရှေ့ရေးကို စဉ်းစား
ပြီး အစီအစဉ်ချတယ်၊ နင်က နေချင်သလို နေမယ်
ဆိုရင်...ဒီမယ် မိချယ်ရီ"

မာမီက မျက်နှာကို ဆတ်ခနဲ ဆွဲမော့ပြီး ခေါ်သည်။

"ငါ့မျက်နှာကို သေသေချာချာကြည့်၊ တခြား အမေ
တွေလို ငြိမ်ခံမှာ မဟုတ်ဘူး၊ ညည်းကို သတ်မယ်
မှတ်"

"သမီး မာမီ့ကို ဝန်ခံတယ် မဟုတ်လား၊ သမီးသူ့
ကို နောက်ဆုံးသွားတွေ့တာပါလို့၊ သမီးအဆက်
အသွယ်ဖြတ်ပါ့မယ်လို့ ပြောပြီးပြီပဲ၊ မာမီ အရမ်း
ဒေါသကြီးနေတာတော့ သမီး ဘာမှ မတတ်နိုင်
ဘူး"

"ဟင်း"

မာမီချသည့် ပင့်သက်မှာ သမီးနှင့်ပတ်သက်သော
ာက မည်မျှကြီးမားနေသည်ကို သူမ သုံးသပ်လို့ရ၏။

"သမီး စဉ်းစားကြည့်"



www.burmeseclassic.com

www.burmeseclassic.com



မာမို့လေသံ ပြောင်းလာသည်။

"အချစ်မှာ နှလုံးသားကို ဦးစားပေးတာ ရည်းစား အဆင့်ထိပဲ ကောင်းပါတယ် သမီးရယ်၊ အိမ်ထောင်ရေးနဲ့ ပတ်သက်တဲ့အခါကျရင် နှလုံးသားနဲ့ မဆုံးဖြတ်ပါနဲ့၊ ဦးနှောက်နဲ့ ဆုံးဖြတ်စမ်းပါ၊လက်ရှိ သမီးနေရတဲ့အဆင့်ကနေ အပေါ်ကို တက်မလား၊ အောက်ကို ပြန်ဆင်းမလား၊ မိဘဆိုတာ ကိုယ့်သားသမီးကို အပေါ်ရောက်အောင်တွန်း ပို့ကြတာကြီးပဲ၊ အောက်ကိုတော့ ဘယ်တော့မှ ဆွဲမချဘူး၊ အောက်ကို ဆင်းမယ်ဆိုရင်လည်း လုံးဝ လက်မခံဘူး"

မာမီ၏ ခနရှင် အိမ်ထောင်ရေး သဘောတရားများ ချယ်ရီခိုင် ရှည်လျားစွာ ကြားနေရသည်။ တစ်ချက်တစ်ချ တွင်တော့ ရှိုက်သံက ပွင့်ထွက်ပါ၏။

"တို့လည်း ငယ်ငယ်က ရည်းစားထားဖူးတာပဲ၊ ဒါ ပေမယ့် အိမ်ထောင်ရေးနဲ့ပတ်သက်ရင် တို့ဘယ် တော့မှ အဆုံးအဖြတ် မပေးဘူး၊ မိဘစကားကို နားထောင်လိုက်တာပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့





မိဘဆိုတာ ကိုယ့်သားသမီးကိုဘယ်တော့မှ ယောယုံဝ ဆွဲမချဘူး"

"သမီးကို မဆူပါနဲ့တော့ မာမီရယ်၊ မာမီဖြစ်ချင်တာတွေ ဖြစ်ရမယ်လို့သမီး ကတိပေးခဲ့ပြီးပြီပဲ"

"မာမို့မှာ သမီးတစ်ယောက်တည်းရှိတာ၊ သမီးရဲ့ ရှေ့ရေးကိုတွေးပြီးမာမီနဲ့ဒက်ဒီ ဘယ်လောက် စိတ်သောက ရောက်ခဲ့ရတယ်ဆိုတာ သမီးမသိဘူး၊ ဘဝကို ကြည့်တဲ့နေရာမှာ တဒင်္ဂသာယာမှုကို ကြည့်လို့မရဘူး၊ သမီးစဉ်းစားကြည့် ကိုကိုလွင်ဟာ ပညာ၊ မိဘမျိုးရိုး၊ ခနဥစ္စာ အဖက်ဖက်က ပြည့်ဝတဲ့သူတစ်ယောက်၊ မေဦးဆိုရင်လည်း သမီးကို ဘယ်လောက်ချစ်သလဲ"

"မဟုတ်သေးဘူးမာမီ၊ မာမီ ဒီစကားတွေပြော နေရအောင် သမီးက မာမို့စကားကို ဖယ်ရှားနေလို့လား၊ နားလည်ပါတယ် မာမီရယ်၊ ဘဝကို စိတ်ကူးယဉ်ဆန်ဆန် တည်ဆောက်လို့ မရဘူး ဆိုတာ သမီးနားလည်ပါတယ်၊ ဒါ...ဒါပေမယ့်..."

ချယ်ရီခိုင် စကားကို ရှေ့မဆက်။



www.burmeseclassic.com

www.burmeseclassic.com



လက်တွင်ကိုင်ထားသည့် လက်ကိုင်ပဝါကိုလုံးချေနေ၏။

"သမီးလေးရယ်၊ မာမီ ဝမ်းသာလိုက်တာ၊ ဒါမှ မာမီ့သမီး၊ မာမီမွေးရကျိုးနပ်တဲ့သမီး"

ဝမ်းသာမှုများနှင့် မာမီ့မျက်လုံး အရောင်တောက်ပြောင်နေသည်။

"သမီးကို မာမီ စိတ်ချပါရစေနော်၊ မာမီတို့မျက်နှာကို အိုးမည်းမသုတ်ဘူးဆိုတာ မာမီလုံးဝ ယုံကြည်လိုက်မယ်နော်"

မာမီ၏ ချော့မော့သော စကားများ။

ပြီးတော့ မာမီက သူမကို နှစ်နှစ်ကာကာ နမ်းသည်။

အိပ်ခန်းမှ မာမီ ထွက်သွားသောအခါ ချယ်ရီခိုင် မျက်နှာကျက်နံ့ရံကို ရီရီဝေဝေကလေး မော့ကြည့်လိုက်၏။

ကိုကိုလွင်၏ အပြစ်ကင်းစင်သော ပုံရိပ်က မျက်လုံးထဲ ထင်ဟပ်လာသည်။

"ဩော်...ငါ ကိုကိုလွင် အပေါ်တရားမှတရားပါ့မလား၊ ကိုကိုလွင့်ကို လက်ထပ်မှာ တရားမျှတမှုမှ ရှိပါ့မလား"

☆ ☆ ☆





[၂၄]

ဖေဖေကမူ ဝင်ရောက်စွက်ဖက်ခြင်းမရှိ။

အပေါ်အင်္ကျီကို ကောက်ယူဝတ်ပြီး ကားနှင့်ထွက်သွားသည်၊ ဧည့်ခန်းတွင် မေမေနှင့်သူသာ ရှိ၏။

"သား မေမေပြောတာတွေကို နားမှ စိုက်ထောင်ရဲ့လား"

သူခေါင်းကို ငိုက်ချထားသည်။

မေမေ့ကို တုန့်ပြန်ရမည့် စကားတွေက ရင်မှာမွန်းကြပ်နေ၏။

"မေမေနဲ့ မီမီခင် သားရေးသမီးရေး စကားပြောထားတာ ကြာပြီသား၊ သားအနေနဲ့ ချယ်ရီခိုင်ကို ငြင်းပယ်စရာ မရှိပါဘူး၊ ကြက်မှာအရိုး လူမှာ မျိုးရိုးတဲ့၊ သားကို အနိမ့်စားအလွှာက မိန်းမတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့ မေမေ ဘယ်လိုမှ သဘောမတူနိုင်ဘူး၊ အ
ရွယ်ရောက်လာတဲ့သားကို မျိုးတူရိုးတူနေတူနဲ့
အိမ်ထောင်ရက်သား ချထားပေးဖို့က မေမေတို့
တာဝန်ပဲ"

စိတ်မှာ ဘယ်လိုမှ သက်သာမှုမရှိတဲ့ စကားတွေ။

မေမေ့ရှေ့မှာ ထိုင်နေရသည်ကိုက စိတ်ကျဉ်းကျပ်လှ
နေသည်။

"လူကြီး မိဘတွေအားလုံး စီစဉ်ထားပြီးမှတော့
သား ဖွဲမဖေါက်ပါနဲ့၊ မေမေ့မျိုးရိုးဂုဏ်နဲ့ မင်းဖေ
ဖေရဲ့ ဂုဏ်သိက္ခာကို သား ထိန်းသိမ်းပါ"

"သား အိမ်ထောင်မပြုချင်သေးဘူး မေမေ"

"မေမေ့ကို အဲသလို မတုံ့ပြန်နဲ့လေ၊ သားဟာ
အင်မတန် လိမ္မာရေးခြားရှိတဲ့သားပါ၊ မိဘ စကား
ကို မြေမကျ နားထောင့်မယ့်သားပါ၊ သားကြောင့်
မေမေတို့မျက်နှာ မပျက်ပါရစေနဲ့၊ သားကြောင့်
မေမေတို့ ဂုဏ်သိက္ခာ မညှိုးနွမ်းပါစေနဲ့၊ သားနဲ့
ချယ်ရီခိုင်ကို လက်ထပ်ပေးဖို့ မေမေတို့အားလုံး
စီစဉ်ပြီးပြီ"





မေမေက စကားကို အနိုင်ပိုင်းပြီး အိပ်ခန်းထဲ ဝင်သွား
သည်။ ဧည့်ခန်းမှာ သူ မလှုပ်မယှက် ကျန်ရစ်ခဲ့ပါ၏။

သူ့မှာ..

မေမေ့ကို ရှင်းပြခွင့် တင်ပြခွင့် မရှိရတော့ဘူးလား။

သားတစ်ယောက်၏ ပြောပိုင်ခွင့် ရပိုင်ခွင့် အခွင့်အရေး
ကို မေမေသည် သူ့ကို မပေးတော့ဘူးလား။

သူ့စိတ်တွေ ငြိမ်သက်ခြင်း မရှိတော့။

လူသားတစ်ယောက်၏ ချစ်ခြင်းမေတ္တာကို မေမေ သည်
ငဲ့ကွက်ခြင်းတာ စာနာခြင်းမရှိ။ မေမေ၏ တစ်ဖက်သတ် ဆုံးဖြတ်ချက်
ကြောင့် အသည်းနှလုံးကို အိမ်ထောင်ရေးသချိုင်း ဝယ် မြှုပ်နှံပစ်ရ
တော့မည် ဆိုလျှင်...။

သူနှုတ်ခမ်းကို ဖိကိုက်လိုက်သည်။

မေမေ၏ ဆန္ဒအားလုံးကို မွေးမိခင်ဆိုသည့် ဂုဏ်ကျေး
ဇူးကြောင့် မျက်စိမှိတ် ခေါင်းညိတ်ခဲ့ပါက..

နွဲ့တင်အပေါ် မိမိ တရားပါမည်လား။

ချစ်သူအပေါ် တရားမျှတမှု ရှိနိုင်ပါမည်လား။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



## [၂၅]

သည်နေ့မှ ၂၆–လမ်းဈေးကို သွားဖြစ်သည်။

ဈေးဝယ်ပြီး လမ်းမကို ဖြတ်အကူးတွင်...

"ဟင်...ကိုလွင်"

ကားပေါ်မှ ကိုကိုလွင် ခပ်သုတ်သုတ် ဆင်းလာသည်။ မျက်နှာ အနေအထားကို နွဲ့လေးတင် လှမ်းအကဲခတ်၏။

"နွဲ့တင် ဒီဈေးကို လာမယ်မှန်း ကိုလွင် ဘယ်လို သိလဲဟင်"

"အမေ ပြောလိုက်တာ"

"သြော်...."

နှစ်များကြာစွာ တရင်းတနှီးနေလာသည့် ချစ်သူ





မျက်နှာသွင်ပြင်ကြည့်ကတည်းက အကြောင်းအရာ တစ်ခု ရှိလာမည်ကို နွဲ့လေးတင် သိလိုက်၏။

"ကိုလွင် ဘယ်လို ဖြစ်လာတာလဲဟင်"

နွဲ့လေးတင်က တီးတိုးမေးသည်။

"မဖြစ်ပါဘူး"

"မဟုတ်သေးပါဘူး၊ ကိုလွင့်ကို ကြည့်ရတာ တစ်မျိုးကြီးပါဘဲ"

ကိုကိုလွင်က နှုတ်ကို ဆိတ်ထား၏။

ကားနားသို့ ရောက်သောအခါ တံခါးကို ဖွင့်ပေးသည်။

"ဟင်..ကိုလွင့်ကားလည်း မဟုတ်ဘူး"

"ဟုတ်တယ် နွဲ့တင်၊ သူငယ်ချင်းဆီက ကားငှား လာတာ၊ တက်လေ ဘာရပ်ကြည့်နေတာလဲ"

ကားပေါ်တက်လိုက်သည်။

ကိုကိုလွင့် လှုပ်ရှားမှုက သွက်သွက်လက်လက်၊ ဘာ ဆဖြစ်ပျက်နေသည်ကို နွဲ့လေးတင် မတွေးဆတတ်သေး။ ကားကို မောင်းထွက်သည်ထိ ကိုကိုလွင် စကားကို တစ်ခွန်း မဆို။

နောက်ပြီး..



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်တွင် ပြေးလွှားနေသည့်ကား အိမ်သို့ဦးတည်၍ သွားခြင်း မဟုတ်။ နွဲ့လေးတင် ကိုကိုလွင့် လက်မောင်းကို ဆတ်ခနဲ ဆုပ်ကိုင်သည်။

"ဘယ်သွားတာလဲဟင်၊ ကိုလွင် ဘယ်ကိုသွားမလို့လဲ"

"နွဲ့တင်ကို ခိုးပြေးတာ"

"ရှင်"

နွဲ့လေးတင် မျက်လုံးဝိုင်းဝိုင်းလည် သွားပါ၏။

"ကိုလွင် နောက်နေတာလားဟင်"

"နောက်နေတာ မဟုတ်ဘူး နွဲ့တင်၊ ဒါ နောက်ရမယ့် အချိန်လည်း မဟုတ်ဘူး"

"နွဲ့တင်ကို သေသေချာချာ ပြောပြစမ်းပါ"

"နွဲ့တင် မတွေဝေပါနဲ့၊ မေမေက ကိုယ့်ကို ချယ်ရီခိုင်နဲ့ လက်ထပ်ပေးဖို့ စီစဉ်နေတယ်၊ ကိုယ် ချယ်ရီခိုင်ကို လက်မထပ်နိုင်ဘူး၊ နွဲ့တင်နဲ့ ခွဲခွာရမယ့် ဒဏ်ကိုလည်း ကိုယ် မခံနိုင်ဘူး၊ ခု ရှစ်မိုင်က သူငယ်ချင်းတိုက်ကို သွားမယ်၊ နွဲ့တင်နဲ့ ကိုယ် အဲဒီမှာ အခိုက်အတန့် ခိုမယ်"





"ကိုလွင်ရယ်၊ နွဲ့တင်ကို အဲသလို မလုပ်ပါနဲ့၊ နွဲ့တင်ဘဝကို ကိုလွင်သိပါတယ်၊ နွဲ့တင်မှာ မအေတစ်ခု၊ သမီးတစ်ခု"

"ဟုတ်တယ်လေ၊ သိတယ်လေ၊ အဲဒါ ဘာဖြစ်လဲ၊ ခု သေရွာသွားတာမှ မဟုတ်တာ၊ ကိုယ့်ချစ်သူနဲ့ အတူနေဖို့ လောကကို ရင်ဆိုင်နေတာ"

ကိုကိုလွင့် အသံမာနေ၏။

"ကားကို ပြန်ကွေ့ပါ ကိုလွင်ရယ်၊ နွဲ့တင်တို့မှာ အချိန်တွေယူဖို့ လိုပါသေးတယ်"

"ဘာအချိန်လည်း၊ ခု ဖြစ်ပျက်နေတဲ့ အနေထားမှာ အချိန်ကို ထည့်မပြောနဲ့ နွဲ့တင်၊ အချိန်က လူကို မစောင့်သလို လူက အချိန်ကို မစောင့်နိုင်တာတွေလည်း ရှိတယ်၊ လတ်တလော ဖြစ်ပေါ်လာတဲ့ ပြဿနာကို ကိုယ်ပြောပြီးပြီ၊ နွဲ့တင် သွေးကြောင်နေသလား၊ ဆရာမလေသံနဲ့ ကိုယ့်ကိုဖျောင်းဖျဖို့လည်း မကြိုးစားနဲ့"

နောက်ကြောင်းပြန်မလှည့်သည်အပြင် စက်ရှိန်ကို ပိုမြှင့်သည်။ အဖြူရောင် ကိုရိုလာကားလေးက လမ်းမပေါ်မှာ ခုန်ဝင်ရိုပ်။



www.burmeseclassic.com

www.burmeseclassic.com



နွဲ့လေးတင် ကားပေါ်မှာ ရှိုက်ကြီးတငင်ငိုသည်။

"မငိုနဲ့ နွဲ့တင်၊ ခု အသုဘ သွားပို့နေတာ မဟုတ်ဘူး၊ ဟိုမှာကြည့်စမ်း၊ ကုန်တင်ကားတစ်စီး လာနေ ၈၂ါတာ နွဲ့တင်မြင်တယ် မဟုတ်လား"

နွဲ့လေးတင် ထိတ်ထိတ်ပျာပျာ လှမ်းကြည့်သည်။ ရှေ့မှာ ကုန်အပြည့်တင်လာသည့် ကားကြီးတစ်စင်း။

"ကိုယ့်ချစ်သူနဲ့ ပေါင်းရမှာကို ဒီလောက်ဝမ်းပမ်းတနည်း ဖြစ်နေရင် နှစ်ယောက်လုံးကို လူ့လောကကို စွန့်မယ်၊ ခုလာတဲ့ ကုန်တင်ကားနဲ့ ခေါင်းချင်းဆိုင် ဝင်တိုက်မယ်"

ပြောပြီး ကိုကိုလွင်က ကားကို လမ်းကြောင်းပြောင်းသည်။ ကုန်တင်ကားကြီးက အဝေးမှနေ၍ ဟွန်းကို အဆက်မပြတ်တီး၏။

"မ..မလုပ်ပါနဲ့ ကိုလွင်၊ နွဲ့...နွဲ့တင် မငိုတော့ပါဘူး"

"ကိုယ်တစ်ယောက်ထဲ စိတ်ကြီးတယ် မထင်နဲ့ နားလည်လား"





ကားကို လမ်းကြောင်းမှန်ပေါ် ပြန်တင်သည်။

ကုန်တင်ကားကြီးနံဘေးမှ ဖြတ်သွားသောအခါ ကားပေါ်မှ မကျေချမ်းသံများ လွင့်လာ၏။

"သေချင်လို့လား၊ စိစိညက်ညက် ကြေသွားချင်လို့လား"

"ကောင်းလိုက်တဲ့ တို့ရဲ့မင်္ဂလာဦးတေးသံ"

ပြောပြီး ကိုကိုလွင် ခပ်ဟက်ဟက်ကလေး ရယ်ပါ၏။

☆ ☆ ☆

"မိဘတွေကမြို့ထဲမှာ၊ ဒီကောင်က အေးအေးဆေးဆေးနေချင်တယ်ဆိုပြီး မြို့စွန်မှာ ခြံဝယ်ပြီး တိုက်ဆောက်နေတာ၊ ကိုယ်နဲ့က စိမ်းဘက်ချိပဲ နွဲ့တင်၊ နွဲ့တင်ကို ခိုးလာတဲ့ ကားကလည်း ဒီကောင့်ကား၊ အားလုံးကို သူနဲ့တိုင်ပင်ပြီး စီစဉ်ထားတာ"

ရှက်မျက်နှာနှင့် နွဲ့လေးတင်က ခေါင်းကို အသာငုံ့ထားသည်။ ကိုကိုလွင့် သူငယ်ချင်း ကိုသန်းစိုးအောင် မျက်နှာကို ကြည့်ရမှာလည်း ပူပူလောင်လောင်လေး ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မရှက်ပါနဲ့ မနွဲ့လေးတင်၊ ကျွန်တော်က မြို့ထဲက ဖေဖေ မေမေတို့ဆီ ပြန်နေမှာပါ၊ ကိုလွင်က မင်း ပြန်လာတော့ မင်းတိုက်ကို တို့ပြန်အပ်တော့မယ်လို့ ဖုန်းလှမ်းဆက်မှ ပြန်လာမှာပါ"

"တော်ပါတော့၊ နွဲ့တင်ရှက်နေပါပြီ"

နွဲ့လေးတင် စကားကို ရယ်ကြ၏။

ကိုသန်းစိုးအောင် မြို့ထဲထွက်မည်ပြုတော့ အမေ့ထံ တစ်စောင်ပါးရသည်။

သမီးကိုခွင့်လွှတ်ဖို့၊ သမီးကို နားလည်ဖို့နှင့် ကိုလွင်၏ အကြောင်းအမျိုးမျိုးကြောင့် လိုက်သွားပါသည်။ စိတ်မပူပါနှင့် ဆိုသည့် အကြောင်းအရာကို တိုတိုမျှ ရေးပြီး ပေးလိုက်ရသည်။

"အမေကတော့ နွဲ့တင်နဲ့ကိုယ့်ကို အရမ်းစိတ်ဆိုး နေမှာပဲနော်"

"ဒါတွေ မပြောနဲ့တော့ ကိုလွင်၊ ခု ကိုလွင် နွဲ့တင်ကို ပြန်လွှတ်မှာလည်း မဟုတ်ဘူး၊ နွဲ့တင်က အလုပ် တစ်ခုလုပ်ပြီးရင် နောင်တမရတတ်ဘူး၊ မတွေဝေ တတ်ဘူး၊ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို လုပ် လိုက်ရတယ်လို့ နွဲ့တင် သဘောပေါက်ပါတယ်"





ညကလေးရင့်လာတော့ နွဲ့လေးတင်၏ မျက်နှာအလှက ရှက်ရိပ်ပြေးနေ၏။

အိပ်ခန်း၏ အပြာရောင် မီးပွင့်ကလေးကို မော့ကြည့်ပြီး လေးတင် ရင်တုန်တုန်ခတ်ခတ်။

ဩော်...သဘာဝပါပဲလေ။

ပန်းဆိုတာ ကြွေရရိုးထုံးစံ ရှိတာပါပဲ။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



[၂၆]

ရှစ်မိုင်တိုက်တွင် ရက်သတ္တတစ်ပတ်မျှသာ နေပြီး နွဲ့လေးတင်က ကိုကိုလွင့်ကို အမေ့အိမ်သို့ ခေါ်လာခဲ့သည်။ တရားပွဲတွင်လည်း တရားဝင် လက်ထပ်ခဲ့ပြီးပြီ။

အမေကမူ နွဲ့လေးတင်ကို ငြိုငြင်စကား မဆို။

ပြောင်းလဲမှု မရှိသော အမေ့မျက်နှာသည် ခါတိုင်းလိုပင် တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း။

"အမေ သမီးကို နားလည်နိုင်ပါတယ်နော်"

အမေ့အိပ်ခန်းထဲမှာ နွဲ့လေးတင်က အမေ့ကို တီးတိုး မေးတော့ အမေက ခေါင်းညိတ်ပြသည်။





"သမီး လက်လွတ်စပယ် မလုပ်ဘူးဆိုတာ အမေ နားလည်ပါတယ်"

"အမေ့ သားမက်က တဇွတ်ထိုး လုပ်လာတာ၊ ပြန်မယ်ပြောရင် ရှေ့ကလာတဲ့ ကုန်တင်ကားနဲ့ ခေါင်းချင်းဆိုင် တိုက်ပစ်မယ်ဆိုလို့ သမီးအရမ်း ကြောက်သွားတာ"

အမေက နွဲ့လေးတင်ကိုကြည့်ပြီး ပြုံး၏။

"ဘဝကို မိုက်ရူးရဲစိတ်နဲ့ အိမ်ထောင်ရေး လောကကို ခြေချလိုက်တာတော့ မဟုတ်ပါဘူး အမေရယ်၊ သမီးတို့ ပညာစုံပါပြီ၊ အတောင်စုံပါပြီ၊ ဒါပေမယ့် အမေ့ကို တတ်တဲ့ပညာနဲ့ ဦးဆုံးလုပ်ကိုင် ကျွေးမွေးသင့်ပါတယ်၊ အဲဒါတော့ သမီးအမေ့ကို ဝန်ချတောင်းပန်ရမှာပါ"

"မဟုတ်တာ သမီးရယ်၊ သမီးအမေ့ကို လူမှန်းသိစကတည်းက လုပ်ကိုင်ကျွေးမွေးခဲ့တာပဲ၊ သမီးနားလည်ထားဖို့က မိဘဆိုတာ အမျှော်အမြင်နဲ့ သားသမီးကို ပြုစုပျိုးထောင်တာ မဟုတ်ဘူး၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



သားသမီးနေထဲ လေထဲ မရုန်းရအောင်၊ ဘဝခရီး
လမ်းကို ကြမ်းကြမ်းတမ်းတမ်း မလျှောက်ရအောင်
မပင်ပန်း မဆင်းရဲအောင် ဆုံးမလမ်းညွှန် ပွဲပြင်လာသား
တာ၊ ခုဆို ဘာပဲဖြစ်ဖြစ် သမီးဘဝကို အမေ စိတ်
အေးပါပြီ၊ စိတ်အေးတယ်ဆိုတာ မောင်ကိုလွှင်လို
သူဌေးသားနဲ့ရလို့ စိတ်အေးတာမျိုး မဟုတ်ဘူး
သမီးကို ပေးခဲ့တဲ့ ပညာအမွေတွေအတွက် အမေ
စိတ်အေးရတာ”

နွဲ့လေးတင် ရင်မှာ အေးအေးချမ်းချမ်းရှိပြီး..

ကိုကိုလွှင် ရေမိုးချိုးပြီး၍ ညနေစာကို မိသားစု
ယောက် လက်စုံစားမည်အပြု...။

အိမ်ရှေ့သို့ ကားတစ်စီး ထိုးရပ်သံကို ကြားလိုက်ရ
အားလုံး လမ်းဘက်သို့ ဆတ်ခနဲ လှည့်အကြည့်တွင်

“ဟင်...ဖေဖေ”

☆ ☆ ☆





ဖေဖေ ကားပေါ်မှ တည်တည်ငြိမ်ငြိမ်ပင် ဆင်းလာ၏။
အိမ်ပေါ် ရောက်သောအခါ နွဲ့လေးတင်က ဖျာချပ်က
ဆွဲခင်းပေးသည်။

အမေက ထမင်းဝိုင်းကို မီးဖိုဘက်သို့ဆွဲယူသိမ်းသွား၏။

“ဖေဖေ”

ကိုကိုလွှင့် အသံကို လှိုက်တုန်နေသည်။

“သားတို့ကို မခွဲပါနဲ့ ဖေဖေ၊ သားရတနာစိန်ခြယ်
ကို ပြန်မလိုက်ပါရစေနဲ့”

ဖေဖေက သူ့မျက်နှာကို ခပ်စူးစူး ကြည့်၏။

မိနစ်ပိုင်းမျှ ကြာတော့မှ...

“သား ရတနာစိန်ခြယ်ကို ပြန်လိုက်ခဲ့ပါ”

“မလိုက်ဘူး ဖေဖေ၊ သား ရတနာစိန်ခြယ်ကို ပြန်
လိုက်စရာ အကြောင်းမရှိတော့ပါဘူး”

“ဟုတ်လား၊ မင်း မေမေ မင်းစိတ်နဲ့ အိပ်ရာမှာ ဗုန်း
ဗုန်းလဲနေတာကို လိုက်ကြည့်သင့်၊ မကြည့်သင့်
ကိုတော့ မင်း ဆုံးဖြတ်ပေါ့ကွာ”

သူ အထိတ်တလန့်နှင့် ဖေဖေ့ကို ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ဆို ဖေဖေ ဒီကို လာစရာ အကြောင်းမရှိဘူး၊ မင်းမေမေ လာမှာပေါ့၊ ဖေဖေက မင်းမေမေနဲ့ ပတ်သက်တဲ့ အခြေအနေကို ပြောပြပြီးပြီ တွေ့သင့်မတွေ့သင့်ကို မင်း စဉ်းစား၊ မင်းလည်း ပညာတတ်တစ်ယောက်ပဲ၊ မိဘကျေးဇူးကို မင်း နားလည်မှာပါ၊ ခု ဆို မင်းမေမေကို ဂလူးကိုစ်တောင် သွင်းထားရတယ်"

"ဟင်"

မိခင်အတွက် ပူပန်စိတ်ကရုတ်ချည်းဝင်ရောက်လာ၏။

"ဒါဆို သား နွဲ့တင်ကိုခေါ်ပြီး လိုက်ခဲ့မယ် ဖေဖေ"

"ရတနာစိန်ခြယ်ကို သားတစ်ယောက်တည်းလိုက်ခဲ့ပါ၊ မင်းမေမေရဲ့ စိတ်ဓာတ်အခြေအနေကို မင်းသိပါတယ်"

အမေနှင့် နွဲ့လေးတင် မျက်နှာကွက်ကနဲ ပျက်သွားသည်။

အခြေအနေကို အမေက နားလည်စွာဖြင့်...

"သား လိုက်သွားပါ၊ ကိုယ့် မွေးမိခင်ကို သွားကြည့်သင့်ပါတယ်"





နွဲ့လေးတင်ကလည်း...

"လိုက်သွားလိုက်ပါ ကိုလွင်၊ ကိုလွင့်ကို မြင်ရင် ကိုလွင့်မေမေ ဝေဒနာ သက်သာမှာပါ"

အားလုံးတိတ်ဆိတ်သွားသည်။

သူက ထိုင်ရာမှထပြီး အိပ်ခန်းထဲ ဝင်ခဲ့သည်။ သူ့နောက်မှ နွဲ့လေးတင် ပါလာ၏။

"ကိုလွင်ရယ်၊ နွဲ့တင်ရင်ထဲမှာ တစ်မျိုးပဲ"

"ကိုယ်ပြန်လာမှာပါ နွဲ့တင်၊ ဘာမှ စိတ်မပူနဲ့နော်၊ မေမေကိုယ့်ကိုမြင်ရင် ဒေါသတွေ၊ သောကတွေ ပျောက်သွားမှာပါ"

"ထမင်းစားသွားပါလားကွယ်"

"ပြန်လာမှ စားမယ်၊ နွဲ့တင်နဲ့အမေ စားနှင့်နော်"

"နွဲ့တင်ကတော့ ကိုလွင် ပြန်လာမှ အတူစားမယ်၊ အမေ့ကို စားနှင့်ခိုင်းမယ်လေ"

အမေနှင့်နွဲ့လေးတင်ကို နှုတ်ဆက်ပြီး ကိုကိုလွင် ကားလိုက်ပါသွားသည်။

နွဲ့လေးတင်၏ မျက်စိတစ်ဆုံး လှမ်းမျှော်အကြည့်တွေ။



www.burmeseclassic.com

www.burmeseclassic.com



အို..ရင်တွေက ဘာလို့ စိုးတထိတ်ထိတ် ဖြစ်နေရတာ လဲ။

☆ ☆ ☆

စိတ်တွေက ငြိမ်သက်ခြင်းမရှိ။

အိပ်ရာမှ လူးရင်းလိမ့်ရင်း နွဲ့လေးတင် ခုတင်ခေါင်းရင်း စားပွဲပေါ်မှ စားပွဲတင်နာရီလေးကို လှမ်းကြည့်လိုက်သည်။

ညဆယ့်တစ်နာရီတိတိ။

"ကိုလွင့် မေမေများ သိပ်ဖြစ်နေလို့လား၊ ဒီ လောက် အချိန်ထိ နေမယ်ဆိုရင် ကိုလွင် ငါ့ကို အကြောင်း ကြားသင့်ပါတယ်"

နွဲ့လေးတင် အိပ်ရာမှ လူးလဲထပြီး ဧည့်ခန်းမီးဖွင့်၍ အိမ်ရှေ့ထွက်ခဲ့သည်။

စားပွဲဝိုင်းလေးတွင် ကိုကိုလွင်အတွက် ချူးခပ်ထားသည့် ထမင်းဟင်းများက လုံးဝ အေးစက်နေပြီ။

"သမီး မအိပ်သေးဘူးလား"

အမေက သူ့အိပ်ခန်းထဲမှ အသံပြုသည်။





"သမီး ကိုလွင့်ကို စောင့်နေတာ အမေ"

"သူ့အမေ မသက်သာလို့များလား သမီးရယ်၊ အချိန်တန်ရင် သမီးယောကျ်ား ပြန်လာမှာပါ"

အမေက နှစ်သိမ့်စကားပြောသော်လည်း ခံစားရသည့် သဒ္ဒါက မျက်ရည်ကို အဖော်ခေါ်လာသည်။

"အို...ငါ့စိတ်တွေ ဘာဖြစ်လို့ ဒီလောက်တောင် ပျော့ညံ့နေရတာလဲ၊ မျက်ရည်ဆိုတာ ငါ့အမုန်းဆုံး အရာပဲ"

စိတ်ကိုတင်းသည်။

အိမ်ရှေ့မီးကိုပိတ်ပြီး အိပ်ခန်းထဲ ပြန်ဝင်ခဲ့၏။ ညည့် က်လေ အသည်းနှလုံးတွေ ပွဲကြွေမတတ် ခံစားရလေပါပဲ။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



[၂၇]

ညက တစ်ရေးမှ အိပ်စက်နိုင်ခြင်းမရှိ။

အမေ အိပ်ရာမှ နိုးလာသောအခါ အရုဏ်ကျင်းစပြုနေပြီ

"ကိုလွင် ပြန်မလာဘူး အမေ"

အမေ မျက်နှာမကောင်း။

"သမီး ရတနာစိန်ခြယ်ကို လိုက်သွားမယ်"

"ဘာဖြစ်လို့လိုက်မလဲ သမီးရယ်၊ မောင်ကိုလွင် ပြန်လာမှာပေါ့၊ သမီး လိုက်သွားတော့ကော ရတနာစိန်ခြယ်က သမီးကို လက်ခံ အသိအမှတ်ပြုမယ် တဲ့လား၊ အိမ်ထောင်ရေးပဲဖြစ်ဖြစ် စီးပွားရေးပဲ ဖြစ်ဖြစ် ကံတရားပါကွယ်"





"ဘာကံတရားရမှာလည်း အမေ၊ ကျွန်မ ယောကျာ်းဆီ ကျွန်မလိုက်သွားတာ၊ ကျွန်မ ယောကျာ်းကို ကျွန်မသွားခေါ်တာ"

ဆုံးဖြတ်ချက်နှင့်အတူ နွဲ့လေးတင် မျက်နှာကို ကပျာကယာသစ်ပြီး သနပ်ခါးကို ဖုံရုံမျှသာ လိမ်းကျံသည်။ တို့ပတ်ကို အသာတင်၍ ကိုကိုလွင် ဝယ်ပေးထားသည့်အနီရောင် ရဲရဲ အနွေးခံအကျီကို ကိုယ်ပေါ်လွှားတင်လိုက်ပြီး ရတနာစိန်ခြယ်သို့ ထွက်လာခဲ့သည်။

ရတနာစိန်ခြယ်သို့ ရောက်ခါနီးလေ နွဲ့လေးတင်၏ ခြေလှမ်းများက ပိုမို သွက်လာလေ ဖြစ်ပါ၏။

ရတနာစိန်ခြယ်ကို နွဲ့လေးတင် သိသော်လည်း တစ်ခါမျှ မရောက်ခဲ့ဘူး၊ သို့သော်လည်း နွဲ့လေးတင် ရင်မှာကြောက်ရွံ့စိတ် မရှိ။ ကိုကိုလွင်နှင့်ပတ်သက်လျှင် အားလုံးကို နွဲ့လေးတင် ရင်ဆိုင်ဝံ့သည်။ ရင်ဆိုင်ရဲသည်။

"ရတနာစိန်ခြယ်"

အုတ်တိုင်မှာ ပန်းစာလုံးဖေါ်၍ ထွင်းထားသည့် စာတန်းကို မမှိတ်မသုန် စူးစိုက်ကြည့်လိုက်သည်။ ကျယ်ဝန်းသော



www.burmeseclassic.com

www.burmeseclassic.com



ခြံကြီးအတွင်းမှ နှစ်ထပ်တိုက်ကြီးကမူ တိတ်ဆိတ်ငြိမ်သက်
နေ၏။

နွဲ့လေးတင် ဝင်းတံခါးကြီးကို လက်နှင့်ဆုပ်ကိုင်လိုက်
သည်။ ကြီးမားခန့်ထည်သော အဝါရောင် ကြေးသော့
လောက်ကြီးက ခြံတံခါးကို ခတ်ထားသည်။

"ကိုလွင်...ကိုလွင်"

နွဲ့လေးတင် အော်ခေါ်သည်။

"ကိုလွင်...ကိုလွင်"

နွဲ့လေးတင် အသံကို ပိုမြှင့်၏။

"သူငယ်မ၊ ဘယ်သူ့ကို အော်ခေါ်နေတာလဲ"

ခြံနဘေး သစ်ပင်များကြားမှ ပေါ်ထွက်လာသည့် အသံ
ကြောင့် နွဲ့လေးတင် ကိုယ်ဆတ်ခနဲ ဖြစ်သွား၏။

ဦးသိုင်းခြုံ မဟုတ်။

နွဲ့လေးတင် မသိသော၊ မမြင်ဖူးသောမျက်နှာစိမ်းတစ်ဦး
အသက်က ခြောက်ဆယ်ဝန်းကျင်လောက်ရှိမည်။ ရင့်ရော်သော
အသားရည်နှင့်လိုက်ဖက်သော မျက်နှာဝယ် ခက်ထန်သော
သခင်အပေါ်မှာ သစ္စာတရားကြီးမားနိုင်သော မျက်လုံးမျိုး





ဆိုင်ထားသည့် လူကြီးတစ်ယောက်ကို နွဲ့လေးတင် တွေ့ရ
၏။

"ကျွန်မ ယောကျ်ားကို ခေါ်နေတာပါ"

"မင်းယောကျ်ားက ဘယ်သူလဲ"

နွဲ့လေးတင်၏ဒေါသနှင့်အတူ မာနကကြွတက်လာ၏။
ဒေါသင့်ဖြစ်ဟန်တူသူ လူကြီး၏ မျက်နှာကို စူးစူးရဲရဲ ကြည့်
လိုက်သည်။

"ဒီမယ်၊ ဒီရုတနာစိန်ခြံယ် ခြံကြီးက ရှင်တို့ရဲ့
အရှင်သခင် ကိုကိုလွင်ကို ခေါ်ပေးစမ်းပါ"

"မခေါ်ပေးနိုင်ဘူး၊ ကိုကိုလွင်ဟာမင်းရဲ့ယောကျ်ား
ဆိုတာလည်း ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဘာ
ဖြစ်လို့လဲဆိုတော့ ဆရာကြီးနဲ့ ဆရာကတော်က
သူ့သားကို သူတို့နဲ့မျိုးတူရိုးတူသူဌေးသမီးတစ်ဦး
နဲ့ စေ့စပ်ထားလို့ပဲ"

"ရှင်"

"အေး...ငါ မင်းကို ဒါပဲ ပြောနိုင်တယ်၊ မင်းကို
ခြံတံခါးဖွင့်ပေးပိုင်ခွင့် မရှိဘူး၊ သူဌေးရဲ့သားကို
လည်း ခေါ်မပေးနိုင်ဘူး၊ သူဌေးရဲ့သား မနေ့က



www.burmeseclassic.com

www.burmeseclassic.com



ကမှ ခရီးထွက်ရာက ပြန်ရောက်တယ်၊ အနားယူ
နေတယ်၊ ကဲ...မင်းပြန်တော့”

စကားကို ခပ်ပြတ်ပြတ်ပြောပြီး ခြံစောင့်ကြီး လှည့်ထွက်သွား၏။

နွဲ့လေးတင် အံကို တင်းတင်းကြိတ်လိုက်သည်။

ဒေါသနှင့်ယှဉ်သော မာနသည် နွဲ့လေးတင်ကိုအင်အားများ မွေးဖွားပေးလိုက်၏။

“ရက်စက်သလား ကိုကိုလွင်၊ လုပ်ရက်သလား ကိုကိုလွင်၊ ယောကျ်ားတွေရဲ့ အချစ်မှ ဒီလောက်ပဲ သစ္စာတွေ နည်းရသလား၊ ဒီလောက်ပဲ လူမဆန် လွန်းရသလား”

နွဲ့လေးတင်သည် ကျအံ့ဆဲဆဲသော မျက်ရည်ကို မာနနှင့် ထိန်းချုပ်ပစ်လိုက်သည်။

မခံချင်သော...

မခံချင်သော...

နာကြည်းသော..

ရှုံ့မုန်းသော ဒေါသတရားများနှင့် ရတနာစိန်ခြယ်တိုက်ကြီးကို နာနာကျင်ကျင် ကြည့်လိုက်၏။





“အချစ်နဲ့ပတ်သက်ပြီး ဒူးထောက်မယ်၊ ခယမယ်၊ ညွတ်တွားမယ် ထင်သလား ကိုကိုလွင်၊ စိမ်းလိုက်စမ်းပါ၊ တစ်ကမ္ဘာလုံး အစိမ်းရောင်တွေလွှင်နေအောင် စိမ်းပစ်လိုက်စမ်းပါ၊ ပညာတတ် မိန်းမ တစ်ယောက်ရဲ့ မာနမှာ မျက်ရည်ဆိုတာ တစ်စက်လေးမှ မရှိစေရဘူး”

အတိုင်းအဆလွန်ကဲသော နာကျင်မှုများနှင့် ရတနာစိန်ခြယ်ကို နွဲ့လေးတင် ကျောခိုင်းလိုက်ပါ၏။

☆ ☆ ☆

မေမေ၏ ဖျော့တော့အားနည်းဟန်ရှိနေသော မျက်နှာသည် သူ့နှလုံးသားကို ဆုပ်ချေဖဲ့လိုက်သကဲ့သို့ ခံစားနေရ၏။

မေမေ့နံဘေးမှာ ငုတ်တုတ်ထိုင်ရင်း သူ မိုးစင်စင် လင်းသည်။

ခံစားနေရသော ဝေဒနာကြားမှ မေမေက သူ့လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

မေမေသည်လောက် စိတ်ဝေဒနာကို ခံစားရလိမ့်မည်ဟု သူမထင်ခဲ့။ ယခုမူ မေမေသည်...



www.burmeseclassic.com

www.burmeseclassic.com



သူက ဆုပ်ကိုင်ထားသော မေမေ့လက်ကို မွေ့ယာ ညင်သာစွာတင်ပြီး ပြတင်းတံခါးကို ထဖွင့်သည်။ နံနက် လေပြေနှင့်အတူ နှင်းဆီပန်းရနံ့က သင်းပျံ့စွာ ဝင်ရောက် ၏။

"နွဲ့တင်ရယ်...တစ်ညလုံးကိုယ့်ကို ထိုင်စောင့်နေ မယ် ဆိုတာ သိနေပါတယ်ကွယ်"

စကားတွေ သူ့ရင်မှာ ပဲ့တင်ထပ်နေ၏။

မေမေ့ကို ကြည့်လိုက်သောအခါ မေမေသည် နှင်း ခြိုက်ခြိုက်ကြီး အိပ်ပျော်နေရှာ၏။

သူ ပင့်သက်အချတွင် ဖေဖေ ရောက်လာသည်။

"ဖေဖေ၊ မေမေလည်း အိပ်ပျော်နေပါပြီ၊ သားအိမ် ပြန်ပါရစေဦး ဖေဖေ"

"ဒီရတနာစိန်ခြံယ်ဟာ သားအိမ်ပဲလေ၊ သားဘယ် ကို ပြန်ဖို့လိုသေးလဲကွယ်"

"ဗျာ"

ဖေဖေ့မျက်နှာ အနေအထားက နားလည်သိခက်လှသော အသွင်သဏ္ဌာန်များ ရှိနေသည်။





"ဒီမယ် ကိုကိုလွင် မင်းဟိုအိမ်ကို ပြန်သွားမယ် ဆိုရင် မင်းရဲ့မေမေကို ဖေဖေလိုင်စင်နဲ့ ကိုင်တဲ့ သေနတ်နဲ့ အသေပစ်သတ်ပြီးမှ သွား၊ ဖေဖေ ဒါပဲ ပြောချင်တယ်"

ပြောပြီး ဖေဖေ အိပ်ခန်းထဲက ချာကနဲ လှည့်ထွက်သွား သည်။ ဖေဖေ အောက်ထပ်ဆင်းအသွားမှာ မေမေ့ ကိုယ်လွန့် ဖြစ်လာ၏။

"မေမေ...မေမေ နိုးပြီလားဟင်"

မေမေ့ မျက်ဝန်းမှ မျည်ရည်တွေ ဝိုင်းရစ်နေ၏။ ဖေဖေ ခန်းထဲ ဝင်လာကတည်းက မေမေ နိုးနေမည်ကို စိတ်က လိုက်သည်။

"ကိုကိုလွင်"

မေမေ၏ တိုးညှင်းသော အသံက သူ့နှလုံးသားကို လာ သည်။

"ပြောပါ မေမေ"

"ရတနာစိန်ခြံယ်ရယ်၊ ဖေဖေရယ်၊ မေမေရယ်ကို လူကလေး တကယ် စွန့်ခွာရက်တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူခေါင်းကို ငိုက်ချထားလိုက်သည်။

"သား ဟိုအိမ်ကို ပြန်သွားဖို့ စဉ်းစားနေသလား ဟင်"

သူ ငြိမ်သက်နေလိုက်၏။

မေမေက သူ့မျက်နှာကို စူးစူးနစ်နစ်ကြည့်ပြီး ခေါင်းအုံး[illegible] အောက်မှ ပစ္စည်းတစ်ခုကို ထုတ်ယူလိုက်သည်။

မေမေ့လက်ထဲတွင် ပုလင်းကလေးတစ်ခု ပါလာ၏။ ပုလင်းထဲဝွင် အနက်ရောင်အမှုန့်တွေ။

"ဘာတွေလဲ မေမေ"

"အဆိပ်...အဆိပ်"

"အဲဒီ အဆိပ်က ဘာလုပ်ဖို့လည်း မေမေရယ်"

သူ ထိတ်ထိတ်ပျာပျာ ဖြစ်နေသည်ကို မေမေကကြည့်[illegible] ပြီး...

"သား ဟိုအိမ်ကို ပြန်ကြည့်၊ မေမေ့နားက တစ်လက်မလောက်ဘဲခွာကြည့်၊ ဟောဒီ အဆိပ်တွေဟာ မေမေ့ကို တမလွန်ပို့လိုက်လိမ့်မယ်"

"အို...မေမေရယ်"





မျက်ရည်ပေါက်က ပါးပြင်ပေါ်သို့ လိမ့်ကျလာသည်။ [illegible]မေမေ့ကို ဖက်ပြီး ရှိုက်ကြီးတငင်ငိုသည်။

ထိုသည့်အခါတွင် ယောက်ျားတစ်ယောက်၏ သတ္တိနှင့် [illegible]တရားများသည် သူ့ထံပါးမှ ပြေးလွှား ထွက်ခွာကုန်ပြီ[illegible]ပါသည်။

ဪ...ကိုကိုလွင်ဆိုသည့် မနုဿလွန်ကြိုးကို မေမေ[illegible] နွဲ့လေးတင် အပြိုင်ဆွဲကြပါ၏။

နွဲ့လေးတင်သည် လက်လွှတ်အရှုံးပေးလိုက်ရပြီး မေမေ[illegible]ည် အောင်နိုင်သူ ဖြစ်သွားရပါ၏။

သို့အတွက်...

လွန်ကြိုးနှင့်တူသော ကိုကိုလွင်ကို နွဲ့လေးတင်ဆိုသည့် [illegible]မတစ်ယောက်သည် စက်ဆုပ်ရွံရှာသွားတော့မည်ကို သူ [illegible]းသည်လိုက်ပြီး ဖြစ်ပါသည်။

နွဲ့တင်ရယ်..

ခွင့်မလွှတ်ပါနဲ့ နွဲ့တင်ရယ်။

မုန်းတီးမှုတွေနဲ့ နာကြည်းစက်ဆုပ်ရွံရှာလိုက်ပါတော့။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



## [၂၈]

အချိန်တန်လျက်နှင့်မလာ။

ထိန်နေသည်ဟု နွဲ့လေးတင် ထင်ခဲ့၏။

ရက်စွန်းသောအခါ အမေက နွဲ့လေးတင်ကို ချင်းနှ ထန်းလျက်ကျိုပြီး တိုက်သည်။ သို့သော်လည်း နွဲ့လေးတ က မသောက်။

နှစ်လပြည့်ပြီးသည်ထိ သွေးမဆင်းသောအခါ အ မျက်လုံးပြူးလာသည်။ ဘယ်လိုလုပ်မလဲဟူသော အကြည့်မျိုး ဖြင့် နွဲ့လေးတင်ကို ကြည့်၏။

"ကျောင်းကလည်း ခုမှ ဝင်စရှိသေးတယ်၊ သမီးရဲ့ ဂုဏ်သိက္ခာပိုင်းတွေ ထိခိုက်နေမလားကွယ်"





စိုးရိမ်ကြောင့်ကြမှုများ အမေ့ရင်မှာ ကြီးစိုးနေလိမ့်မည်။ ဝမ်းကြာတိုက်မှ ရင်သွေးသည် အမေ့အတွက် ပူလောင် ဖြစ်နေသည်လား။ သို့ဆိုလျှင် နွဲ့လေးတင်အမေ့ကို ရင်ဆိုင် သာရှိ၏။

"အမေဘာကို ဆိုလိုတာလဲ၊ ကျွန်မရင်သွေးကို ဖျက် ချဖို့ဆိုလိုတဲ့ သဘောလား"

အမေ ပျာပျာသလဲ ဖြစ်သွား၏။

"အမေ ဒီလို သဘောမျိုးပြောတာ မဟုတ်ပါဘူး သမီးရယ်၊ အမေဟာ သမီးကို မွေးလာတဲ့ မိခင် ကောင်းတစ်ယောက်ပါ၊ အမေ့ကြောင့်ကျမှုကို ရိုးရိုးသားသား ပြောတာပါ"

"နွဲ့တင်လော်မာလို့ ဖြစ်ထွန်းလာတဲ့ သွေးမဟုတ် ဘူး အမေ၊ နွဲ့တင်လမ်းပေါ်လျှောက်သွားပြီး ပျက် စီးပြီး လင်ကောင်မပေါ်ဘဲ ရတဲ့သွေးမဟုတ်ဘူး၊ နွဲ့တင်ရဲ့ရင်သွေးကို မွေးမယ်၊ ကလေးရဲ့မွေးစာ ရင်းမှာ အဖေအမည်ဟာ ကိုကိုလွင်ပဲ ဖြစ်ရမယ်" ပြောပြီး နွဲ့လေးတင် အံကို တင်းတင်းကြိတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုလွင်ကို နာကြည်းမှုများ ရင်မှာ အပြည့်အဝရှိသော်လည်း ရင်ထဲက ကလေး၏ ဖခင်သည် ကိုကိုလွင်သာ ဖြစ်ရမည်။

"အမေ"

"ပြောလေသမီး"

"နွဲ့တင်တို့ ဒီရပ်ကွက်က ပြောင်းမယ်အမေ၊ သမီး ဒီမှာ ဆက်မနေချင်တော့ဘူး၊ မမှန်တာ မဟုတ်တာ လုပ်ခဲ့လို့တော့ မဟုတ်ဘူး၊ ဒါပေမယ့် သမီး ဒီပတ်ဝန်းကျင်က လူတွေနဲ့ မျက်နှာမဆိုင်ချင်တော့ဘူး"

"ဘယ်ကိုပြောင်းမှာလဲ သမီးရယ်"

"အစွန်အဖျားရပ်ကွက်တစ်ခုပေါ့ အမေ၊ ဒါတွေအားလုံးကို သမီး စီစဉ်ပါ့မယ်"

အမေ ငြိမ်သက်နေ၏။

"ပြောင်းရွှေ့ရင် ပတ်ဝန်းကျင်ကို နှုတ်ဆက်ရုံကလွဲပြီး စကားအတို့အပြန် မလုပ်ပါနဲ့အမေ၊ နွဲ့တင်ရဲ့ဘဝတစ်ခုကို သည်ရပ်ကွက်မှာမြေမြှုပ်သင်္ဂြိုဟ်လိုက်ပြီ၊ နွဲ့တင်ကာလသစ်ကို မျှော်ကြည့် ချိတက်နေချိန်မှာ အတိတ်ဆိုတာ နွဲ့တင်အတွက် ဘာမှ အဓိပ္ပါယ် မရှိတော့ဘူး"





နွဲ့လေးတင် ရေချိုးသနပ်ခါးလိမ်းပြီးသောအခါ အမေက ထမင်းပွဲကို အသင့်ပြင်ဆင်ထားသည်။

နေဝင်ဖြိုးဖျ အချိန်တွင် အမေနှင့်နွဲ့လေးတင် ထမင်းဝိုင်းဖွဲ့သည်။

"ဘဝကို အမေနဲ့ သမီးနှစ်ယောက်တည်း စခဲ့ရတယ်နော်၊ အဖေဆိုတာလည်း သမီး လူမှန်း မသိတတ်ခင်ကတည်းက ဆုံးသွားတာ"

အမေက ခေါင်းညိတ်ပြ၏။

"ခုလည်း နွဲ့တင်နဲ့ အမေနှစ်ယောက်တည်းပါပဲ ဟင်း...ဟင်း"

နွဲ့လေးတင်က သူ့စကားကို သူသဘောကျစွာ ရယ်သည်။ ရယ်ပြီးမှ...

"ဒါပေမယ့်နောက်ဆို သုံးယောက်ဖြစ်လာမှာ အမေ"

"ဘယ်သူများလဲ သမီးရဲ့"

"အမေ မြေးပေါ့၊ အမေ့မြေးလေ၊ နွဲ့တင်ရဲ့ ရင်ထဲက သမီးလေး သို့မဟုတ် သားလေးလေ အမေရဲ့၊ နွဲ့တင်ရဲ့သားနဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်...သမီးရယ်"

အမေ့ မျက်ဝန်းမှ မျက်ရည်တစ်အု ပေါက်ခနဲ ကျသည်၊ နွဲ့လေးတင်က ရယ်မောရင်း အမေ့ကို ကြည့်၏။

"အမေ ငိုနေသလား၊ အမေမျက်ရည်ကျနေသလား၊ ဘဝကို စိန်ခေါ်ပစ်လိုက်စမ်းပါ အမေ၊ ပစ္စည်းမဲ့တွေရဲ့ လက်နက်ဟာ မျက်ရည် မဟုတ်ဘူး၊ ဘဝကို အာခံတဲ့ တော်လှန်တဲ့ စိတ်ဓါတ်ပဲ အမေရဲ့၊ အမေ အားတင်းပစ်လိုက်စမ်းပါ၊ လောကကို မာနမျက်နှာနဲ့ ကြည့်ပစ်လိုက်စမ်းပါ၊ ဟား...ဟား"

နွဲ့လေးတင်၏ အော်ဟစ်ရယ်သံသည် အမေ့ နှလုံးသားသို့ စီးဝင်သွားပါ၏။

ထိုသည့်အခါ အမေသည် မျက်ရည်များကြားမှ တောက်တောက်ပပပြုံးလိုက်သည်။ သမီး၏မာနကို အမေသိပါသည်။

☆ ☆ ☆



**အပိုင်း—၉း**

[အချိန်ကာလများအား ပင်ပန်းကြီးစွာ ဖြတ်သန်းလာခဲ့ကြပြီးနောက်....]

www.burmeseclassic.com

www.burmeseclassic.com



## [၂၉]

"ကိုရဲ အဲသလို ခွဂလန့် မလုပ်နဲ့သိလား"

ဘရဏီ၏ အလိုမကျဟန်ကို ပြုံးကြည့်ပြီး ရဲစိုးလွင်က း‌တောင်းကျိုက်၍ ရေထဲဆင်းသည်။

"ကိုရဲ"

ဘရဏီက စိတ်မရှည်စွာအော်ရင်း လက်ထဲတွင် ကိုင် ားသည့် ရဲစိုးလွင်၏ အနီရောင်ရဲရဲ ကျောပိုးအိတ်ကို မြက် င်းပေါ်သို့ ဘုတ်ခနဲပစ်ချလိုက်သည်။

"ဘာဖြစ်လို့ စွတ်အော်နေတာလဲ"

"ရေထဲမဆင်းပါနဲ့၊ ရေနစ်ရင် ဘယ်နဲ့လုပ်မလဲ၊ မြွေကိုက် ကင်းကိုက်ရင် ဘယ့်နဲ့လုပ်မလဲ"

"ဟ..,ရေထဲမှာ ကင်းရှိမလား၊ မြွေရှိရင်တောင် အင်းလျားလို ရေမျိုးမှာ ရေမြွေပဲ ရှိမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထားပါ..ခု ကိုရဲ ရေထဲဆင်းခူးတဲ့ ဗေဒါပန်းကို ဘယ်သူက ပန်မှာလဲ"

"ဒါနဲ့ ဘရဏီပဲ ပန်းပန်ချင်တယ်ဆို"

"ပန်ချင်တာ တန်ဖိုးရှိတဲ့ ပန်းကို ပန်ချင်တာ၊ ဗေဒါ ပန်းကြီးကို မပန်ချင်ပါဘူး"

"ဗေဒါလည်း ကောင်းပါတယ်"

"မကောင်းပါဘူး၊ တက်...တက်..အပေါ်ပြန်တက်"

ရဲစိုးလွင်က ဗေဒါပန်းကို ခူးဖြစ်အောင် ခူးပြီး ကုန်းပေါ် ပြန်တက်သည်။ ပြီး ဘရဏီ့ဘေးမှာ ခြေပစ်လက်ပစ် ထိုင် ချရင်း...

"အင့်...ပန်လေ"

"ပန်ချင်ပါဘူး"

"ပန်းပဲဟာ"

"သူ့ပန်းကြီးက ဘာ့ပန်းကြီးမှန်းမှ မသိတာ"

"ဗေဒါလေ"

မျက်စောင်းထိုးတော့ ရဲစိုးလွင်က တဟားဟားရယ်၏

"ရယ်မနေနဲ့ ကိုရဲရာ၊ ဒီလိုပဲ နေသွားကြမှာလား"

ရဲစိုးလွင် ပင့်သက်ကို ဖူးကနဲ မှုတ်ထုတ်သည်။





သည် အမေးမျိုးကို ဘရဏီသည် အချိန်ကြာမြင့်စွာက ပင် မေးခဲ့ပါ၏။

"ဘရဏီကလည်းကွာ၊ ကျောင်းလည်းပြီးသေးတာ မဟုတ်ဘူး၊ ဒီအတိုင်း နေမသွားလို့ ဘယ်လို နေမ လဲ၊ ဘာလဲ ဘရဏီက ကိုရဲနဲ့ အတူနေချင်ပြီလား ရတယ်လေ၊ ဘရဏီကတောင် သတ္တိတွေ ပြနိုင် သေးတာ ကိုယ်က ဘာလို့ သတ္တိနည်းနေရ မှာလည်း၊ ညနေအိမ်မပြန်နဲ့ အမေ့အိမ်ကို တစ်ခါ တည်း ခေါ်သွားလိုက်မယ်၊ အမေက ကိုယ့်ကို ခေါင်းခေါက်ရုံကလွဲလို့ အိမ်ပေါ်ကတော့ နှင် မချဘူး"

"ကြည့် သူပြောရင် ခွတိုက်တဲ့ စကားက ပါပြီ"

"ဟောဗျာ၊ ဘရဏီ့ကို ဘယ်လိုစကား ပြောရမလဲ ပြော"

"ဘရဏီပြောတာက ဒီလိုပါ ကိုရဲရာ၊ ကိုရဲနဲ့ ဘရဏီ ချစ်လာခဲ့ကြတာ ပထမနှစ်ကတည်းက ဆိုတော့ သုံးနှစ်သုံးမိုးတောင် ရှိပြီ၊ ခု တတိယနှစ် ထိ ကိုရဲ... ဒက်ဒီနဲ့မာမီ့ကို တစ်ခါလိုက်တွေ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



လား၊ ပြီးတော့ ဘရဏီကို ကိုရဲ မေမေနဲ့ ဆုံပေးဖူး လား ဖြေလေ၊ ဘရဏီ မေးတာကို ဖြေစမ်းပါ”

“နှလုံးသား ကိစ္စဆိုတာ ဘရဏီနဲ့ ကိုယ်တို့ရဲ့ အရေးအခင်းပဲကွာ၊ မိဘဆိုတာ သားသမီးရဲ့ အချစ်ရေး အိမ်ထောင်ရေးမှာ ဒုတိယနေရာကပါ၊ ပြီးတော့ ကိုယ်တို့ ရှေ့တစ်နှစ် ကျောင်း ရှိသေးတာပဲဟာ၊ ကျောင်းပြီးတာနဲ့ ဘရဏီကို မေမေ့ဆီ ခေါ်သွားမှာပါ၊ မေမေက ဘရဏီကို ချစ်မှာပါ”

“အဲဒီ ချစ်မှာပါဆိုတဲ့ စကားလုံးနဲ့တော့ ဘရဏီကို ချွေးမသိပ်နဲ့ ကိုရဲ၊ ကိုရဲ မေမေဆီ ဘရဏီကို ခေါ်မသွားပေမယ့် ဘရဏီကတော့ ကိုရဲကို ဒက်ဒီတို့မာမိတို့နဲ့ တွေ့ဖို့ ခေါ်သွားရမှာပဲ”

“ဟင်”

“မဟင်နဲ့၊ ကိုရဲနဲ့ဘရဏီ ချစ်နေတာကို မာမိနဲ့ ဒက်ဒီကို ပြောပြပြီးပြီ၊ ဒက်ဒီက ခေါ်လာခဲ့တဲ့ ကိုရဲနဲ့ စကား ပြောကြည့်မယ်တဲ့”

“ဟာ...ဒုက္ခပါပဲ၊ ကိုယ် လူကြီးတွေနဲ့ စကား မပြောတတ်ဘူး”





ဘရဏီက မျက်နှာမှုန်မှုန်နှင့်ရဲစိုးလွင်၏ အကျီရင်ဘတ်ဆွဲကိုင်လှုပ်သည်။

“အဲသလို မလုပ်နဲ့၊ ဘရဏီ စိတ်ဆိုးရင် ကိုရဲ ချော မရ ဖြစ်သွားမယ်နော်၊ နောက်နေ့ ဒက်ဒီနဲ့ မာမိကို တွေ့ဖို့ လိုက်ခဲ့ရမယ်”

ဘရဏီနှင့်လမ်းခွဲတော့ လမ်းမှာ မော်ကြီးနှင့်တွေ့သည်။

“နောက်ကနေ အော်ခေါ်နေတာ သုံးကြိမ်သုံးခါ တိတိပဲ၊ မင်း ဘာတွေ တွေးလာတာလဲ”

မော်ကြီးက ရဲစိုးလွင်နှင့် အတွဲဆုံး သူငယ်ချင်း။ ကောင်းတိုင်ပင်၊ ဆိုးတိုင်ပင် ရှိခဲ့သည်။

“အချစ်အကြောင်းပါ”

“လုပ်မနေနဲ့၊ ငါ လက်ဖက်ရည်ကျကျတစ်ခွက် လောက် သိပ် သောက်ချင်နေတယ်၊ အချစ်အကြောင်း ဆက်တွေးချင်ရင်လည်း လက်ဖက်ရည်ဆိုင်ကျမှ ဆက်တွေး”

ဆိုင်ရောက်တော့ ထိုင်နေကျ ထောင့်စားပွဲမှာ ဝင်ထိုင်ပြီး ကြီးက လက်ဖက်ရည်လှမ်းမှာသည်။ ပြီးမှ...

“ငါ မင်းကို မေးမလို့ ကိုရဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

"ဘရဏီကို မင်းအဘွားကြီး မြင်ဖူးလား"

"မမြင်ဖူးသေးဘူး၊ ငါကလည်း တွေ့ဖေးဖို့ မကြိုး စားဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ မေမေ့စိတ်ဓါ ကို ငါအသိဆုံးလေ၊ မေမေက ကျောင်းမပြီးမချင်း ချစ်သူမထားဖို့ တဖွဖွမှာတာ၊ ငါကလည်း နား ထောင်လိုက်တာ၊ ပထမနှစ်ကတည်းက အချစ် တွေ့ရော"

ပြောပြီး ရဲစိုးလွင်က သူ့စကားသူသဘောကျစွာ သည်။

"ဘရဏီ မင်းကို ချစ်တဲ့ အချစ်ကို ငါသိပ်အံ့ဩ တယ်"

"ဘာဖြစ်လို့လဲ၊ ချစ်ကြတာပဲဟာ၊ အံ့ဩစရာအ ကြောင်းဘာမှ မရှိဘူး"

"မဟုတ်ဘူးလေ၊ တည်တည်ငြိမ်ငြိမ် ရှိတဲ့ သူ့စိ ပိုင်းကို ပြောတာ၊ လှမြင့်ဝင်းကြီးနဲ့ သူ့ရည်း ကြည့်ကွာ၊ ပထမနှစ်မှာ ချစ်ကြတယ်၊ နှစ်အလယ် မှာစကားများကြတယ်၊ ဟော...နှစ်လည်းကုန်ရော





ငတိမက နောက်တစ်ကောင်နဲ့တွဲရော၊ ဘရဏီက အဲသလို မဟုတ်ဘူးကွ"

"အဲဒါ ဘာဖြစ်လို့လဲ သိလား"

"ဟော့အေး"

စိုးကရက်တစ်လိပ်ကို ခွက်ထဲမှ နှိုက်ယူပြီးမီးညှိလိုက်၏။

"စကားပုံရှိတယ် မဟုတ်လား၊ အရိုးကွဲအောင်ရိုက် မှ အသည်းစွဲအောင် ကြိုက်တယ်ဆိုတာလေ၊ ဘရဏီကို အဲဒီ စကားပုံအတိုင်း ငါက ကျင့်သုံး တယ်ကွ၊ တစ်ခါ ဘရဏီ ငနဲတစ်ကောင်နဲ့ ကင် တင်းမှာ ထိုင်တာလေ၊ ရိုးရိုးသားသားဆိုတာ ငါ သိတာပေါ့၊ ဒါပေမယ့် ခပ်ကြမ်းကြမ်း လုပ်ပြ လိုက်ရတယ်မောင်၊ အဲဒီတုန်းက နားရင်းတီးထည့် လိုက်တာ သုံးချက်အောက်မှာတော့ ရှိမှာမဟုတ် ဘူး"

"ဟာကွာ..အဲဒါတော့ မင်းက ရက်စက်တာပဲ"

မော်ကြီး ခေါင်းတခါ လည်တခါခါ ဖြစ်နေသည်ကို ည့်ပြီး ရဲစိုးလွင်က ခပ်မြိန်မြိန်ပြုံးရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ရက်စက်တာ မဟုတ်ဘူး၊ ချစ်တာကိုယ့်လူ၊ မိန်းမ ဆိုတာက သူတို့ကို အချစ်သက်သေပြတဲ့အခါမှာ နုနုနွဲ့နွဲ့သွားပြလို့ မရဘူး၊ ခပ်ကြမ်းကြမ်းပြရ တယ်"

"တော်..ဟော့ကောင်၊ ဘရဏီသာ ငါ့နှမဆိုရင် မင်းကို ကြိုက်ရမလားဆိုပြီး သတ်မယ်"

"မင်းကလည်း ဓါးနဲ့အပိုင်းပိုင်း အပြတ်ပြတ် ခုတ် သတ်မယ် ပြောစမ်းပါကွ"

"အိုကွာ...ဘယ်လိုပဲသတ်သတ်၊ သေရင်ပြီးတာပဲ"

"ခွေးကောင်...."

လက်ဖက်ရည်ဆိုင်မှာ တစ်နာရီ နည်းပါးမျှထိုင်ပြီး ကားမှတ်တိုင်ဆီ လျှောက်ခဲ့သည်။ မှတ်တိုင်မှာ ကျောင်းသား ကျောင်းသူတွေနှင့် စည်စည်ကားကား။

"ဘဝများကွာ၊ ကားလေးတစ်စီးတောင် ဝယ်မစီး နိုင်ဘူး"

"ဘရဏီကို ခုယူလိုက်ပါလားကွ၊ တိုက်နဲ့ကားနဲ့ အဆင့်သင့်ပဲ"





"သွားစမ်းပါ၊ ငါက ယောက္ခမတွေရဲ့ စည်းစိမ်ကို အလေးထားတဲ့ကောင် မဟုတ်ဘူး"

"ကြီးကျယ်လိုက်တာ ရဲစိုးလွင်ရာ"

"ကြီးကျယ်တာ မဟုတ်ဘူးကိုယ့်လူ၊ ကိုယ့်ကိုယ် ကို ယုံကြည်ဖို့နဲ့ အားကိုးဖို့ကို မေမေက အမြဲ ဆုံးမ တယ်၊ မေမေ ကိုယ်တိုင်လည်း သူ့ဘဝကို ခြေစုံ ကန်ရုန်းခဲ့ရတာကွ၊ ငါ့ဖေဖေက ငါ့ကို မမွေးခင်က တည်းက ဆုံးသွားတာ၊ ငါ့အဘွားဆိုလည်း မေမေ့ လို မာနမျိုးပဲ"

ကားတစ်စီးထိုးရပ်လာသောအခါ စကားစဖြတ်ပြီး ကားပေါ် အလုအယက် တိုးတက်ကြ၏။

"ရဲစိုးလွင် နေရာရရင် ထိုင်ထားကွ၊ ကောင်မလေး တွေဆိုပြီး နေရာထမပေးနဲ့၊ မင်းကို ကျေးဇူးတင် စကား ပြောမှ မဟုတ်ဘူး၊ နှာဘူးကြီးဆိုပြီး ဝိုင်း ဟားမှာ"

နေရာရတော့ မော်ကြီးပြောသလို'ဖူး'မဖြစ်အောင် သူက ကောင်မလေးတွေကို နေရာထပေးခြင်းမပြု။ ကျောင်းသူ တစ် သိုက်၏ မျက်စောင်းတွေကတော့ သူတို့ဆီ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမဆိုတာ နေရာတိုင်း ဦးစားပေးလို့ကောင်းတာ မဟုတ်ဘူးကွ"

"စေတနာကို စော်ကားတတ်တဲ့အထဲမှာ မိန်းမတွေ ထိပ်ဆုံးကပဲ"

မော်ကြီး၏ ဟောင်ဖွာဖွာ စကားကြောင့် ငတိမများ၏ ထိုးထားသည့် မျက်စောင်းက ပိုပို၍ အားကောင်းနေတော့၏။

☆ ☆ ☆



# ဝေဒနာအရိပ်များ – ၁

www.burmeseclassic.com

www.burmeseclassic.com



[၃၀]

အသက်အရွယ်ကြီးရင့်ခါမှ အတိတ်၏ပုံရိပ်သည် ကျွန်မ၏ အာရုံဝယ် ရုံဖန်ရံခါ ဝင်စားလာတတ်ပါ၏။ ထိုသည့်အခါများတွင် ကျွန်မသည် ဆယ်ကျော်သက်ရွယ် မိန်းမငယ်တစ်ယောက်၏ စိတ်လှုပ်ရှားခြင်းမျိုးကို ကြုံတွေ့ ခံစားရသည်။ စိတ်၏ လှုပ်ရှားမှုများ ဖြစ်ပေါ်တိုင်းသည် ကျွန်မနှင့် ကိုကိုလွင် ရိုက်ထားသည့် ဓါတ်ပုံလေးကို သေတ္တာထဲမှ ထုတ်ယူကြည့်ဖြစ်သည်မှာ ခဏခဏ။

ယင်းအဖြစ်များကို ကျွန်မသည် အမေ့အား ပြောပြရန် ... ရှက်ခဲ့ပါသည်။ ကိုကိုလွင့်ကို နာကြည်းခဲ့မှုများက တစ် ... ဖြစ်သော်လည်း အချစ်ဦးကို ကျွန်မ မမေ့နိုင်ပါ။ မေ့မရ ... သည်မှာလည်း ဘဝခြင်းပြန်လည် ပေါင်းစည်းဖို့အတွက် ... ရခြင်းမျိုး မဟုတ်ပါ။

---

မြတ်မြတ်ချောစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အိပ်ခန်းထဲတွင် ကိုကိုလွင့် ဓါတ်ပုံကို ထုတ်ပြီး အလုပ်ရှုပ်နေစဉ်တွင် ဧည့်ခန်းမှ အမေ့အသံ တဖျစ်တောက်တောက်ကို ကြားရသည်။

"ဟိုကောင် ခုထိ ပြန်မရောက်သေးဘူး၊ ငါပြောတယ် ဒီကောင့်ကို အချိန်နဲ့ ကျောင်းသွားခိုင်း၊ အချိန်နဲ့ကျောင်းက ပြန်လာခိုင်းဆိုတာ၊ ခု ငါးနာရီ ထိုးတော့မယ်၊ ပြန်မရောက်သေးဘူး"

အမေသည် အသက်အရွယ်ကြီးလာသည်နှင့်အမျှ စကားကို စစ်စစ်ပေါက်ပေါက် ပြောတတ်လာသည်။ မြေးဖြစ်သူ အပေါ်ပူပန်ကြောင့်ကြမှုကလည်း အမေ့အတွက် စိတ်ရောဂါလို ဖြစ်နေ၏။

"ပြောတော့ ငါ့ကို နေရာတကာ ပြောတယ်ပြောတယ်နဲ့ပြန်ပက်ကြတယ်၊ ခုကြည့်လေ ပူပန်တာကျတော့ မအေဖြစ်ကဲ့ ဒင်းက မပူပန်ဘူး၊ ဘွားအေက အသက်ကြီးမှ ပူပန်ရနဲ့ ငါသေမှ အေးမှာပါ"

ဓါတ်ပုံကို ကျွန်မ စာအိတ်ကလေးထဲ ပြန်ထည့်ပြီး သိမ်းလိုက်သည်။ ဧည့်ခန်းသို့ ထွက်လာသောအခါ အမေက ကျွန်မကို မျက်စောင်းထိုးသည်။





"အမေရယ်၊ အချိန်တန်တော့ ပြန်လာမှာပေါ့၊ တက္ကသိုလ်ဆိုတာ နွဲ့တင် အုပ်ချုပ်နေတဲ့ ဟိုက်စကူးလို မဟုတ်ဘူး၊ နေရာတကာ ပူပန်ကြောင့်ကြ ရအောင်ကလည်း အမေ့မြေးက ကလေးမှ မဟုတ်တော့တာ"

"ဟဲ့...ငါ့မြေးက ကလေးမဟုတ်လို့ လူကြီး ဖြစ်နေလို့လား"

"သူ့ကိုယ်သူ ထိန်းကျောင်းတတ်ပါတယ်၊ နွဲ့တင် တက္ကသိုလ်တက်တုန်းက အမေ ဒီလောက် မပူပန်ပါဘူး"

ကျွန်မက အမေ့ကို ရယ်ပြီးပြောသည်။

"ညည်းတို့ခေတ်နဲ့ ခုခေတ်က မတူဘူးအေ့၊ ခုခေတ်က ပျက်စီးရာလမ်းကြောင်းတွေများပါဘိနဲ့၊ ငါ့မြေးကလေး လူပေါင်းမှားမှ ရင်ကျိုးရချည်ရဲ့"

"အမေ့မြေး ပျက်စီးချင်မှတော့ ရှစ်တန်း၊ ကိုးတန်းကတည်းက ပျက်စီးနေပြီပေါ့၊ ရှေ့နှစ်ပြီးရင် အမေ့မြေး ဘွဲ့ရတော့မယ်၊ ဒါကို အမေက သူငယ်နှပ်စားအရွယ်လေးထင်နေ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ အေးပါ… ညည်းပြောလိုက်ရင်တော့ ဒီအတိုင်းပဲ"

အမေ မကျေမချမ်းနှင့် မီးဖိုဘက် ဝင်သွားသည်။

အမေ့အသက် ခုနစ်ဆယ်နားကပ်ပြီ ဖြစ်သော်လည်း အမေသည် သန်သန်မာမာရှိတုန်း၊ မျက်စိအားဆိုလျှင်လည်း မျက်မှန်မတပ်ပဲနှင့် အပ်နဖားထိုးနိုင်၏။

အမေ အနားယူသက်သာစေရန်အတွက် ကျွန်မက အိမ်ဖေါ် မိန်းကလေးတစ်ယောက် ရှာမည်ဆိုတော့ အမေက ကန့်ကွက်သည်။

"အပိုကုန်တွေကို မစဉ်းစားပါနဲ့ မိန္ဒဲ့တင်ရယ်၊ ညည်းကို ထိန်းကျောင်းခဲ့ရတုန်းက အဖေါ်ခေါ်ရသလား၊ ပြီးတော့ ငါ့မြေးအတွက် လုပ်ကိုင်ချက်ပြုတ် လှုပ်ရှားနေရတာကိုက ငါ့အတွက် ကျန်းမာတယ်၊ အသက်ရှည်တယ်"

သည်ကတည်းက အမေ့အတွက် အဖေါ်ကို ကျွန်မ မစဉ်းစားတော့၊ ကျွန်မ ကျောင်းကပြန်လျှင် ဈေးဝင်ဝယ်သည်။ အိမ်ရောက်လျှင် အမေနှင့်အတူ ချက်ပြုတ်သည်။

"မေမေ"





"ဟဲ့… လန့်လိုက်တာ"

"မေမေ ဘာတွေ စဉ်းစားနေတာလဲဗျ၊ ကျွန်တော် မေမေ့နားရောက်နေတာ ကြာပြီ"

ကျွန်မ နှုတ်ဖျားမှာ လက်ကလေးကပ်ပြီး သတိပေးသည့် ပုံစံမျိုး လုပ်ပြ၏။

"ဘာလဲ ဘွားဘွား၊ ငွိငွိမ် လုပ်နေပြန်ပြီလား"

"ထုံးစံအတိုင်းပဲပေါ့၊ သားကလည်း ဒီနေ့ ကျောင်းပြန်နောက်ကျသလိုပဲ"

ကျွန်မက စူးစမ်းသလိုနှင့်သားကို မေးသည်။

"သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်နေလို့ မေမေ"

"လက်ဖက်ရည်ဆိုင် ဟုတ်လား"

ယင်းစကားကို ကျွန်မ မပြော။

မီးဖိုခန်းထဲမှ ထွက်လာပြီး မြေးဖြစ်သူကို စေ့စေ့ကြည့်၍ အမေက ပြောလာခြင်း ဖြစ်သည်။

"အိမ်မှာ မစားရ မသောက်ရတော့ မင်းက လက်ဖက်ရည်ဆိုင်ထိုင်ပြီး လက်ဖက်ရည်သောက်ရတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



အမေသည် သူ့မြေး လက်ဖက်ရည်ဆိုင်ထိုင်သည်ကို လုံးဝ မကြိုက်။ သို့သော်လည်း ဟိုက်စကူး ကျောင်းသားအ ကတည်းက သားသည် အပေါင်းအသင်းများနှင့် လက်ဖ ရည်ဆိုင်တတ်ခဲ့၏။

"ဘွားဘွား"

"ဘာတုံး"

"ကျွန်တော် ဒီနေ့ ကျောင်းက သူငယ်ချင်း ကောင် မလေးဆီက ချက်နည်းပြုတ်နည်း စာအုပ်ဖတ်လာ တယ်"

"အဲဒါဘာလုပ်ရမှာလဲ"

"ဘွားဘွားကို ချက်ကျွေးမှာပေါ့ဗျ၊ ရဲစိုးလွင်ရဲ့ အထူးစပယ်ရှယ် လက်ရာလေ"

အမေ့ မျက်နှာ ပြုံးရိပ်သမ်းလာ၏။

သားသည် သည်သို့သည်နှယ် ကျွန်မနှင့် အမေ့ဘအ တွက် ချိုလွင်သော ဆည်းလည်း ဖြစ်ပါသည်။ အဖေကျဉ်သော သားကို ကျွန်မသည် ငယ်စဉ်ကတည်းက ပြုစုယုယ ဂရုစိုက် သည်။ ပြုစုခဲ့သည်ဆိုသော်လည်း သားသည် သူ့ဘွားအေ လက်ပေါ်တွင် ကြီးပြင်းလာခြင်း ဖြစ်ပါ၏။





ကျောင်းတာဝန် တစ်ဖက်နှင့်ဖြစ်နေသော ကျွန်မသည် သား၏ စိတ်ပိုင်းဆိုင်ရာ တိကျပြတ်သားမှုအတွက် ညညများ တွင် ပုံသွင်းရသည်။ ပုံသွင်းသည့်အတိုင်းလည်း သား၏ စိတ်ဓာတ်မာကြောခဲ့ပါ၏။

ကျွန်မသည် သားကို အဖမဲ့ဘဝဖြစ်၍ သိမ်ငယ်အား ငယ်မှာကို စိုးရိမ်ကြောင့်ကျပါသည်။ သို့ကြောင့်လည်း သား အပေါ် လလိုလည်း အေးမြခဲ့သည်။ နေလိုလည်း ပူလောင် ခဲ့သည်။ သူ့ဘဝခရီးရှည်ကို ဖြောင့်ဖြောင့်ဖြူးဖြူး လှမ်း လျှောက်နိုင်လျှင် ကျွန်မ ပြုစု ပျိုးထောင်ရကျိုးနပ်ပါပြီ။

အလင်းရောင်အားနည်းလာသောအခါ သားကို ရေချိုး ခန်း ဝင်ခိုင်းရသည်။ ဖအေလို ဥပမိရုပ်မျိုးရှိသည့် သားသည် ရုပ်ရည်ခါတွင် ဖအေလို ပျောင်းနွဲ့တွေဝေတတ်သော်လည်း များ သောအားဖြင့် ကျွန်မလို စိတ်ဓာတ်မျိုး စိုးမိုးနေတတ်ပါသည်။

"မေမေ"

သားရေချိုးခန်းမှ ထွက်လာ၏။

အနီရောင်မွေးပွ မျက်နှာသုတ်ပဝါကြီးကို သားက သူ့ကိုယ့်ပေါ်မှာ ရစ်ပတ်ထားသည်။

"ဘာလဲသား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်မှာ ချစ်သူရည်းစားရှိတယ်လို့ မေမေ့ ကို ပြောရင် စိတ်ဆိုးမလား မသိဘူး"

ကျွန်မသားမျက်နှာကို မျက်လုံးအဝိုင်းသားနှင့် ကြည့်တော့ သားမျက်နှာ ပြုံးယောင်သမ်းနေသည်။

"သား အဝတ်စားလဲပါဦး၊ ထမင်းစားပါဦး"

ကျွန်မအသံ သွေ့ခြောက်နေသည်မှန်း ကိုယ့်ကိုယ်ကို သိပါသည်။ ဦးနှောက်အသိတွင် သားနှင့်ကျွန်မ နှစ်ကိုယ်ကြား ဆွေးနွေးရတော့မည်ကို အလိုလို နားလည်လိုက်သည်။

ထမင်းဝိုင်းတွင် ကျွန်မသားကို စကားမပြောဖြစ်။

ထမင်းစားရင်းမှ သားက ကျွန်မမျက်နှာကို အကဲခတ်သလို ကြည့်သည်။

ထမင်းစားသောက်ပြီး ဧည့်ခန်းမှာ ခဏတဖြုတ်မျှနေ၍ အမေ ဘုရားခန်း ဝင်သွားသည်။ ကျွန်မက သားစာရေးနေသည့် စားပွဲနားသို့ ဖြည်းညင်းစွာ ထလာခဲ့၏။

"ရေချိုးပြီးတုန်းက ပြောတဲ့စကား မေမေ့ကို ပြောပါဦး"

သားက စာရေးမှုကို ရပ်တန့်သည်။ စာရွက်ဖြူပေါ်[illegible] စာကြောင်းများကို ကျွန်မက ကျောင်းဆရာမ မျက်စိဖြင့် လှ[illegible]





[illegible]ပါးနပ်စွာ ဝေ့ဝဲကြည့်လိုက်သည်။ ရည်းစားစာရေးနေခြင်း [illegible]တော့ မဟုတ်။

"ဘာစကားလဲ မေမေရဲ့"

"အံမာ..မေမေ့ကို မလိမ့်တပတ် မလုပ်နဲ့ကိုရဲ့၊ မင်း မေမေက ကျောင်းသားပေါင်း တစ်ထောင်ကျော်ကို ထိန်းလာတဲ့ ကျောင်းအုပ်ဆရာမကြီး ဆိုတာ မင်း ခေါင်းထဲမှာ ထားဦး"

သားက ရယ်သော်လည်း ကျွန်မ မရယ်နိုင်။

အကယ်၍ သားမှာ ချစ်သူရှိတယ်ဆိုဦးတော့ သားကို [illegible]ပုံရုံကလွဲလို့ ကျွန်မ ဘာတတ်နိုင်မည်နည်း။ သားအရွယ်နှင့် [illegible]သား၏ဝန်းကျင်ကိုတော့ ကျွန်မ နားလည်ထားရမည်။

"ရည်းစားပြဿနာလား"

သားက ပေါ့တီးပေါ့ဆပြောသည်။

ကျွန်မ မျက်နှာထားမှန်နေ၍ သားဟန်ဆောင် ပြောနေ[illegible]သည်လားတော့ ကျွန်မ မသိ။ သားကိုကြည့်ပြီး ဆံပင်ကို [illegible]ဆွဲဆောင့်ပစ်ချင်စိတ်ပင် ပေါ်လာသည်။

"အလကားပါ မေမေ့ကို နောက်တာပါ"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ မင်း မေမေ့ကို နောက်တာ မဟုတ်ဘူး၊ မင်း ဘာစကားပြောချင်လို့ ဘာသိ



www.burmeseclassic.com

www.burmeseclassic.com



လို စကားလမ်းခင်းလာတယ်ဆိုတာ မေမေသိတယ်"

"သိလည်း ပြီးတာပဲ မေမေရာ"

ရင်ထဲမှ ဒေါသက ပေါက်ခနဲ ထွက်လာသည်။ ထိုရိုး ပစ်ချင်စိတ် ပေါက်သော်လည်း မလုပ်ရက်၊ ဖအေနှင့် ရုပ်ဆင် အင်္ဂါတူသော်လည်း မအေဖြစ်သည့် ကျွန်မလို စိတ်ဓာတ် ရှိမှတော့ စကားက ခွဂလန့် ဖြစ်နေပေလိမ့်မည်။

"မေမေ့ကို မှန်မှန်ပြောပါ၊ သားမှာ ချစ်သူ ရှိလား"

"ရှိတယ် မေမေ"

သားကလည်း မကွယ်မဝှက် ဖြေ၏။

"ကျောင်းကပဲလား"

"ဟုတ်တယ်မေမေ၊ ဒါပေမယ့် သားတို့အချစ်ကို ဆင်ကန်းတောတိုး မလုပ်ပါဘူး၊ အတောင်မစုံဘဲ လေဟုန်ကို မနင်းပါဘူး၊ ရည်ရွယ်ချက် ရည်မှန်းချက်တွေကြီးကြီးထားပါတယ် မေမေ"

ကျွန်မ ပင့်သက်ကို ချသည်။

ချဖြစ်သွားသောပင့်သက်သည် 'အမော' ဖြစ်ပါလိမ့်မည်။ ကျွန်မ ဘာတတ်နိုင်ပါအံ့။





သားရဲ့ရင်ထဲက အချစ်ကို ဘယ်လိုတားဆီးလို့ ရပါအံ့။ သားက မဆုတ်မနစ် ပြတ်သားနေမှတော့ ကျွန်မဖက်က ခြေတစ်လှမ်းဆုတ်ရန်သာ ဖြစ်ပါသည်။ သားချစ်သူ ဖြစ်သည့် ကောင်မလေး၏ အမည်နှင့်မိဘကိုတော့ သိထားမှ ဖြစ်ပါမည်။

"သူ့မိဘတွေက ဘယ်သူလဲ သားရဲ့"

"အဲဒါတော့ ကျွန်တော် မသိဘူး၊ မေးလည်း မမေးဘူး"

"ဒါဖြင့် ကောင်မလေး နာမည်ကကော"

"ဘရဏီတဲ့ မေမေ"

သား၏ အသံက တက်ကြွနေသည်။ ကျွန်မ သားမျက်နှာကိုကြည့်လိုက်၏။ အချစ်ကြောင့်ထင်သည်။ သားမျက်နှာ ဝင်းလက်နေ၏။

ကျွန်မ သားကိုခပ်ကြာကြာ စိုက်ကြည့်ဖြစ်သောအခါ အကို ရှက်သည့် အရှက်များဖြင့် သားသည် ခေါင်းကို အသာ ငုံ့သွားသည်။ ကျွန်မရင်ထဲတွင် သားချစ်သူ၏ နာမည်ကိုသာ ရွတ်ဆိုနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားကြီး...ဘုရားကြီး၊ ကျွန်မ သားလေးရဲ့ ချစ်သူ ဘုရားကြီး၊ ကျွန်မ လုံးဝ မမြင်ဖူးသေးသော မိန်းက လေး၏ အမည်သည် ဘုရားကြီးတဲ့ပါလား"

☆ ☆ ☆



ဝေဒနာအရိပ်များ-၂

www.burmeseclassic.com

www.burmeseclassic.com



[၃၁]

ကျွန်တော် ချယ်ရီ့မျက်နှာကို တွေတွေငေးငေး စိုက်ကြည့်
သည်။ ဖျော့တော့ပိန်လှီသော ချယ်ရီ၏လက်ချောင်းလေး
သည် သူမ၏ရင်ညွန့်ပေါ်ဝယ် ခွေတင်လျက် ရှိသည်။

"ကိုကို"

အားအင်လျော့ပါးသောလေသံသည် သူမနှင့်ကျွန်တော်
ကြားလောက်သည်။

ကျွန်တော်က သောက်လက်စ စီးကရက်ကို ပြာခွက်ထဲ
လုံးချေထည့်ပြီး ချယ်ရီ့အနားသို့ လျှောက်ခဲ့သည်။ ဘေး
ခင်စောင်းမှာဝင်ထိုင်ပြီး ချယ်ရီ့ရင်ညွန့်ပေါ်မှလက်
င်းလေးများကို ကြင်နာစွာ ဆုပ်ကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ချယ်ရီဘာစားချင်လဲ၊ ဘာဆန္ဒရှိလဲ ပြောလေ ကိုယ့်ကို ပြောလေ"

"ချယ်ရီ ဘာမှ မစားချင်ပါဘူး ကိုကိုရယ်၊ စား လည်း ဗိုက်က အစာကိုမှ လက်မခံတဲ့ဟာ"

သောကတို့နှင့် ယှက်နွယ်သောပင့်သက်ကို ကျွန်တေ ချလိုက်သည်။ နာတာရှည်ဝေဒနာကို ရက်လရှည်ကြာ ခံစားနေရသောဇနီး၏ ညှိုးလျော်သောမျက်နှာသည် ကျွန်တေ အသည်းနှလုံးကို ဆုပ်ကိုင်ထားသည်။

ဇနီး၏ဝေဒနာကို ကျွန်တော်သည် သမားတော်များ ငွေကုန်ကြေးကျခံ၍ ကုသခဲ့ပြီးဖြစ်သည်။ သို့သော်လည ချယ်ရီ၏ ရောဂါဝေဒနာက မသက်သာ။ အိပ်ရာထဲ ခွေလျ ချယ်ရီသည် လောကကို စိတ်အတွေးနှင့်သာ မှန်းဆကြ ရရှာသည်။

"နှလုံးရောဂါဆိုတာ သူဌေးရောဂါတဲ့ ကိုကို ဒါပေမယ့် ကိုကိုရယ် ချယ်ရီ ဒီရောဂါကြီးကို မခံ စားချင်ပါဘူး"

ကျွန်တော်သည် စကားပြန်မပြောနိုင်ဘဲ ချယ်ရီ၏ကို ကြင်နာသနားသော မျက်ဝန်းနှင့်ကြည့်နေမိသည်။





"ချယ်ရီ့မှာ ဆေးသက်ပဲ ရှိတော့တယ် ထင်ပါတယ် ကိုကိုရယ်"

"မပြောနဲ့လေ၊ ချယ်ရီ ဒီစကားတွေကို မပြောပါနဲ့"

ကျွန်တော် ထိတ်ထိတ်လန့်လန့်နှင့်ပင် ဆေးပုလင်း မျိုးစုံ ဆည့်ထားသည့် မှန်ဘီရိုကြီးကို လှမ်းကြည့်မိသည်။

သမီးကိုမွေးပြီး ချယ်ရီသည် ယင်းရောဂါကို ခံစားရရှိ သာခြင်း ဖြစ်သည်။ သို့ကြောင့်လည်း ကျွန်တော်သည်ချယ်ရီ၏ ရောဂါ ဝေဒနာကို ငဲ့ညှာ၍ သမီးမွေးပြီး သွေးနုသားနု ဖြစ်နေ ချိန်တွင် သူငယ်ချင်းဆရာဝန်နှင့် တိုင်ပင်ကာ ကလေး မရရှိနိုင် အောင် ဖြတ်တောက်ကာကွယ်ခဲ့ပါသည်။ ချယ်ရီကလည်း လိုလိုလားလား သဘောတူ လက်ခံခဲ့ပါ၏။

သို့ကြောင့်လည်း ကျွန်တော်တို့ဘဝတွင် သမီးလေး သည်သာ အိမ့်ဆည်းလည်း ဖြစ်ခဲ့ရသည်။

"သမီး ပြန်မရောက်သေးဘူးလား ကိုကို"

ချယ်ရီသည် ဝေဒနာကြားမှ သမီးလေး 'ဘရဏီ'အတွက် အစိုးရိမ်ကြောင့်ကြကြီးသူ ဖြစ်သည်။

"ပြန်လာမှာပေါ့ ချယ်ရီ၊ ဦးမိုးဖြူ သမီးကို သွားကြို



www.burmeseclassic.com

www.burmeseclassic.com



တယ်လေ"

"ကိုကို"

"ဘာလဲကွယ်"

"သမီးလေးကို ချစ်ပါ၊ ကြင်နာပါနော်"

"ချယ်ရီ ဘာတွေပြောနေတာလဲဟင်၊ ဘရဏီဟာ ကိုယ့်သမီးပဲ၊ ကိုယ့်သွေးပဲ၊ သမီးကို မချစ်လို့ ကိုယ်က ဘယ်သူ့ကို ချစ်ရမှာလဲ"

"ချယ်ရီ သိပ်ဝမ်းသာတာပဲ ကိုကိုရယ်"

ကျွန်တော် ချယ်ရီ့ကို နားမလည်နိုင်သလို ကြည့်မိသည်။ ဝေဒနာကြောင့် ချယ်ရီ့ စကားတွေ အဆီအငေါ် မတည့်တော့ဘူးလား။

ဘရဏီသည် ကျွန်တော်နှင့် ချယ်ရီ၏ တစ်ဦးတည်းသော သမီးဖြစ်သည်။ မိခင်ဖခင်တိုင်းသည် ကိုယ့်သွေးကိုယ့်သားကို ငုံထားမတတ် ချစ်ကြသည်ချည်းလည်း ဖြစ်သည်။ ဒါတွေကို ချယ်ရီ မသိတော့ဘူးလား။

ချယ်ရီကို ဆေးတိုက်ပြီး ကျွန်တော်သူ့အိပ်ခန်းထဲမှ ပြန်ထွက်ခဲ့သည်။

+++++++++++++++++++++++++++++++++++++++





လသာဆောင်သို့ထွက်ပြီး ကျွန်တော်သည် ပြင်ပကို ငေးအောခံစားရင်း ရတနာစိန်ခြယ်နှင့်ပတ်သက်သည့် အကြောင်းအရာများကို ဆွတ်ဆွတ်ပျံ့ပျံ့ တွေးမိသည်။ ထိုသည့်အခါများတွင် နွဲ့တင်သည်လည်းကောင်း၊ မေမေနှင့် ဖေဖေသည်လည်းကောင်း ကျွန်တော့် အတွေးပုံရိပ်ဝယ် ထင်ဟပ်လာကြသည်။

"အင်း...အတိတ်တွေဟာ ကုန်ဆုံးခဲ့ပါပြီ၊ ဒါတွေကို ငါပြန်မတွေးချင်တော့ပါဘူး၊ ဘဝတွေလည်း အမျိုးမျိုး ပြောင်းလဲနေရာပေါ့၊ ငါ့ဘဝမှာတောင် ဖေဖေနဲ့မေမေ မရှိတော့ဘူး၊ အိုး...တကယ်ဆို ဖေဖေနဲ့မေမေဟာ လူ့လောကမှာ နေမယ်ဆို နေလို့ရပါသေးတယ်လေ၊ ကံတရားတွေပါပဲ"

ရွှေရောင်ယွန်းဘူးလေးထဲမှ စီးကရက်တစ်လိပ်ထုတ်ယူပြီး မီးညှိဖွာရှိုက်သည်။ ထိုစဉ် ခြံထဲသို့ဝင်လာသည့် ကားသံကို ကြားရ၏။

"သြော်...သမီး ပြန်လာပြီကိုး"

ဆင်ဝင်အောက်သို့ ကားရပ်သည်နှင့် သမီးသည် အပေါ်ထပ်သို့ အပြေးကလေး တက်လာသည်။

+++++++++++++++++++++++++++++++++++++++



www.burmeseclassic.com

www.burmeseclassic.com



သမီးအသွင်က ပီဘိ ကလေးသဏ္ဌာန်။

သို့သော်လည်း ကလေးဟန်၊ ကလေးသဏ္ဌာန် ရှိနေသော သမီးသည် သူ့တွင် ချစ်သူကြင်သူရှိနေပြီကို ကျွန်တော့်အား တရားဝင် ပြောထားပြီး ဖြစ်ပါသည်။

သူ့မာမီ အိပ်ခန်းသို့ ပြေးလွှားဝင်သွားသော သမီးကို ကြည့်ပြီး ကျွန်တော် ပင့်သက်ချလိုက်သည်။ ပြီး နှေးကွေးသော ခြေလှမ်းများဖြင့် အောက်ထပ်သို့ဆင်းခဲ့၏။

"ဒက်ဒီ"

အောက်ဆုံးလှေခါးထစ်သို့ ရောက်ခါနီးတွင် သမီးခေါ်သံ ကြားသဖြင့် လှည့်ကြည့်သည်။ သမီးဆင်းလာသည်ကို တွေ့ရ၏။

"ဒက်ဒီ ခြံထဲဆင်းမလို့လား"

ကျွန်တော်က သမီးကို ခေါင်းညိတ်ပြလိုက်၏။

"သမီးလည်း လိုက်မယ် ဒက်ဒီ၊ ဒက်ဒီ့ကို သမီး စကားတွေ အများကြီး ပြောစရာရှိတယ် သိလား"

သမီးက ကျွန်တော့် လက်မောင်းကို ခိုတွဲပြီး ခြံထဲသို့ လိုက်ပါလာ၏။ ခြံထောင့် ယုဇနပင်အောက် ခုံတန်းမှာ ထိုင်ကြသည်။





"ဒက်ဒီ"

ခေါ်ပြီး သမီးက သူပြောမည့် စကားအတွက် ရှက်နေ၏။ ကျွန်တော် ပြုံးလိုက်ပါသည်။

သမီး ဘာပြောမည်ကိုလည်း စိတ်က သိနေ၏။

သမီးသည် သူ့ချစ်သူ အကြောင်းပြောတော့မည်ဆိုလျှင် ်နှာကလေးက ရဲရဲနီသွားတတ်သည်။

သည်နေရာတွင် ကျွန်တော်သည် သမီးကို အခွင့်အရေး ရာ ပေးထားခဲ့ပါသည်။ ဖခင်တစ်ယောက်နှင့် သူငယ်ချင်း ်ဆွေလို ဆွေးနွေးခွင့်ရသည်ကိုက သမီးနှလုံးသားအတွက် ကောင်းဆုံးသော အခွင့်အလမ်းများ ဖြစ်ပါ၏။

"သမီး ပြောစရာရှိတာကို ဒက်ဒီကို လွတ်လွတ်လပ်လပ် ပြောပါ"

"ဟို...ဟိုဒင်းလေ၊ ဒက်ဒီ့ကို ကိုရဲအကြောင်း သမီး ပြောထားတယ် မဟုတ်လား"

ကျွန်တော်က ခေါင်းကို အသာညိတ်ပြသည်။

"နက်ဖြန် ရတနာစိန်ခြယ်ကို လာလည်ဖို့ ဖိတ်ခဲ့တယ်၊ ဒက်ဒီနဲ့မာမီ သူ့ကို အကဲခတ်နိုင်အောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"သမီး ချစ်သူကို ဘဝခရီးအတွက် လက်တွဲဖို့ ဆုံးဖြတ်ချက်ချထားပြီးပလား"

"ချပြီးပြီ ဒက်ဒီ"

သမီးက သွက်လက်စွာ ဖြေသည်။

"သမီးမာမီကို အဲဒီအကြောင်းတွေ ထပ်ပြီး ဆွေးနွေးခဲ့သေးလား"

"မာမီကိုလည်း သမီးပြောပြီးပါပြီ ဒက်ဒီ"

"အင်းလေ နက်ဖြန် ညနေစာ ကျွေးမွေးဖို့ စီစဉ်လိုက်ပေါ့"

သမီးမျက်နှာ ဝင်းလက်သွားသည်။

ဖခင်ရှေ့တွင် မည်မျှပင် ဟန်ဆောင်ဆောင် သမီး၏ ထဲက အပျော်ကို ကျွန်တော် ဖောက်ထွင်းမြင်ပါသည်။

သည့်နောက် သမီးသည် ကျွန်တော့် ပါးပြင်ကို ဘယ်ပြ ညာပြန်နမ်းပြီး ကလေးငယ်တစ်ယောက်လို ထံပါးမှ ပြေးထွ သွားပါ၏။

ဪ...သမီးလေးကို ငယ်သေးသည်ဟု ထင်ခဲ့သည်





ယခုမှ သမီးသည် သူ့အစွယ်နှင့်အရွယ်နှင့်၊ သူ့ကြင်သူနှင့် ချစ်သူနှင့် ပါကလား။

အင်း...နက်ဖြန် သမီးရဲ့ ချစ်သူရဲ့စိုးလွင်ဆိုသူကို ကျွန်တော် ရင်ဆိုင်တွေ့ရဦးမှာပါကလား။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

## [၃၂]

ဘရဏီက အကျိုးအကြောင်းအားလုံးကို ပြောပြသည်။ ရဲစိုးလွှင်က အတန်ကြာ ငြိမ်သက်နေပြီးမှ…

"ကြည့်လည်း လုပ်ပါဦး ဘရဏီရယ်၊ ဘရဏီ ဒက်ဒီနဲ့တွေ့ရင် ကိုယ်က ဘာစကားတွေ ပြောရမှာလဲ"

"မြန်မာစကားပဲ ပြောရမှာလေ၊ မြန်မာစကား မပြောလို့ ကိုရဲက ဘာစကား ပြောချင်သေးလို့လဲ"

ဘရဏီ အနည်းငယ် စိတ်တိုသွားပုံ ရပါ၏။

'ညနေ ကိုရဲ ရတနာစိန်ခြယ်ကို လိုက်ခဲ့ရမယ်၊ ဒက်ဒီ မာမီတို့နဲ့တွေ့ဖို့ ဘရဏီအားလုံး စီစဉ်ခဲ့ပြီ' ဆိုစဉ်က ရဲစိုးလွှင် ရင်မှာ လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့ရပါ၏။





"ဘရဏီ လက်နဲ့ရေးခဲ့တာတွေကို ကိုရဲ ခြေနဲ့ ဖျက်မပစ်ပါနဲ့"

"စိတ်မကြီးစမ်းပါနဲ့ ဘရဏီရယ်၊ ကိုယ်ကစကား မပြောတတ် မဆိုတတ်နဲ့ အမှားမှား အယွင်းယွင်းတွေဖြစ်နေမှာစိုးလို့ပါ"

"ဒီမယ် ကိုရဲ၊ ခု ဒက်ဒီတို့နဲ့ ပြောရမယ့် စကားက ရန်စကားလည်း မဟုတ်ဘူး၊ ဘရဏီကို လာတောင်းတဲ့ စကားလည်း မဟုတ်ဘူး၊ ကိုရဲကို တွေ့ချင်မြင်ချင်တဲ့သဘောနဲ့ ဒက်ဒီတို့က ခေါ်ခိုင်းတာ"

"လိုက်ပါ့မယ် ဘရဏီရာ၊ ရန်တွေနေလိုက်တာများ သူစိမ်းတွေကျနေတာပဲ"

"စိတ်တိုအောင် ပြောတာကိုး"

လမ်းကို ဖြတ်အကူးတွင် ဘရဏီက လက်မောင်းကို ...င်းကျပ်စွာ ဆုပ်ကိုင်ထား၏။ ကျောင်းသူ ကျောင်းသား အချို့... မျက်လုံးအကြည့်ရောက်တော့…

"ကြည့်ကုန်ကြပြီ ဘရဏီ"

"မရှက်ပါဘူး၊ မိန်းမကောင်းမှန် တစ်ပွင့်ထဲပန်တဲ့ ဘရဏီ မျက်နှာမများဘူး၊ ပြီးတော့ မလော်မာဘူး၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဆို တစ်ယောက်ပဲ ချစ်မယ်ဆိုတဲ့ အချစ်မာနရှိတယ်၊ ပြီးတော့ ဘရဏီနဲ့ ကိုရဲက ဘဝကို လက်တွဲကြမှာ၊ ဒီတော့ မျက်လုံး အကြည့်တွေကို ဘရဏီဘာမှ ရှက်နေစရာမလို ဘူး၊ ရွံ့နေစရာ မလိုဘူး"

ရဲစိုးလွင် ကျေနပ်စွာ ပြုံးသည်။

ကမ္ဘာတည်သရွေ့ ချစ်နိုင်ဖို့ နှစ်ဦးနှစ်ဖက် ကြိုးစားကြရပါမည်။

☆ ☆ ☆



# ဝေဒနာအရိပ်များ-၃

www.burmeseclassic.com

www.burmeseclassic.com



[၃၃]

ကျွန်တော့် စိတ်တွေ ဘာဖြစ်လို့ လှုပ်ရှားနေရသည်ကို ကျွန်တော့်ကို ကျွန်တော် မသိပါ။ ချယ်ရီကို ဆေးတိုက်ပြီးသောအခါ ဝရန်တာဘက်သို့ ထွက်ကြည့်သေးသည်။

သမီးကျောင်းက ပြန်လာမည်။

ရဲစိုးလွင်ဆိုသည့် ကောင်ကလေးပါလာမည်။

ယင်းကိစ္စကို သမီးသည် မနေ့ကတည်းက ကျွန်တော့်ကို ကြိုတင် ပြောကြားထားပြီး ဖြစ်သည်။ သို့ဖြစ်ပါလျက် ကျွန်တော်သည် ရဲစိုးလွင်ဆိုသည့် ကောင်လေး ပါလာမည့် အရေးအခင်းအတွက် အဘယ်ကြောင့် စိတ်တွေ လှုပ်ရှားနေရပါသနည်း။



www.burmeseclassic.com

www.burmeseclassic.com



"အို...ငါ ဘာဖြစ်နေတာလဲ၊ ငှက်ကလေးတွေ တောင်မှ အတောင်စုံရင် သိုက်မြုံက ခွာကြသေး တာပဲ၊ သဘာဝရဲ့ နိယာမတရားတွေကို ငါနား လည် သဘောပေါက်ရမှာပေါ့၊ မိဘကို လိမ်ညာ ကွယ်ဝှက်ပြီး လုပ်ချင်ရာ စွတ်မလုပ်တာကိုပဲ သမီး ကို ကျေနပ်ရမှာပေါ့"

ကျွန်တော် ချယ်ရီ့ အိပ်ခန်းထဲ ပြန်ဝင်ခဲ့သည်။

ချယ်ရီကို ကုတင်ပေါ်တွင် ထူထူထောင်ထောင် တွေ့ရ၏။

"ချယ်ရီ ဘာစားချင်သေးလဲ၊ ကြက်စွပ်ပြုတ်ကို တော့ ခဏနေမှ သောက်နော်၊ ခြံထဲဆင်းပြီး လမ်း လျှောက်ချင်လား၊ ကိုကို တွဲပို့ပေးမယ်လေ"

ချယ်ရီပြုံးသော်လည်း အပြုံးများက ဟိုးယခင်ကလို မတောက်ပတော့။ ကျွန်တော်၏ လိုက်လျောကြင်နာမှုများဝယ် ချယ်ရီသည် ရံဖန်ရံခါ မျက်ရည်ကျတတ်ပါ၏။ ထိုသည့်အခါ ကျွန်တော်သည် ချယ်ရီကို နားမလည်နိုင်သလို ဖြစ်မိသည်။

ဘာပဲဖြစ်ဖြစ်...

မိဘ သဘောတူ၍ လက်ထပ်ယူခဲ့သည့် ချယ်ရီကို အခု သမီးတစ်ယောက်ရသည်အထိ ကျွန်တော် ဂရုစိုက်ခဲ့သည်။





လင်သားကောင်းတစ်ယောက် ပီသခဲ့သည်။ ယင်းအဖြစ်များ ကို နွဲ့လေးတင်သာ သိခဲ့လျှင်....

အို...ကျွန်တော် ဆက်မတွေးချင်တော့။

မတွေးအပ်တော့။

ယောကျ်ားတစ်ယောက်၏ သတ္တိမာန လျော့ပါးချင်လျော့ ပါးပါစေ၊ နွဲ့တင်က ကျွန်တော့်ကို ဖျက်ဆီးသူဟု နာကြည်းချင် နာကြည်းသွားပါစေ၊ မိဘမျက်ရည်နှင့် အပူမီးကို နှလုံးသား စတေးပြီး မိဘတို့၏ အပူကို ငြိမ်းသတ်ခဲ့ပါသည်။

အတိတ်တွင် ကျွန်တော်သည် လူဆိုးကြီး ဖြစ်ချင်ဖြစ်ပါ လိမ့်မည်။ အနာဂတ်တွင်မူ ကျွန်တော်သည် လူကောင်းဖြစ် အောင် ကြိုးစားပါသည်။

သို့ကြောင့်လည်း သမီး၏ချစ်သူနှင့်ပတ်သက်၍ 'အလွှာ' ကို ကျွန်တော် အလေးမထား။ သမီးအပေါ် ကြင်နာ နိုင်မည် လား၊ မွန်မွန်ရည်ရည်ရှိသည်လား၊ မျိုးရိုးသန့်ရဲ့လား ဆိုသည် လောက်ကိုသာ ကျွန်တော် အကဲခတ်ပါမည်။ လေ့လာပါမည်။

"ခြံထဲကို မဆင်းတော့ပါဘူး ကိုကို၊ သမီးပြန်လာ ပြီလားဆိုတာကိုပဲ ချယ်ရီ တွေးနေတယ်"

ကျွန်တော် နံဘေးမှာ ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော ချယ်ရီသည်လည်း ကျွန်တော့် နည်းတူ စိတ်လှုပ်ရှားမည်ကတော့ အမှန်။

"ကိုကိုလည်း သမီးကို မျှော်နေတာပါ"

"ဩော်..."

ဩော်တစ်လုံးဆိုပြီး ချယ်ရီက ဖွာကျနေသော သူ့ ဆံပင်များကို ဖြီးသင်သည်။ အသက်အရွယ် လေးဆယ့် စွန်းစမျှသာ ရှိသော်လည်း ကျန်းမာရေး ချို့တဲ့မှုများကြောင့် ချယ်ရီခိုင် ရုပ်လက္ခဏာက အိုစာနိုင်လွန်းပါ၏။

ငယ်နုစဉ်က ရှိခဲ့သော အလှအပများသည် ချယ်ရီ့ထံ မှ ပြေးလွှားပျောက်ကွယ်ကုန်ပြီ ဖြစ်သည်။

မငြိမ်မသက်သော စိတ်ကို ဉာဏ်အသိနှင့်ထိန်း ကျွန်တော်ချယ်ရီအခန်းမှ ပြန်ထွက်ခဲ့သည်။ လသာဆော အရောက်တွင် ကျွန်တော့် မျက်လုံးအစုံက ခြံဝဆီသို့ စူးစိုက် ရောက်သွား၏။

"ဩော်... သမီးက ပြန်လာပြီကိုး"

ပေါ်တီကို အောက်သို့ ဘီးလိမ့်ဝင်လာသည့် ရထား ခြယ်ပိုင်ကား၏ ရှေ့ခန်းကို ကျွန်တော် လှမ်းကြည့်သည်။

သမီးအရွယ် ကောင်လေးတစ်ယောက်။





သမီးပြောသည့် သမီး၏ ချစ်သူဆိုတာ ဖြစ်မည်။

အပေါ်ထပ် ဆိုဖာဆက်တီမှာ ပြန်အထိုင်တွင် အပေါ် ထပ်သို့ တက်လာသည့် ခြေသံကို ကြားသည်။

"ဒက်ဒီ"

ကျွန်တော်လှည့်ကြည့်လိုက်၏။

"လာ ကိုရဲ၊ ဒက်ဒီနဲ့မာမီ ရှိတယ်"

ကျွန်တော့်ရှေ့တည့်တည့်မှာ...

သမီးနှင့်ရဲစိုးလွင်ဆိုသည့် ကောင်လေး။

ကျွန်တော့်ကို မြင်တွေ့သောအခါ ရဲစိုးလွင်၏ ခြေလှမ်း များ တန့်သွားသည်။ ရဲစိုးလွင်သည် ကျွန်တော့်ကို မျက်လုံး အဝိုင်းသားနှင့် စိုက်ကြည့်နေပါ၏။

ရဲစိုးလွင်နည်းတူ ကျွန်တော်သည်လည်း သူ့မျက်နှာကို မမိုတ်မသုန် ကြည့်နေမိသည်။

တစ်မျိုးပါပဲ။

ကျွန်တော့် ရင်ထဲမှာ တစ်မျိုးပါပဲ။

ငေးကြောင်ကြည့်နေမိသော ကျွန်တော့် အဖြစ်များသည် အံ့သြဖွယ်ကောင်းလောက်အောင် မှင်တက်သွားသည်။

သည်မျက်နှာ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရှေ့က ရဲစိုးလွင်ဆိုသည့် ကောင်ကလေး၏ မျက်နှာ။

သည်မျက်နှာပေါက်မျိုး။

သည်နှာတံမျိုး။

သည်မျက်ခုံးမျိုး။

ကျွန်တော်သည် နံရံတွင် အခန့်ထည် ချိတ်ဆွဲထားသော ကျွန်းသားမှန်ဘောင်ကြီးထဲမှ ကျွန်တော့် ဓါတ်ပုံကို အထိတ် တလန့် လှမ်းကြည့်မိသည်။

"ဒက်ဒီ၊ သမီးပြောတဲ့ ကိုရဲလေ"

ငြိမ်သက်မှုများကို သမီး၏အသံက ပျက်ပြယ်စေလိုက် သည်။ ကျွန်တော်၏ မိန်းမောတွေဝေမှုများကို သမီးသည် အံ့သြမှုအတိဖြင့် ကြည့်ကောင်းကြည့်နေမည်။ သို့မဟုတ် ကျွန်တော့်မျက်နှာပေါ်မှ ပဟေဠိများကို သမီးသည် ရှာဖွေ ရှာဖွေနေလိမ့်မည်။

"ထိုင်ပါ မောင်ရဲစိုးလွင်၊ ထိုင်ပါ"

စက်ရုပ်တစ်ရုပ်၏ လှုပ်ရှားမှု ပုံသဏ္ဌာန်များလား ကိုယ့်ကိုယ်ကို ဝေခွဲမတတ် ဖြစ်နေရသည်။

ရဲစိုးလွင်က ကျွန်တော်ညွှန်ပြသည့် ဆိုဖာဆက်တီ ကျိုးနွံစွာ ဝင်ထိုင်သည်။





သူ၏မျက်နှာမှ အပြုံးကို ကျွန်တော် မည်သူ့ထံမှာ တွေ့ င်ဖူးပါလိမ့်။ ပင့်သက်ကို ညင်သာစွာ မှုတ်ထုတ်လိုက်ပြီး ကရက် ထည့်ထားသည့် ယွန်းဘူးကလေးကို ရဲစိုးလွင် ရှေ့ မ်းထိုးပေးသည်။

"ကိုရဲက ဆေးလိပ် မသောက်တတ်ဘူး ဒက်ဒီ"

သမီးက စကားကို ဝင့်ကြွားစွာဆို၏။

"ဟုတ်လား... ကောင်းတာပေါ့၊ ခုခေတ် လူငယ် တွေက ဆယ့်သုံးလေးနှစ်ဆိုရင်ပဲ လက်ကြားမှာ စီးကရက် ညှပ်တတ်နေကြပြီကွယ့်၊ မောင်ရဲစိုး လွင်မသောက်တတ်တာ အန်ကယ် အံ့သြတယ်"

စကားဆိုဆဲမှာ ချယ်ရီ အိပ်ခန်းထဲမှ ထွက်လာ၏။

"မာမီ... မာမီ့ကို သမီး ခုလေးတင် ဝင်ခေါ်မလို့"

သမီးက အပြေးကလေးထသွားပြီးမအေကိုဖေးတွဲသည်။ ကျွန်တော့် နံဘေးမှာ ထိုင်စေ၏။

"မာမီ အဲဒါ ကိုရဲလေ"

သမီးအသံက မဝံ့မရဲ။

ချယ်ရီက ရဲစိုးလွင်ကို ခြေဆုံးခေါင်းဆုံးကြည့်သည်။

ရည်မွန်သော...



www.burmeseclassic.com

www.burmeseclassic.com



ဥပမိရုပ်ကောင်းသော..

သိမ်မွေ့ဟန် အနေထားများကိုကြည့်ပြီး ချယ်ရီသည် သမီးအတွက် ကျေနပ်လိမ့်မည်ကို ကျွန်တော် တွေးမိသည်။

"သမီး ခဏခဏပြောလို့ ကိုရဲဆိုတဲ့ နာမည်ကို အန်တီတို့က နားယဉ်ပြီးသားပါ၊ ရတနာ့စိန်ခြယ်ကိုလည်း ဝင်ထွက်သွားလာပေါ့ကွယ်၊ ခုလည်း ညနေစာကို ဒီမှာပဲ စားသွားပါ"

စကားကလေးနည်းနည်းများ ပြောလျှင် အမောဖောက်ချင်လာသည့် ချယ်ရီ့ကို ကျွန်တော်က ညှာတာစွာ ကြည့်လိုက်သည်။ ပြောသင့်ပြောထိုက်၊ မေးသင့်မေးထိုက်လောက်သည့် စကားကိုသာ ပြောပြီး ချယ်ရီ့ကို အိပ်ခန်းထဲသို့ ပြန်ဝင်စေချင်ပြီ။ အိပ်ရာထဲတွင် လဲလျောင်းနေစေချင်ပြီ။

သို့သော်လည်း ချယ်ရီသည် သမီးအတွက် အားတင်းထားသည် ထင်၏။ အမောနှင့်လှိုက်ဖိုနေသည့် သူ့ရင်ဘတ်ကို လက်ကလေးနှင့် ဖိကပ်ထားသည်။

"စီးကရက်သောက်လေ"

ချယ်ရီက ကျွန်တော်ပြုပြီးသော ဧည့်ဝတ်ကို ထပ်မံပြုသည်။





"မောင်ရဲစိုးလွင်က စီးကရက်မသောက်တတ်ဘူး ချယ်ရီရဲ့"

ကျွန်တော်က ကိုယ်စားဝင်ပြော၏။

"ကောင်းတာပေါ့ကွယ်၊ မင်းရဲ့အန်ကယ်များ စီးကရက်ကိုသောက်လိုက်တာ လူပျိုဘဝကတည်းကပဲ"

"စီးကရက်သောက်ဖို့ကို မေမေကလည်း ခွင့်မပြုပါဘူး"

မေမေကလည်းခွင့်မပြုဘူးဆိုတော့ ခွင့်မပြုသူ နောက်တစ်ယောက် ရှိလိမ့်ဦးမည်။ တစ်ခြား စဉ်းစားစရာတော့ မလိုပါ။ သမီးဖြစ်မည်ကို ကျွန်တော် အတပ်သိလိုက်၏။

သမီးသည် ကျွန်တော် စီးကရက် သောက်သည်ကိုပင် သဘောကျ နှစ်သက်သည် မဟုတ်၊ သမီး ငယ်စဉ်ကများဆိုလျှင် ကျွန်တော် စီးကရက်ဖြတ်ရန် ဆိုသည့်ကလေးအတွေးဖြင့် စီးကရက်ဘူးများကို အမှိုက်ပုံးထဲသို့ လွှင့်ပစ်ဖူးသည်။

"ဟိုက်စကူး ကျောင်းသားဘဝက မေမေ မသိအောင် စီးကရက် ခိုးသောက်ဖူးတယ်၊ အဲဒါ မေမေ သိတော့ ကျွန်တော့်လက်ခေါက်ကို ပေတံစောင်းနဲ့ ခေါက်တာ ဆယ်ချက်တိတိပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



စကားအပြောကို သဘောကျစွာဖြင့် ကျွန်တော်ကော ချယ်ရီပါ ရယ်လိုက်၏။

"မေမေက ကျောင်းအုပ်ဆရာမကြီးဆိုတော့ စည်းကမ်း အရမ်းကြီးတယ် အန်ကယ်ရဲ့၊ ကျွန်တော့်မှာ ဖေဖေမရှိတော့ မေမေရဲ့ တင်းကျပ်တဲ့ စည်းကမ်း အောက်မှာနေခဲ့ရတာ"

ကျွန်တော် မျက်မှောင်ကြုတ်လိုက်မိသည်။

"မောင်ရဲစိုးလွင် မေမေက ကျောင်းအုပ်ဆရာမကြီး လား၊ ဘယ်ကျောင်းမှာလဲ"

"အထက်တန်း ကျောင်းအုပ်ဆရာမကြီးပါ အန်ကယ်"

မောင်ရဲစိုးလွင်က မြို့နယ်အမည်ပါ ပြောသည်။

"နာမည် ဘယ်သူများလဲကွယ့်"

"ဒေါ်နွဲ့လေးတင်ပါ"

"ဟင်"

ကျွန်တော့် မျက်လုံးတွေ ပြာဝေသွားသည်လား။

မှုန်နောက်စွာ ဖြစ်သွားသော ဦးခေါင်းကိုထိန်းသိမ်းဆဲမှာ ချယ်ရီက ကျွန်တော့်မျက်နှာကို လှမ်းကြည့်သည်။





အို...မဖြစ်နိုင်ပါဘူး။

လောကမှာ နာမည်တူတွေ အများကြီး...။

ကျွန်တော့်စိတ်ကို ဖြေသည်။ မရ။ ရင်က အလိုလို တင်းကျပ်လာ၏။

"မောင်ရဲစိုးလွင် ဖေဖေက ဆုံးသွားပြီလား၊ နာမည်က ဘယ်သူများပါလိမ့်"

သည်စကားကို ချယ်ရီက ဝင်မေးသည်။

"ကျွန်တော် မမွေးခင်က ဆုံးသွားတယ်လို့ မေမေက ပြောတယ်၊ နာမည်က အန်ကယ့်နာမည်ပါပဲ၊ ဦးကိုကိုလွင်ပါ"

ဘုရား...ဘုရား..။

ကျွန်တော့်ရင်တစ်ခုလုံး ဖြောင်းဆန်သွားပြီ ထင်ပါသည်။ ကျွန်တော်သည် မူးမိုက်လဲကျမသွားအောင် သတိကို ကြိုးစွာ ထားလိုက်ရပါ၏။

ချယ်ရီ့ကို ရီရီဝေဝေနှင့် လှမ်းကြည့်မိသည်။

ချယ်ရီ့မျက်ဝန်းတွင် မျက်ရည်များ ရစ်ဝဲနေသည်ကို တွေ့ပါ၏။ သားရယ်....

ကျွန်တော့်သားရယ်...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်မှာ တီးတိုးသံများ ပဲ့တင်ထပ်နေသည်၊ သားမျက်နှာကိုလည်း တစိမ့်စိမ့်ကြည့်နေမိ၏။

ဟုတ်ပါသည်။

ကျွန်တော့်သားပါ။

ကျွန်တော့်မျက်ခုံး၊ မျက်လုံး၊ မျက်နှာပေါက်မျိုးပါသည့် သား၊ ပြုံးလိုက်တိုင်း သူ့အမေ နွဲ့လေးတင်နှင့် ချွတ်စွပ် တူသွားသည့်သား။

ကျွန်တော် ဘာလုပ်ရပါအံ့။

ဘာကို ဆက်လုပ်ရပါအံ့။

သမီးမျက်နှာကို ဝံ့ဝံ့စားစားကြည့်နိုင်သည့်အင်အား ကျွန်တော်မှာ မရှိတော့။

သမီးခေါ်လာခဲ့သော...

သမီးနှင့်ရည်ငံနေသော..

သမီးချစ်သူသည် သမီးနှင့်ဖအေတူ မအေကွဲ မောင်နှမ တော်စပ်သည်ကို သမီးသာသိလျှင်...

ဘုရား...ဘုရား...ဘုရား ကယ်ပါ။

ဒီမောင်နှမနှစ်ယောက်ကို ဘုရားရှင် စောင့်ရှောက်တော်မူပါ။





ကျွန်တော်သားကို ဘာစကားတွေ ဆက်ပြောရပါအံ့၊ သားရှေ့မှ ကျွန်တော်သည် သား၏ဖေဖေ သူ့မေမေ၏ ခင်ပွန်းဦးကိုကိုလွင်မှန်းသားသိလျှင်...

ကျွန်တော်၏ အကျဉ်းအကျပ်များကို ချယ်ရီသည် ရိပ်စားမိဟန် တူ၏။ ကိုကိုရယ် ရင်ထဲကအောင့်လိုက်တာဟု အကြောင်းပြကာ ထိုင်ရာမှထသည်။ ကျွန်တော်က အလျှင်အမြန် ထပြီး ချယ်ရီကို ဖေးမသည်။

ဧည့်ခန်းတွင် သားနှင့်သမီးနှစ်ယောက်သာကျန်ရစ်၏။

"ကိုကို"

အိပ်ရာပေါ် ကျောချမိသည်နှင့် ချယ်ရီက နွမ်းမောသံလေးနှင့်ခေါ်သည်။ ချယ်ရီ့ပါးပြင်မှာ မျက်ရည်များ စိုစွတ်နေ၏။

"ကိုကိုရယ်၊ အဖြစ်တွေက ရင်မချိစရာပါပဲလား"

ကျွန်တော့်မှာ ပြောရန် စကားမရှိ။

ကျွန်တော့်ရင်ထဲမှာ သောကအင်အားမည်မျှ ကြီးမား နေမည်ကို ချယ်ရီ နားလည်ထားလိမ့်မည်။

"ကိုကိုရယ်၊ သမီးလေး သနားပါတယ်"

"ဟင်း..."

ကျွန်တော့်ပင့်သက်ရှည်ကြီးကို ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးလေး သနားပါတယ်တဲ့။

ဟုတ်ပါတယ်။

သမီးလေး သနားဖို့ကောင်းပါတယ်။

သို့သော်လည်း...

သမီးနှင့်သားကို ကျွန်တော် ခွဲရတော့မည် ဖြစ်ပါ၏။ ကျွန်တော်ဆုံးဖြတ်ချက်ကို ချယ်ရီလည်း ရိပ်စားမိပါလိမ့်မည်။

"ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး ချယ်ရီ"

ချယ်ရီ့ မျက်ဝန်းမှ မျက်ရည်များ ပေါက်ပေါက်ကျ၏။

"သမီးကော သားကော သူတို့ရဲ့အသည်းနှလုံးတွေကို စတေးကြရမှာပဲ၊ သမီးနဲ့သားကို ကိုကို ဘယ်နည်းနဲ့မှ မပေးစားနိုင်ဘူး၊ ကိုကိုတို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေမှာ မောင်နှမချင်း ပြန်ယူတဲ့ ထုံးစံမရှိဘူး၊ ဘယ်နှယ့်ဗျာ ကြားလို့မှ မတော်၊ ဖအေတူ မအေကွဲ သားနဲ့သမီးကို ထိမ်းမြား လက်ထပ်ခွင့်ပြုရမယ်ဆိုရင်..."

"ကိုကိုရယ် သမီးလေးအတွက် ချယ်ရီ ရင်ဖွေ မောနေရပါပြီ"

ချယ်ရီက မျက်လုံးကို စုံမှိတ်ထားလိုက်သည်။





ညှော်ခန်းမှ သားနှင့်သမီးတွတ်ထိုး ပြောနေသည့်စကားသံများက ကျွန်တော့်နှလုံးသားကို မီးကျီခဲနှင့် ထိုးသည့်နှယ် ခံစားရပါသည်။

ထိုနေ့ညနေစာကို...

သားသည် သမီးနှင့်အတူ စားသောက်ပြီး ရတနာစိန်ခြယ်မှ တစ်ယောက်တည်း ထွက်သွားရှာပါသည်။

ဪ...သားရယ်...

သားမေမေ့ကို ရက်စက်လို့ အားမရလို့ သားကိုပါ ဖေဖေ ရက်စက်ရဦးမယ့် အခြေအနေမျိုး ရောက်ရှိနေပါလားကွယ်။

သားရယ်...

လူသားတို့ သဘာဝတရားအရ ဗုဒ္ဓတရားအရ သားနဲ့သမီးဘယ်လိုမှ လက်ထပ်ခွင့် မရှိပါဘူးကွယ်။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

# ဝေဒနာအရိပ်များ-၄

www.burmeseclassic.com

www.burmeseclassic.com



[၃၄]

"ဒါဖြင့် ရတနာစိန်ခြယ်ကို မင်းရောက်ခဲ့တယ်ပေါ့၊ ဘရဏီဟာ ဦးကိုကိုလွင်ရဲ့သမီးပေါ့ ဟုတ်လား"

ကျွန်မအသံ ထန်နေသည်။

သို့သော်လည်း ကျွန်မ ရင်တစ်ခုလုံး လှိုက်တုန်နေပါ၏။ ...ားသည် ကျွန်မရှေ့တွင် ရိုရို့ကျိုးကျိုး ရပ်နေသည်။ နားမ ...ည်နိုင်သော မျက်လုံးအကြည့်ဖြင့်လည်း ကျွန်မကို စူးစူးစိုက် ...က် ကြည့်နေ၏။

"ဟုတ်တယ် မေမေ၊ ကျွန်တော် ရတနာစိန်ခြယ်ကို ရောက်ခဲ့တယ်၊ ညနေစာလည်း စားခဲ့တယ်၊ဘရဏီ ရဲ့ မိဘတွေက အင်မတန် သဘောကောင်းပြီး ဖော်



www.burmeseclassic.com

www.burmeseclassic.com



ရွှေပါတယ် မေမေ၊ ရတနာစိန်ခြယ်ခြ်ကြီးကလည်း အကျယ်ကြီးပဲ၊ ခြ်နောက်ဘက်က နှင်းဆီခင်း ဆိုရင်...”

“တော်..တိတ်စမ်း”

ကျွန်မအဟန့်အတားကြောင့် သားသည် စကား တစ်ပိုင်းတစ်စနှင့် ရပ်တန့်လိုက်သည်။

“မေမေ ဘာဖြစ်လို့ ဒေါသကြီးနေတာလဲ ဟင်”

သားက မဝံ့မရဲ မေးသည်။

ကျွန်မသည် သား၏ အကျီရင်ဘတ်ကို ဆုတ်ဆွဲပြီး ကုလားထိုင်ပေါ်သို့ ခပ်ကြမ်းကြမ်း တွန်းပစ်လိုက်သည်။

အမေကမူ မျက်ရည်စမ်းစမ်းနှင့် ဖြစ်နေ၏။ သို့သော် လည်း သားနှင့်ကျွန်မကြားတွင် အမေသည် လုံးဝ ဝင်မပါ အခြေနေ အရပ်ရပ်ကိုလည်း အမေသိထားပြီး ဖြစ်သည်။

“မရဘူး...မရဘူး၊ မင်း ဘရဏီနဲ့လုံးဝကို မပတ် သက်ရဘူး၊ မင်း ဘရဏီကို ဖြတ်ရမယ်၊ ဘရဏီ နဲ့မင်းကို ငါ လုံးဝ သဘောမတူနိုင်ဘူး”

“ဗျာ”

သားသည် အံ့သြမှုများစွာနှင့် ကျွန်မကို ကြည့်နေသည်။





သား၏အမြင်တွင် ကျွန်မသည် သားအတွက် မိန်းမကြမ်းကြီး ဖြစ်နေပါလိမ့်မည်။

ကျွန်မကို မိန်းမကြမ်းလို့သာ သားထင်ချင်ထင်ပါစေ တော့။ သားနှင့်ဘရဏီ၏ နှလုံးသားအတွက် မိန်းမကြမ်းကြီး ဖြစ်နေပါလိမ့်မည်။

“ကျွန်တော်နားမလည်နိုင်တော့ဘူး မေမေ၊ ဘရဏီ ဟာ လိမ္မာရေးခြားရှိတဲ့ မိန်းကလေးပါ၊ ကျွန်တော့် ကိုလည်း အနွံတာခံပြီး ကြင်နာရှာတာပါ”

“မပြောနဲ့၊ ဒါတွေကို ငါ့ကို မပြောနဲ့”

ဒေါသနှင့်အော်ဟစ်ရင်း ကျွန်မမျက်ဝန်းမှ မျက်ရည် ပေါက်ကြီးများ လိမ့်ဆင်းလာသည်။

ဩော်...ကံတရားရယ်။

ဆန်းကြယ်လှပါဘိ။

သည်ကလေးနှစ်ဦး သည်မောင်နှမနှစ်ယောက်ကို မြား တော်ရှင်အမြင်မှားယွင်းပြီး လေးနှင့်ခွင်းလေရော့လား။

သားနားလည်အောင်..

ကျွန်မအပေါ် အမြင်ကြည်လင်အောင်...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် သားကို မည်သို့ ရှင်းပြရပါအံ့။

သားဘဝတွင် သားဖေဖေကို သေဆုံးပြီဟု ဖာတ်လမ်းပိတ် လုပ်ခဲ့သည်။ ယခု ဘရဏီအဖေ ဦးကိုကိုလွင်သည် သား၏ဖေဖေ ဖြစ်သည်ကို ကျွန်မသားကို ပြောလိုက်လျှင်...

အို...ကျွန်မ ဆက်မတွေးချင်တော့။

ဆက်မတွေးဝံ့တော။

"သားရယ်၊ လူကလေးရယ်"

မျက်ရည်များ တွေတွေကျရင်း ကျွန်မသည် သား၏ ဆံစလေးများကို ပွတ်သပ်လိုက်သည်။ သားကို ကျွန်မ ရင်ခွင်ဝယ်ဆွဲသွင်းဖြစ်သောအခါ သား၏ဆံစများပေါ်သို့ ကျွန်မ၏ မျက်ရည်စက်များ ဖိတ်စင်ကျကုန်သည်။

"မေမေရယ်၊ သားဘရဏီကို သိပ်ချစ်တယ်၊ သားတို့ရဲ့ ချစ်ခြင်းကို မခွဲပါနဲ့၊ မေမေရယ်နော်၊ သားတို့ချစ်ခြင်းကို မခွဲပါနဲ့"

"မဟုတ်ဘူး သားရယ်၊ မဟုတ်ဘူး၊ သား ဘရဏီကို မချစ်ပါနဲ့၊ သားဘရဏီကိုချစ်ဖို့ လူသားအားလုံးက သဘောကျ လက်ခံမှာ မဟုတ်ဘူး"





"ဟင်"

ကျွန်မ စကားကို သားနားလည်နိုင်မည် မဟုတ်။ သားနားလည်နိုင်အောင်လည်း ကျွန်မမှာ ရှင်းပြနိုင်သည့် အင်အားမရှိ။

အေးချမ်းငြိမ်းချမ်းဖွယ်ကောင်းသော ညနေနှောင်းစအချိန်သည် ကျွန်မတို့ မိသားစုအတွက် ပူလောင်ဖွယ်အတိဖြစ်နေ၏။ သား သူ့အိပ်ခန်းထဲသို့ မျက်နှာညှိုးညှိုးနှင့် ဝင်သွားသောအခါ ကျွန်မသည် စိတ်မောနောက်ကျိစွာဖြင့် ပက်လက်ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်မိသည်။

"အမေရယ်၊ ဖြစ်မှ ဖြစ်ရတယ်လို့"

ကျွန်မ မရှိတင်ကဲ အမေ့ကို လှမ်းပြောသည်။

"ငါ့မြေးလေးတော့ ဒုက္ခပါပဲကွယ်"

"ကျွန်မအဖြစ်မှန်ကို ဘယ်လိုလုပ် သားကို ပြောရမလဲ အမေ၊ သူ့အဖေကို သေပြီလို့ ပြောထားတာ၊ ခုမှ တစ်မျိုးပြန်ပြောရင် ကျွန်မ သူ့ကိုလိမ်ထားတယ်လို့ နာကြည်းမှု ဖြစ်သွားလိမ့်မယ်၊ အို... ဘာပဲဖြစ်ဖြစ် မီးကို မလောင်ခင်တော့ တားရမှာပဲ အမေ၊ ရတနာစိန်ခြယ်ကို သားလိုက်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုလွင်ကလည်း သူ့သားမှန်း မသိတော့ဘူးလား၊ သူ့မျက်နှာနဲ့ သားမျက်နှာကို တိုင်းတာ မကြည့်မိဘူးလား”

“အို...သူကလည်း သိချင်သိမှာပေါ့ သမီးရယ်၊ ဘုရား...ဘုရား..ဘုရား..မဖြစ်သင့်တာတွေ မဖြစ်ကြပါစေနဲ့”

အမေသည် စိပ်ပုတီးကိုသာ တွင်တွင် စိပ်သည်။

ညနေစာကို အမေနှင့်ကျွန်မ မိုးချုပ်မှ စားဖြစ်ကြသည်။ သားကမူ သူ့အခန်းထဲမှ ထွက်မလာတော့။

ညဘက်အိပ်ရာဝင်တော့ ကျွန်မအိပ်လို့ မပျော်ပါတော့။ သား၏ ရှေ့ခရီးစဉ်ကို ကျွန်မ မည်သို့ ချမှတ်ရပါအံ့။

ကျွန်မ မြုပ်ကွယ်ခဲ့သော အတိတ်၏ ရုပ်ပုံကားကို သားသည် အစဖေါ်လာသည်လည်း ဖြစ်၏။

ဘာပဲဖြစ်ဖြစ်။

သားသည် ဘရဏီကို မချစ်ရပါဘူး၊ လုံးဝ မချစ်ရပါဘူး၊ ကျွန်မသားသည် ဘရဏီဆိုသည့် ကောင်မလေးကို လုံးဝ အဆက်အသွယ် ဖြတ်တောက်ရမည် ဖြစ်ပါ၏။

☆ ☆ ☆





## [၃၅]

ခံစားရသည့် ဝေဒနာက ရင်မှာကိုယ်စီ။

သောကလှိုင်းဂယက်က ရင်မှာ ငြိမ်သက်ခြင်းမရှိ။ မျက်ရည်ပန်းပွင့်ကလေး တစ်ပွင့်ကြွေကျတော့ ရဲစိုးလွင်က ချစ်သူ၏ လက်ဖျားလေးကို အသာဆုပ်ကိုင်သည်။

“မငိုပါနဲ့ ဘရဏီရယ်”

“ဟင့်...မငိုလို့ ရယ်နေရမှာလားလို့၊ ဒက်ဒီက အစက ပြောထားတုန်းကတော့ အကောင်း၊ အခုတော့ ကိုရဲနဲ့ လုံးဝကို သဘောမတူနိုင်ဘူးတဲ့၊ ဘရဏီတို့ ဘာလုပ်ကြမလဲဟင်”

“မမေကလည်း တစ်မျိုးပဲ ဘရဏီရယ်၊ လူကြီးတွေက ဘယ်လိုလူကြီးတွေမှန်းကို မသိတော့ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ခု ကောင်းပုံကောင်းရက်နဲ့ နောက်နေ့ကျ တစ်မျိုး ဖြစ်ပြန်ရော”

“အင်းလေ...ဘရဏီ ဒက်ဒီ့ကိုအရမ်းစိတ်ဆိုးတာ၊ မာမီက ဘရဏီ ထမင်းမစားဘဲနေတော့ မျက်ရည်ကျတယ်၊ ဒက်ဒီမျက်နှာကတော့ မှုန်နေတာပဲ”

လက်ဖက်ရည်ဆိုင်၏ ထောင့်စားပွဲလေးမှာ ထိုင်ရင်း ရဲစိုးလွင် ပင့်သက်တချချ။ အခြေနေအရပ်ရပ်ကို နားလည်ပို့ သူတို့ဘယ်လိုမှ မစဉ်းစားတတ်တော့။

“ဘရဏီတို့က နယူကြမှာလည်း မဟုတ်ပဲနဲ့ ကိုရဲရယ်နော်၊ ဘွဲ့ယူ မာစတာတက် လုပ်ကြဦးမယ့်ဟာ”

“အင်းလေ”

ရင်မှာ ပူလောင်နေကြ၏။

ပန်းကလေးတို့နှင့် တည်ဆောက်ထားသော အချစ်အိမ်လှလှလေး ပျက်စီးရတော့မည့် အခြေအနေ။

“ကိုရဲရယ်၊ ဘရဏီတို့ စိတ်ကူးနဲ့ဆောက်ထားရတဲ့ ပန်းအိမ်ကလေး ပျက်ပြီထင်ပါရဲ့”





“ပန်းအိမ်ကလေး ဟုတ်လား ဘရဏီ”

“အင်းလေ”

“မေမေက ပြောဖူးတယ်၊ ဘဝကို တည်ဆောက်တဲ့နေရာမှာပန်းလေးတစ်ပွင့်လို နူးနူးညံ့ညံ့ မတည်ဆောက်ရဘူးတဲ့၊ ကျောက်ဆောင်ကျောက်သားလို ကြမ်းကြမ်းတမ်းတမ်း တည်ဆောက်ရမယ်တဲ့၊ ဘဝကို ပန်းအိမ်ကလေးလို လုပပြီး မခိုင်မခန့် တည်ဆောက်မလား၊ ကျောက်ဂူလိုဏ်ဂူလို လှိုင်းဒဏ်လေဒဏ်ခံတဲ့ဘဝမျိုး တည်ဆောက်မလားတဲ့”

“ကိုရဲက ဘယ်လို ဖြေလဲ”

ကိုယ်က မေမေ့စိတ်ဓာတ်နဲ့ သတ္တိကို လုံးဝ အမွေရထားတာပါ၊ ဘဝကို သစ်ငယ်ဝါးငယ်နဲ့ မတည်ဆောက်ချင်ဘူး၊ သစ်ကြီးဝါးကြီးနဲ့ပဲ တည်ဆောက်ချင်တယ်”

ဘရဏီက အားကိုးစွာနှင့်ကြည့်သည်။

“ကိုရဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဘရဏီ ကိုရဲ့နဲ့ မခွဲနိုင်ဘူး"

"ကိုယ်လည်း ဒီလိုပဲလေ"

"မိဘတွေ ကြည်ကြည်လင်လင် ဖြစ်အောင် ဘရဏီတို့ ကြိုးစားမယ်နော်၊ တင်းတင်းမာမာ ဖြစ်ရင်တို့ ဘရဏီတို့ ထွက်ပြေးကြမယ်"

"ဒါ အမှန်တရားပဲ"

လက်ဖက်ရည်ဆိုင်က ထွက်တော့ အချစ်မာနနှင့် သတ္တိတွေ ကြွတက်နေကြသည်။

ညနေဘက်ကျောင်းကို ဒက်ဒီကိုယ်တိုင် လာကြို၏။ ဘရဏီ ခပ်တည်တည်နှင့်ပင် ကားပေါ်တက်ခဲ့ပါ၏။

☆ ☆ ☆



ဝေဒနာအရိပ်များ-၅

www.burmeseclassic.com

www.burmeseclassic.com



[၃၆]

သမီးကိုကြည့်ပြီး ကျွန်တော်၏ ဒေါသများ အထွတ်အထိပ်သို့ ရောက်နေ၏။ သမီးသည် ကျွန်တော့်ရှေ့တွင် ယုန်မလေးသဖွယ် မျက်နှာငယ်လေးနှင့် ဖြစ်နေသည်။

ကျွန်တော်သည် 'တက်'တစ်ချက်ကို ပြင်းပြင်းထန်ထန်ခေါက်လိုက်၏။ ချယ်ရီက ကျွန်တော့်မျက်နှာကို လှမ်းကြည့်သည်။

ချယ်ရီ့မျက်လုံးတွင် ထုံးစံအတိုင်း မျက်ရည်များ အိုင်ထွန်းနေသည်။

"ဘုရားမှာလည်းတွေ့တယ်၊ မိုလ်ချုပ်ဈေးမှာလည်းတွေ့တယ်၊ လမ်းပေါ်မှာလည်း တွေ့တယ်၊ ဒီမယ်မိဘရေ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အသံက ဒေါသကြောင့် ဟိန်းတက်နေ၏၊ သမီးက ခေါင်းငုံ့ထားရာမှ ကျွန်တော့်ကို မော့ကြည့်သည်။

"နင် ရဲစိုးလွင်နဲ့ ဖြတ်မလား၊ မဖြတ်ဘူးလားပြော"

"မဖြတ်ဘူး ဒက်ဒီ၊ ကိုရဲဟာ အပျော်အပါးကင်းတယ်၊ အသောက်အစားကင်းတယ်၊ ပညာတတ်တစ်ယောက်လည်း ဖြစ်တယ်၊ ကိုရဲမှာ ဘာအပြစ်အနာအဆာမှ မရှိဘူး၊ သမီး ကိုရဲကို မဖြတ်နိုင်ဘူး"

ကျွန်တော် သမီးကို အံ့အားသင့်စွာ ကြည့်လိုက်၏။

ကျွန်တော့်ကို အစဉ်ထာဝရ ကျိုးနွံပျပ်ဝပ်သော သမီး။

ကျွန်တော့်ကို နှုတ်လှန် အာမခံဘူးသည့် သမီး။

ယခု ထိုသမီးသည် ကျွန်တော့်ကို ရဲရဲဝံ့ဝံ့ ရင်ဆိုင် မန်ဖြစ်နေချေ၏။ ထိုသည့်အခါ ကျွန်တော့် ဒေါသက ပိုမို ပေါက်ကွဲလာသည်။ သမီးနားသို့ ခြေတစ်လှမ်းတိုးသွားပြီး သမီး၏ပါးကို လက်ပြန်လွှဲရိုက်ချလိုက်၏။

"အို... ကိုကိုရယ်၊ ဘာမှ မသိရှာတဲ့ သမီးကို မရိုက်ပါနဲ့ ကိုကိုရယ်"





ချယ်ရီက ထိုင်ရာမှအားယူထပြီး ကျွန်တော့် လက်မောင်းကို ဆွဲဖက်သည်။ သမီးကမူ ကျွန်တော့်ကို တွေတွေကြီး ကြည့်နေ၏။

"ရိုက်ပါဒက်ဒီ၊ မကျေနပ်သေးရင် သမီးကို အသေသတ်လိုက်ပါ၊ သမီးဘဝမှာ ဘစ်မျက်နှာက နှစ်မျက်နှာ မပြောင်းပါရစေနဲ့ ဒက်ဒီ၊ သမီးကို ကိုရဲနဲ့ သဘောမတူရင် သမီးကိုသမီး သတ်သေမယ်"

ဘုရား...ဘုရား...ကျွန်တော်မျက်လုံးပြူးရပါပြီ။ သမီးရင်ထဲသို့ အချစ်သတ္တိများကို အဘယ်သော အချစ်နတ် ဘုရားသည် လာရောက်အပ်နှင်းသွားပါသနည်း။

တုန်လှုပ်ချောက်ချားမှုများနှင့် ကျွန်တော်သည် ဆိုဖာပေါ်သို့ ခပ်ကြမ်းကြမ်း ထိုင်ချလိုက်သည်။ သမီးကို ကိုင်တွယ်ထိန်းချုပ်လိုက်သည်မှာ ကြမ်းများကြမ်းနေပြီလား။

တကယ်ကျ မကြမ်းလို့ကလည်း မဖြစ်။

သားနှင့်သမီးတို့၏ နှလုံးသားကိစ္စသည် ကြားလို့မှ မတော်၊ ကျော်လို့မှ မကောင်း။ သမီးသည် ကျွန်တော့်ကို လူကြမ်းကြီးအသွင် မြင်ချင်မြင်တော့။ သမီးနှင့်သား၏ နှလုံးသားအရေးကို တံခါးပိတ်ရတော့မည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ကစပြီး ကျွန်တော်သည် သမီးကို သံမဏိစည်းမျဉ်း ထုတ်ပြန်လိုက်၏။

သမီးသည်...

ရှဲစိုးလွင်ကို အဆက်သွယ်ဖြတ်ရမည်။

ရတနာစိန်ခြယ်မှ သမီးသည် ခြေတစ်လက်မှ မခွာရ။

အရက်စက်ဆုံးသော လုပ်ရပ်မှာ ကျွန်တော်သည် သမီးကို ယာယီ ကျောင်းထုတ်လိုက်ခြင်း ဖြစ်ပါ၏။

သမီးကို ကျောင်းထုတ်သည့်နေ့ကစပြီး သမီးအိပ်ရာပေါ်လဲတော့သည်။ ချယ်ရီလည်း ရောဂါတိုးပြီး ဝေဒနာကို အလူးအလဲခံရတော့၏။

မတတ်နိုင်တော့..

သမီး ဘွဲ့မရလည်း ပြဿနာမဟုတ်။

ရတနာစိန်ခြယ်မှ စည်းစိမ်ဥစ္စာရတနာတို့သည် သမီးတစ်သက်မပြောနှင့် ဆယ်သက်စား၍မကုန်။ သမီးကိုကျောင်းမှ မထုတ်လျှင် သမီးသည် သားနှင့် အဆက်သွယ်ပြု တွေ့ဆုံနေမည် ဖြစ်သည်။

သည့်နောက် မိုက်ရူးရဲဝါဒနှင့် သမီးနှင့်သားသည် နေရာဒေသတစ်ခုခုသို့ ထွက်ခွာသွားသော်...။





ကျွန်တော် ဆက်မတွေးဝံ့။

လောင်စပြုနေသော မီးကိုတော့ ကျွန်တော့ ဉာဏ်စွမ်းရှိသ၍ ငြိမ်းသတ်ရမည် ဖြစ်ပါ၏။

ငါးရက်မြောက်နေ့တွင် သမီး၏ ကျန်းမာရေးသည် အရမ်းချို့တဲ့လာသည်။ အာဟာရဖြစ်မည့် အစားအစာများ ကျွေးသော်လည်းမစား၊ တမှိုင်မှိုင်တတွေတွေနှင့် ခွေနေသော သမီးကိုကြည့်ရင်း မချိတင်ကဲ ဖြစ်ရသည်။

သမီးနှင့်သား သူစိမ်းသူ့ရုံသာ ဖြစ်ခဲ့ပါမူ..

သမီး၏ဒုက္ခကို ကျွန်တော်သည် တွေဝေစွာ ကြည့်နေလိမ့်မည်မဟုတ်။ သမီးချစ်သူ ကယ်ပါ သူတောင်းစား ဖြစ်နေလျှင်ပင် ကျွန်တော်သည် ရွှေဘုံရွှေနန်းပေါ်သို့တင်မြှောက်မည် ဖြစ်ပါ၏။

ယခုမူ...

ကျွန်တော် အံကိုကြိတ်ထားရုံမှအပ ဘာမျှမတတ်နိုင်။ သမီးနည်းတူ ချယ်ရီ့ရောဂါလည်းသည်းလာသည်။ ချယ်ရီသည် လသားဆောင်သို့ပင် ထွက်လျှောက်နိုင်သည့် အင်အားမရှိတော့။ ကျွန်တော်ချယ်ရီ့ကို သွားကြည့်တိုင်း ကျွန်တော့်လက်ကို တင်းကျပ်စွာဆုပ်ကိုင်ပြီး ချယ်ရီငိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီတို့ သားအမိ ကျန်းမာရေးအတွက် ကျွန်တော်သည် အကောင်းဆုံးသမားတော်များနှင့် ကုစားသည်။

သမီးအပိုင်းနှင့် ပတ်သက်၍မူ သမားတော်ကြီးက ခေါင်းခါသည်။ ခေါင်းခါသည် ဆိုသည်မှာ သမီးကို ရောဂါကြောင့်လက်လွှတ်အရှုံးပေးရသည့် သဘောမျိုးမဟုတ်။

အားနည်းသည်မှလွဲ၍ သမီးမှာ ဘာရောဂါမှမရှိ။

စတာဝေဒနာကု အခြေခလာသညကြောင့် သမားတောကြီးများက သမီးဆန္ဒမှန်သမျှကို လိုက်လျောရန် တိုက်တွန်းသည်။

အဘယ်သို့ ဖြစ်ပါမည်နည်း။

ကျွန်တော်ဘာတတ်နိုင်ပါမည်နည်း။

ဩော်...အချစ် ရောဂါသည် ကုရာနတ္တိဆေး မရှိပါတကား။

သမီးရယ်....

ဒက်ဒီ့ကို သမီးစိတ်တွေ အရမ်းနာကြည်းနေပြီလား။

အဖြစ်မှန်အားလုံးကိုသာ သမီးသိခဲ့ပါလျှင်...။

☆ ☆ ☆





[၃၇]

ရတနာ့စိန်ခြယ်မှ လူသားအားလုံး လှုပ်လှုပ်ရှားရှားဖြစ်နေကြသည်။ စက်ရုပ်သဖွယ် လှုပ်ရှားနေကြသော်လည်း သူတို့၏ မျက်လုံးမျက်နှာများ ညှိုးလျော်နေကြသည်။ ညှိုးငယ်နေကြသည်။

ကျွန်တော်သည် ချယ်ရီ့ကို စိတ်ကတုန်ကယင်နှင့် ပွေ့ဖက်ထားမိသည်။ ကျွန်တော်ရင်ခွင်တွင် ချယ်ရီသည် မြော့မြော့ကလေးသာ ရှိတော့၏။

"ချယ်...ချယ်ရီရယ်"

စိတ်ကိုထိန်းထားသည့်ကြားမှ မျက်ရည်တစ်ပေါက်ကရန်းထွက်ကျလာ၏။ ချယ်ရီပါးပြင်ပေါ်သို့ စင်လာသောအခါ ချယ်ရီ၏ မျက်တောင်ကလေး လှုပ်ခတ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရတနာစိန်ခြယ်မှ လူသားအားလုံး အသက်ပင် မရှူဝံ့တော့၊ သူတို့အားလုံးသည် ချယ်ရီ့မျက်နှာကို မျှော်လင့်ကြီးစွာ စူးစိုက်ကြည့်နေကြသည်။

"သွားကြစမ်း၊ အ- :သွားကြစမ်း၊ သမီးအနားမှာ ကောဘယ်သူရှိလဲ"

"နန်းမှူးနဲ့ကြေးမှုတို့ ရှိတယ် ကိုကိုလွင်၊ သမီးကို သူတို့ပြုစုနေကြတယ်"

ဦးမိုးဖြူက ဝင်ပြောသည်။

အားလုံးကို ထွက်ခိုင်းပြီး ဦးမိုးဖြူကို အနားမှာ ရှိစေသည်။ ချယ်ရီ၏ အိမ်တော်ပါ ဦးမိုးဖြူသည်လည်း ချယ်ရီ့ကို ကြည့်ပြီး မျက်ရည်များ ဝိုင်းရစ်နေ၏။

"ကို..ကိုကို"

"ဘာလဲ ချယ်ရီ၊ ချယ်ရီ့အနားမှာ ကိုကိုရှိတယ်လေ၊ ကိုကို ရှိပါတယ်"

ကျွန်တော့်အသံ လှိုက်တုန်နေသည်။

ချယ်ရီက မျက်လုံးကို အားယူဖွင့်၏။





ငယ်နုစဉ်ကလို ကြည်လင်ရွှန်းလက်ခြင်း မရှိသော မျက်ဝန်းလှလှသည် အင်အားဆုတ်ယုတ်မှုများဖြင့် မှုန်သီဖျော့တော့နေသည်။

"သ...သမီး...သမီးကောဟင်"

"သမီး ရှိပါတယ် ချယ်ရီ"

"ကိုကိုရယ်၊ သ..သမီးလေးကို ချစ်ပါ၊ ကြင်နာပါ၊ သနားပါနော်၊ ပြီး...ပြီးတော့ သ..သမီးလေးကို"

ချယ်ရီ့အသံတိမ်ဝင်သွား၏။

အမောကြောင့် ချယ်ရီရင်သည် ပိမို၍ လှိုက်ဖိုလာသည်။ ကျွန်တော် ချယ်ရီ့ကို အထိတ်တလန့်နှင့် လှုပ်ယမ်းလိုက်၏။

"ချယ်ရီ...ချယ်ရီ"

ချယ်ရီ သတိ ပြန်လည်ဝင်လာသည်။

"ကိုကို"

"စကားတွေ မပြောပါနဲ့ ချယ်ရီရယ်၊ ချယ်ရီ အရမ်းမောနေပါ့မယ်"

ချယ်ရီ ပြုံးသော်လည်း ပြုံးသည့်အပြုံးက မချိုသောအပြုံး၊ သွေ့ခြောက်သော အပြုံးမှန်း ကျွန်တော်သိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ချယ်ရီ ကိုယ့်ကိုကိုယ် သိပါတယ် ကိုကိုရယ်၊ ချယ်ရီ အားလုံးကို စွန့်ခွာရတော့မှာပါ"

"အို..ချယ်ရီ ဘာတွေ ပြောနေတာလဲကွယ်၊ ချယ်ရီ မသေရဘူး၊ ချယ်ရီ့ရောဂါကို ရတနာ စိန်ခြယ် မှာရှိတဲ့ စည်းစိမ်အားလုံးနဲ့ လဲပစ်မယ်"

ကျွန်တော်သည် သူရူးတစ်ယောက်နှယ် အော်ဟစ်ပြော မိသည်။ ချယ်ရီကမူ ကျွန်တော့် လက်ပေါ်တွင် ယဲ့ယဲ့ကလေး မျှသာ ကျန်တော့၏။

"သ..သမီးကို မောင်ရဲစိုးလွင်နဲ့သဘောတူပါ၊ လက်ခံပါ၊ သမီးကို သူ့ချစ်သူနဲ့ပေးတွေ့ပါ"

"ဟင်"

ကျွန်တော့် ထိတ်လန့်တုန်လှုပ်မှုများသည် အဆုံးအစ မရှိတော့။ ချယ်ရီ့မျက်နှာကိုလည်း နားမလည်နိုင်စွာ ကြည့် နေမိသည်။

"ကို...ကိုကိုရယ်၊ ချယ်ရီကို ခွင့်လွှတ်ပါ"

"ဘာတွေ ပြောနေတာလဲ ချယ်ရီရယ်၊ ကိုကို ဘာမှ နားမလည်နိုင်တော့ဘူး၊ ချယ်ရီ့ကို ခွင့်လွှတ်ရ အောင် ချယ်ရီ့မှာ ဘာအပြစ်ရှိလို့လဲကွယ်"





ချယ်ရီခေါင်းကို အသာခါယမ်းသည်။

နောက်ဆုံးအချိန်၏ ဝေဒနာကို ချယ်ရီသည် ပြင်းပြစွာ ခံစားနေဟန်တူပါသည်။ ကျွန်တော့်လက်ချောင်းများကို အား ကုန် ဖျစ်ညှစ်ပြီး ချယ်ရီ့မျက်နှာလေး မဲ့မဲ့သွား၏။

"ကို..ကိုကို၊ သ...သမီးလေးဟာ ကိုကို့သွေး မဟုတ်ပါဘူး၊ ကိုကို့ သမီးမဟုတ်ပါဘူး၊ ချယ်... ချယ်ရီ့ အချစ်ဦး ဝေ...ဝေလင်းဟန်ရဲ့ သွေးပါ၊ ခွင့်...ခွင့်လွှတ်ပါ ကိုကိုရယ်၊ သ...သမီးလေးကို သနားပါ၊ ကြင်နာပါ၊ သမီးလေးရဲ့ စိတ်ဝေဒနာ ကို ကိုကို ကုစားပေးပါ၊ ချယ်ရီလေ ကိုကို့ကို ကန်... ကန်တော့...ကန်တော့..."

ချယ်ရီသည် စကားကို အဆုံးပင် မသတ်နိုင်ရှာတော့။ ကျွန်တော့်လက်ပေါ်တွင် လက်အုပ်ကလေး တစ်ဝက်တပျက် ချီရင်း ဇက်ကျိုးကျသွားပါသည်။

"ချယ်ရီ...ချယ်ရီ"

ကျွန်တော့်အသံ ဟိန်းတက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် သိရက်နှင့် ချယ်ရီ့ကို လှုပ်ယမ်း နှိုးနေမိသည်။ ဦးမိုးဖြူက ကျွန်တော့်အနားကပ်လာပြီး ကျွန်တော့်ပခုံးစွန်းကို လာဖက်၏။

"ကိုကိုလွင်ရယ်၊ တရားနဲ့ဖြေပါ လူကလေးရယ်၊
သတ္တလောကကြီးမှာ အရာရာတိုင်း မမြဲကြဘူး
ကွယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာရေး
သုံးပါးကို လူကလေး ဆင်ခြင်ပါကွယ်"

တရားပြနေသည့်ကြားမှ သောကမီးများက ကျွန်တော့်ရင်ကို အလျှံတညီးညီး တောက်လောင်နေပါသည်။

ကျွန်တော်သည် ချယ်ရီ့ကို ကုတင်ပေါ်သို့ အသာအယာတင်လိုက်၏။ တစ်ဆက်တည်းပင် ရတနာစိန်ခြယ်၏ လူသားအားလုံး၏ ပြင်းပြစွာ ငိုကြွေးသံကို ကျွန်တော် ကြားလိုက်ရသည်။

ကျွန်တော်သည် ကုတင်ပေါ်တွင် ငြိမ်သက်စွာ လဲလျောင်းနေသော ချယ်ရီ့ရုပ်အလောင်းကို မမိုတ်မသုန် စူး စိုက်ကြည့်လိုက်သည်။





ကျွန်တော်နှင့် လက်မထပ်ခင် သူ့အချစ်ဦးနှင့် မည်သို့ပင် မှားယွင်းခဲ့၊ မှားယွင်းခဲ့၊ ကျွန်တော်နှင့်လက်ထပ်ပြီးသည့်နောက်ပိုင်းတွင် ကျွန်တော်အပေါ်သစ္စာရှိသောဇနီး၊ ကျွန်တော့်ကို ကြင်နာယုယခဲ့သောဇနီး၊ ကျွန်တော့် စိတ်ချမ်းသာမှုကို ဖြည့်စွမ်းပေးခဲ့သောဇနီး၊ ယခုသည် ဇနီးသည် ကျွန်တော်နှင့် သူချစ်သောသမီးလေးကို လုံးဝစွန့်လွှတ် ခွဲခွာသွားပြီ ဖြစ်သည်။

"ချယ်ရီရယ်၊ အပြစ်အားလုံးကို ကိုကို ခွင့်လွှတ်ပါ
တယ်ကွယ်၊ ချယ်ရီ့အပြစ်ဆိုတာကလည်း လော
ကကြီးမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘောတရားတွေ
ပါကွယ်၊ ချယ်ရီ့ကို ခွင့်မလွှတ်နိုင်ရအောင် ကိုကို
ကလည်း ခြောက်ပြစ်ကင်း သဲလဲစင်ခဲ့တဲ့သူမှ
မဟုတ်ပဲ ချယ်ရီရယ်"

ကျွန်တော့်ရင်ထဲမှ လှိုက်မောတက်လာသည့် အသံများကို ချယ်ရီသည် ကြားနိုင်စွမ်းတော့မည် မဟုတ်ပါချေ။

[မောင်သာပြည့်]



BURMESE CLASSIC .com
www.burmeseclassic.com